www.burmeseclassic.com

# ဝေဝေအောင်

# မရက်စက်ပါနဲ့



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံတော်အချက်အခြာ (သို့မဟုတ်) နိုင်ငံတော်ဦးတည်ချက်များ

### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စာမူခွင့်ပြုချက်အမှတ်
၅၀၀၈၃၆၀၇၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၁၁၁၂၀၈၀၈
ထုတ်ဝေသူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း
ပထမအကြိမ် ၂၀၀၈ ခုနှစ် နိုဝင်ဘာလ
အုပ်ရေ ၅၀၀ ၊ တန်ဖိုး (၃၀) ကျပ်

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

အနန္တောအနန္တငါးပါးအပါအဝင် မိဘနှစ်ပါးဖြစ်သူ ဖေဖေနှင့် မေမေအား ရုပ်နဲ့နာမ်တည်မြဲသရွေ့ သန့်ရှင်းစွာ ရှာဖွေရအပ် သောငွေဖြင့် ထောက်ပံ့ကူညီ ကျွေးမွေးပြုစုနိုင်သည့် သမီးကောင်း ရတနာဖြစ်ရပါလို၏။

ဤဝတ္ထု၊ အမည်၊ ဇာတ်လမ်းနှင့် ဝတ္ထုတွင်းပါ ဇာတ်ကောင်များ သည် စာရေးသူ၏ စိတ်ကူးယဉ်မှုသာ ဖြစ်ပါသည်။

မည်သူကိုမျှ မရည်ရွယ်ပါ။

တိုက်ဆိုင်မှုရှိလျှင် ခွင့်လွှတ်ပါ။

**ဝေဝေအောင်**

၁

"အမေ..."

အိမ်ပေါ်ကိုခုန်ပေါက်ပြီးပြေးတက်လာတဲ့ 'ဇာနည်' ကို ကြည့်ကာ အမေ့ဇာခပ်တိုးတိုးလှမ်းမာန်လိုက်ပါသည်။

"ဖြည်းဖြည်းသက်သာလာတာမဟုတ်ဘူး 'ဇာနည်' ရယ် နင့်မမကြီးအိပ်နေတယ်... ကျောင်းကပြန်လာပြီးတည်းကဆော်င်း ကိုက်လို့တဲ့... စာတွေသင်ရတာများလို့နဲ့တူပါတယ်ကွယ်... နိုပ် ပေးရမလားဘာလားမေးကြည့်ပါဦး"

"ဟာ သားလည်းပင်ပန်းလာတာ... အမေ့ကိုပြောစရာရှိ တယ်... ဒီလပတ်စာမေးပွဲမှာလေ သားအဆင့်နှစ်ရတယ်... အမေ



www.burmeseclassic.com

www.burmeseclassic.com



ဘာဝယ်ပေးမှာလဲ”

“ဘာဝယ်ပေးရမှာလဲ… တစ်ရအောင်ကြိုးစားလို့ပဲပြော ရမှာပေါ့… အဓိကက သားမမကြီးတက္ကသိုလ်မှာမျက်နှာမငယ် ရဖို့ပဲမဟုတ်လား… သားကဘာလိုချင်လို့လဲ”

“လိုချင်တာတွေကတော့ ပြောလို့ဘယ်ကုန်နိုင်မှာလဲ”

“လိုအပ်တဲ့အရာဆိုရင်တော့ အမေတို့ဘက်ကဝယ်ပေး ပါ့မယ်ကွယ်… မလိုအပ်ဘဲနဲ့တော့သားက မပူဆာနဲ့ပေါ့… ခုချိန် မှာ အမေတို့အိမ်ရဲ့ဦးစားပေးရမယ့်သူက သားရဲ့မမကြီးဆိုတာ ကိုသားနားလည်ထားရမယ်… မမကြီးဘွဲ့ရရင် အိမ်အတွက်ပြန် ပြီးအထောက်အပံ့ဖြစ်လာမယ်… အဲဒီအချိန်ကျရင် သားလိုချင် တာမှန်သမျှ အမေ့ဆီမှာတောင်ပူဆာစရာမလိုတော့ဘူး… မမကြီး ကိုပူဆာရင် အားလုံးဖြစ်နေပြီ”

‘ဓာနည်’ ခေါင်းကိုသာညိတ်ပြလိုက်သည်။ အမေပြော တာလည်းဟုတ်တာပါပဲ။ သူတို့အိမ်မှာ အရေးကြီးနေတာမမကြီး တစ်ယောက်ပဲရှိပါသည်။

မမကြီးသာဘွဲ့ရသွားရင် အိမ်ရဲ့စီးပွားရေးချောင်လည် ပြည့်စုံလာနိုင်ပါတော့မည်။ လစာကောင်းသောအလုပ်ကလည်း အဆင်သင့်ရှိနေသလို၊ မမကြီးအတွက် အိမ်ထောင်ဘက်ကောင်း





ကလည်း ကြိုစောင့်ကာရှိနေပါပြီ။

မမကြီးဟာ တစ်နေ့ကျရင် သူတို့မိသားစုကိုကယ်တင် မည့်လူစွမ်းကောင်းကြီးမဟုတ်လား။ အဲဒီအတွက် ခုချိန်မှာသူတို့ အားလုံး မမကြီးကိုစိတ်ချမ်းသာအောင်ထားရမည်။

မမကြီးလိုအပ်တာမှန်သမျှ သူတို့အားလုံးဖြည့်ဆည်း ပေးနိုင်ရပါမည်။ အမေ့ကိုဖိနပ်တစ်ရံလောက် ဝယ်ခိုင်းမည်လို့ ကျောင်းကနေစဉ်းစားလာတဲ့ အကြံအစည်ကိုလည်း ဖျောက်ပစ် လိုက်ရတော့သည်။

“ ‘မဖြူပြာ’ ကော…”

“ ‘ဖြူပြာ’ လမ်းထိပ်ကဆေးခန်းမှာ ဆေးသွားဝယ်တယ် စွပ်ပြုတ်လေးလည်း အမေဝယ်ခိုင်းထားလိုက်တယ်… ထမင်းမ စားချင်ရင် သောက်ရအောင်လို့လေ”

“သားတို့ဖို့ကော”

“သြော် သားတို့ကလူကောင်းပဲကွယ်… အမေချက်ထား တဲ့ထမင်းဟင်းပဲစားကြတာပေါ့… ကဲ ကဲ ရေမိုးချိုးတော့”

‘ဓာနည်’ ရေချိုးနေတဲ့အချိန်မှာ ‘ဖြူပြာ’ ပြန်ရောက်လာ ခဲ့ပါသည်။ စွပ်ပြုတ်ထုပ်လေးကိုအမေ့လက်ထဲထည့်ကာ ဝယ် လာတဲ့ဆေးတွေကို မမကြီးသောက်ဖို့အတွက် အဆင်သင့်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



အောင် အခန်းထဲသို့ရေပါခပ်ယူလာခဲ့လိုက်သည်။

မမကြီးကတော့ ကိုယ်ကိုဘေးတစောင်းလှဲကာအိပ်နေပါသည်။ ညနေစောင်းမို့သွေးလေးမှာစိုးပြီး 'ဖြူဖြူ' ကတော့ မအိပ်စေချင်ပါ။ ဒါကြောင့် မမကြီးကိုနှိုးလိုက်မိသည်။

"မမကြီး... ခေါင်းမူးရင်ဆေးသောက်လိုက်နော်... လှဲမနေနဲ့... သွေးလေးပြီးပိုခေါင်းမူးနေမှာစိုးရတယ်... 'ဖြူဖြူ' ဆေးဝယ်လာတယ်"

'ဖြူဖြူ' ပြောတာကိုမကြားဖူးနဲ့တူသည်။ ကိုယ်ကိုလှုပ်ခါရင်း ထပ်နှိုးလိုက်မိပြန်သည်။

"မမကြီး... အိပ်နေတာလား... ဆေးသောက်ရအောင်ထပါဦး... 'ဖြူဖြူ' စွပ်ပြုတ်လည်းဝယ်လာတယ်"

"ဟာ တမင်မထချင်လို့အိပ်နေတာကို ဖွတ်ဘာလို့လာနှိုးနေရတာလဲ... ငါခေါင်းမူးနေတယ်... စကားလာမများစမ်းနဲ့ဟယ်... ဝေးဝေးနေစမ်းပါ"

"မေမေကခေါင်းကြည်ဆေး သောက်လိုက်တဲ့"

"ကျွတ်... ပေး ပေး... ရှုပ်နေတာပဲ"

'ညိုပြာ' သည် အိပ်ချင်နေရဲ့နဲ့ 'ဖြူဖြူ' တစ်ယောက်အနားကနေမခွာဘဲ ပေကတ်နေမှာကိုစိုးတာကြောင့် ဆေးကိုယူ







သောက်လိုက်ရပါသည်။

ဒီနေ့တစ်နေ့လုံး 'ညိုပြာ' မောင်နဲ့အတူကျောင်းလစ်ပြီး ရုပ်ရှင်လည်းကြည့်သည်၊ ပန်းခြံမှာလည်းထိုင်ဖြစ်သည်။ မြို့ထဲလည်းပတ်လိုက်ပါသေးသည်။

ညနေစောင်းအိမ်ကိုပြန်ရောက်တဲ့အချိန်မှာ ပင်ပန်းလွန်းလို့တစ်ကိုယ်လုံး နွမ်းနယ်နေရပါပြီ။ အမေကတော့ စာသင်ရလို့ ပင်ပန်းပြီးခေါင်းတွေကိုက်တယ်လို့ထင်နေတာပါ။

'ညိုပြာ' ကတော့ လမ်းများလွန်းလို့ မူးသွားရတာဖြစ်သည်။ အိပ်နေရင်းနဲ့ မောင်နဲ့ပျော်ခဲ့တဲ့အကြောင်းတွေကိုစဉ်းစားရင်း စိတ်ကူးတွေလည်းယဉ်နေမိသေးသည်။

'ဖြူဖြူ' ရောက်လာတာကြောင့် ယဉ်နေတဲ့စိတ်ကူးလည်းပျက်ရသလို၊ အိပ်ချင်နေတဲ့စိတ်လည်းပျောက်သွားခဲ့ရပါသည်။ ဒီကလေးမ တော်တော်ကိုအလိုက်ကန်းဆိုးမသိပါလား။

"မမအတွက် စွပ်ပြုတ်ဝယ်လာခဲ့သေးတယ်... ထမင်းမစားချင်ရင် စားရအောင်လေ"

"ဟုတ်လား... အတော်ပဲ ငါလည်းထမင်းမစားချင်တာနဲ့ပြီးမှစားမယ်... အခုနင်အားလား"

"အားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



'ဖြူဖြာ' နတ်ကအားပါတယ်လို့ပြောလိုက်မိပေမယ့် စိတ်ထဲကတော့ နားချင်နေရပါပြီ။ ကျောင်းက ပြန်လာတည်းက ကျောင်းဝတ်စုံကိုယ်တောင်မလဲရသေးဘဲ အမေခိုင်းတာကိုအရင် လုပ်ပေးနေမိတာဖြစ်သည်။

အပြင်ကနေခပ်မြန်မြန်ပြန်လာခဲ့ရတာမို့ 'ဖြူဖြာ' တစ်ကိုယ်လုံးချွေးတွေထွက်ပြီး ချွေးနံ့တွေ ောင်နံ့နေပါပြီ။ ဖြစ်နိုင်ရင်ရေမြန်မြန်ပြေးချိုးလိုက်ချင်သည်။

မမကြီးကိုလည်း မလွန်ဆန်ရဲပါ။

"အားတယ်ဆိုရင် ငါ့ကိုနှိပ်ပေးစမ်းပါ 'ဖြူဖြာ' ရယ်... ကျောင်းမှာကျူတိုရီယယ်ဖြေရတာ ခေါင်းကိုကိုက်နေတာပဲ... ဆရာမခိုင်းတဲ့ကိစ္စတွေကိုလည်း လုပ်ပေးနေရတာခြေထောက်ကို ညောင်းရောပဲ"

"မမတစ်ယောက်တည်း လု ်ရတာလား"

"တစ်ယောက်တည်းတော့လည်း ဘယ်ဟုတ်ပါ့မလဲ.... ဒါပေမဲ့ငါကအတန်းထဲမှာ ECဆိုတော့ အစစအရာရာငါမပါရင် မပြီးဘူးလေ... ဆရာတွေကလည်းငါ့ကိုပဲယုံတယ်"

"အင်းလေ... မမကစာတော်တာကိုး"

'ဖြူဖြာ' စကားကိုနားထောင်ပြီး 'ညိုပြာ' ခေါင်းကိုညိတ်





ပြလိုက်မိသည်။ Physicsမေဂျာနဲ့ 'ညိုပြာ' ကဒုတိယနှစ်တက်နေတာဖြစ်သည်။ ရိုးရိုးမေဂျာလောက်ကလေးကို တခြားသူတွေက အထင်မကြီးပေမယ့် 'ညိုပြာ' တို့အိမ်ကလူတွေကတော့ အထင်ကြီးကြလေသည်။

သမီးအကြီးဆုံးမို့ အားကိုးတာလည်းပါသလို၊ ဆယ်တန်းကိုနှစ်ချင်းပေါက်အောင်မြင်သွားခဲ့တဲ့အတွက် အထင်ကြီးတာလည်းပါပါလိမ့်မည်။

ပြီးတော့ 'ညိုပြာ' ရဲ့ရှေ့ဖြစ်လာမယ့် အနာဂတ်အရေးကိုကြိုတွေးမြင်ပြီး အမေတို့စိတ်ကူးနဲ့ပိုရူးကာ အထင်တွေပိုကြီးနေတာလည်းဖြစ်နိုင်ပါသည်။

'ညိုပြာ' ကတော့ ဘယ်သူတွေဘယ်လိုပဲစိတ်ကူးတွေယဉ်နေယဉ်နေ ကိုယ့်စိတ်ချမ်းသာမယ့်အရေးကိုပဲ ဦးစားပေးဖို့ဆုံးဖြတ်ထားပါသည်။

ကိုယ့်ဘဝရဲ့အိမ်ထောင်ရေးကို ကိုယ့်ဆုံးဖြတ်ချက်နဲ့ ကိုယ်ပဲရပ်တည်ချင်သည်။ ဘဝကိုတကယ်တမ်းရင်ဆိုင်ဖြတ်သန်းရမှာက 'ညိုပြာ' ပဲဆိုတော့ ကျန်တဲ့သူတွေရဲ့အာဆောင်တွေ သဘောထားတွေကို ဂရုမစိုက်ချင်တော့ပါ။

ဒါပေမဲ့ မိသားစုရဲ့အရိပ်ကိုခိုနေရသေးတာဆိုတော့ ဒီ



www.burmeseclassic.com

www.burmeseclassic.com



မိသားစုရဲ့စကားကိုတော့ နားထောင်ဖို့လိုသေးသည်မဟုတ်လား။ ပြီးတော့ ဒီအိမ်မှာကိုယ်ကသြဇာညောင်းတဲ့သူတစ်ယောက်ဖြစ်နေတဲ့အတွက် ကိုယ်ဘာပဲပြောပြော ငြင်းဆန်မယ့်သူမရှိတာကလည်း စိတ်ချမ်းသာဖို့ကောင်းနေရပြန်သေးသည်။

အမေတို့စိတ်ကူးကလည်း ကျောင်းပြီးမှဆိုတော့ကျောင်းမပြီးခင်အထိ 'ညိုပြာ' ဗိုလ်ကျလို့ရနိုင်ပါသေးသည်။ မောင့်ဘက်ကလည်း ကျောင်းပြီးလောက်မှ လက်ထပ်ဖို့ကိစ္စကိုစီစဉ်မယ်လို့ဆိုတဲ့အတွက် 'ညိုပြာ' က အိမ်ကစကားတွေကို ဖွင့်ငြင်းမနေတော့ဘဲ မသိချင်ဟန်သာဆောင်ပေးနေလိုက်သည်။

အမေတို့စိတ်ထဲမှာတော့ မငြင်းမဆန်ဘဲခေါင်းညိတ်နေတဲ့ 'ညိုပြာ' ကိုသမီးအလိမ္မာလေးလို့ ထင်နေကြမှာမလွဲပါ။ တစ်နေ့ကျရင်သာ 'ညိုပြာ' ဖြစ်ချင်တဲ့ဆန္ဒကို အမေတို့လက်ခံသဘောတူပေးပါလို့ပဲ ကျိတ်ပြီးဆုတောင်းနေရတဲ့အဖြစ်ပါ။

'ဖြူပြာ' ကိုငဲ့ကြည့်လိုက်တော့ နှိပ်နေရင်းတန်းလန်းအိပ်ငိုက်နေလေသည်။

"ဟဲ့ 'ဖြူပြာ'... နင်ကနိုင်းလို့သာလုပ်ပေးနေရတာ စေတနာမှမပါဘဲ... အိပ်ငိုက်နေတယ်... ရွှစိရွှစိနဲ့ဘယ်လိုမှကိုအညောင်းမပြေတော့ပါဘူး... သွား သွား ရတယ်... မလုပ်နဲ့တော့





ငါကဘာပဲလုပ်လုပ် စေတနာပါမှကြိုက်တယ်... ညီမဖြစ်ပြီးအစ်မကို စေတနာလုံးဝမရှိဘူး"

မမကြီးအော်သံကိုကြားမှ 'ဖြူပြာ' မျက်လုံးကပြန်ကျယ်လာခဲ့ရသည်။ လူကငြိမ်နေရတဲ့အတွက် အလိုလိုကိုအိပ်ချင်လာခဲ့ရတော့တာပါ။

ကျောင်းတက်ထားလို့ ပင်ပန်းနေတာလည်းပါသေးသည်။ မျက်လုံးကိုပြန်ပြူးရင်းခပ်နာနာလေးဖိနှိပ်ပေးနေမိ၏။

"ရတယ် သွားတော့... မနှိပ်နဲ့တော့... ငါမညောင်းတော့ဘူး"

"ရပါတယ်... 'ဖြူပြာ' နှိပ်ပေးပါ့မယ်"

"နေ နေ... နင့်အနားကချွေးနံ့တွေလည်းတအားနံတာပဲ နင်အနားကပ်မှ ခေါင်းကပိုတောင်မူးလာသေးတယ်... ရေချိုးရင်ချိုးလိုက်တော့... ညကျမှပဲ စာကျက်ရင်း ငါ့ကိုလာပြန်နှိပ်ပေးတော့ ကြားလား"

"ဟုတ်ကဲ့"

မျက်လုံးကိုပွတ်သပ်ရင်း 'ဖြူပြာ' အခန်းထဲကနေပြန်ထွက်လာခဲ့လိုက်ပါသည်။ ရေအမြန်ချိုးရပါမည်။ ရေချိုးပြီးရင်အမေနဲ့အတူမီးဖိုချောင်ကိစ္စတွေကူလုပ်ပေးရမည်။



www.burmeseclassic.com

ညကျရင်လည်း စာကျက်ရင်းနဲ့ အဝတ်အစားတွေမီးပူတိုက်ပေးရမည်။ မမကြီးကိုလည်း နှိပ်ပေးရဦးမည်။ ကိုယ့်အတွေးနဲ့ကိုယ်ရေချိုးဖို့ပြင်နေသော 'မြူပြာ' အနားသို့ 'ဇာနည်' ရောက်လာခဲ့လေသည်။

"မမကြီး နိုးပြီလား"

"နိုးနေပြီ... ဘာလုပ်မလို့လဲ"

"'ကိုညီ' တို့အိမ်ကအားရင်လာခဲ့ပါဦးတဲ့... အဲ့ဒါသွားပြောမလို့"

"ခုချက်ချင်းတော့ မသွားနိုင်သေးဘူးနဲ့တူတယ်... ခြေထောက်တွေညောင်းနေတယ်တဲ့... ငါ့ကိုတောင်နှိပ်ခိုင်းလိုက်သေးတယ်"

"သွားတော့ ပြောလိုက်မယ်"

အမေကိုယ်တိုင်က သေချာသွားပြောလိုက်ဦးဆိုလို့ 'ဇာနည်' ရောက်လာခဲ့ရခြင်းဖြစ်သည်။ 'ကိုညီ' နဲ့ပတ်သက်ရင်စိတ်မပါသလိုအမြဲရှိတတ်တဲ့ မမကြီးကိုတော့လန့်လှသည်။

'ကိုညီ' တို့မိသားစုကတော့ 'ညီပြာ' ဆိုတဲ့မမကြီးကိုတအားချစ်နေကြသည်။ ငယ်ငယ်တည်းက ထိန်းကျောင်းလာခဲ့တဲ့အတွက် ငယ်သံယောဇဉ်ရှိကြတာလည်းပါပါလိမ့်မည်။





မမကြီးကတော့ ကိုယ်နဲ့နောက်ပိုင်းမိသားစုလိုပတ်သက်ရမယ့်သူတွေဖြစ်ပေမယ့်လည်း ဘယ်တော့မှအကောင်းမမြင်တတ်ပေ။

အလိုရှိလို့ငါ့ကိုဖားနေတယ်လို့သာ အမြဲလိုလိုပြောတတ်လေသည်။ 'ဇာနည်' တို့အဖို့ကတော့ 'ကိုညီ' တို့မိသားစုတစ်စုလုံးကို အားကိုးခင်မင်ပါသည်။

'ကိုညီ' တို့မိသားစုသည် 'ဇာနည်' တို့မိသားစုတစ်စုလုံးရဲ့ကျေးဇူးရှင်ဆိုလည်း မမှားပါ။ 'ကိုညီ' တို့ကျေးဇူးကြောင့် အမေအလုပ်ကောင်းကောင်းတစ်ခုရသလို၊ မမကြီးရဲ့ဘဝသည်လည်းကောင်းစားဖို့ဖြစ်လာရတော့မည်မဟုတ်လား။

အိမ်ရဲ့လိုအပ်ချက်မှန်သမျှသည် 'ကိုညီ' တို့အိမ်ကနေရနေသော စေတနာမေတ္တာတွေ၊ ငွေကြေးတွေနဲ့ပြည့်စုံနေခဲ့ရတာဖြစ်သည်။

အဲ့ဒီအတွက် 'ကိုညီ' တို့တစ်မိသားစုလုံးကို 'ဇာနည်' တို့ကချစ်ခင်လေးစားခဲ့ကြသည်။ မမကြီးတစ်ယောက်ကလွဲလို့ပေါ့နော်။

မမကြီးကလည်း ကွယ်ရာမှာသာ ပြောချင်တာပြောတတ်ပြီး ရှေ့တင်ကျရင်တော့ သူ့လောက်အလိုက်သိတတ်သော



www.burmeseclassic.com

www.burmeseclassic.com



လူမျိုးရှိမည်မထင်ပါ။

အင်းပေါ့လေ၊ သူ့ဒီလိုဆက်ဆံရေးတွေကောင်းခဲ့လို့လည်း 'အန်တီဖြူ' က မမကြီးကိုချွေးမတော်ဖို့တဖွဖွတောင်းဆိုနေခဲ့တာဖြစ်ပါလိမ့်မည်။

'ဇာနည်' တို့တစ်မိသားစုလုံးကတော့ သဘောကောင်းသော 'ကိုညီ' နဲ့ မမကြီးကိုသဘောတူကြလေသည်။ 'ကိုညီ' ကိုလည်းအစ်ကိုရင်းတစ်ယောက်လိုချစ်နိုင်ကြသည်။ မမကြီးကတော့ 'ကိုညီ' နဲ့ပတ်သက်ရင် အေးတိအေးစက်ပုံစံမျိုးဖြစ်သည်။

လူတစ်ယောက်ရဲ့အတွင်းစိတ်ကို မမြင်နိုင်တော့လည်း 'ဇာနည်' ဘက်က သိပ်ပြီးမဝေဖန်ချင်ပါဘူး။ မမကြီးဘက်က 'ကိုညီ' နဲ့ကိစ္စကိုငြင်းမငြင်းထားတာပဲ။

မငြင်းဘူးဆိုတည်းက သူချစ်နိုင်လို့ပဲဖြစ်ရမှာပေါ့လေ။ အခန်းထဲဝင်လာတဲ့ 'ဇာနည်' ကိုမြင်တော့ မမကြီးက မေးဆတ်ကာမေးလာသည်။

"ဘာလဲ... 'ဖြူပြာ' လွှတ်လိုက်လို့လာတာလား"

"မဟုတ်ပါဘူး... ပြောစရာရှိလို့"

"ဘာပြောမှာလဲ"

"'အန်တီဖြူ' က မမကြီးအားရင် သူတို့အိမ်ကိုခဏလာ





ခဲ့ပါဦးတဲ့... ကျွန်တော်ကျောင်းကပြန်လာတုန်းက မှာလိုက်တာ"

"ဟာ ရှုပ်လိုက်တာ... တစ်ပတ်တစ်ခါလောက်သွားနေတာတောင် မကျေနပ်နိုင်သေးဘူးလားမသိဘူး... အဲ့ဒီဘွားတော်တော်တော်ရှည်တယ်... သွားရင်လည်းအရေးကြီးတဲ့စကားဘာတစ်ခွန်းမှပြောတာလည်းမဟုတ်ဘူး... သူ့သားအကြောင်းတွေချည်းပဲ စွတ်ကြွားနေတယ်... အရေးမပါတာတွေ... မသွားချင်ဘူးဟာ"

"ဟာ မသွားဘဲတော့မနေပါနဲ့... ကျွန်တော်မပြောလို့ဖြစ်နေပါ့မယ်"

"အံမယ်လေး ကြောက်စရာမှတ်လို့... ငါ့သဘောနဲ့ငါဆို... လူတိုင်းလူတိုင်း ကိုယ့်ကိစ္စနဲ့ကိုယ်ရှုပ်နေကြတာချည်းပဲ ဘယ်သူမှအားယားမနေဘူး... သူကအားတိုင်းခေါ်နေပေမယ့်ငါကမအားဘူး... မသွားနိုင်ဘူး"

"'ကိုညီ' မျက်နှာရှိသေးတယ်လေ"

'ညီပြာ' က မျက်နှာကိုအစွမ်းကုန်မဲ့လိုက်ပြီး မဲ့ကာရယ်လိုက်မိပါသည်။

"'ကိုညီ' မျက်နှာဟုတ်လား... ဘာမျက်နှာလဲ... သူ့ဟာငါ့အတွက်ဘယ်လောက်များ အရေးကြီးတဲ့လူမို့လို့လဲ... စိတ်ကို



www.burmeseclassic.com

www.burmeseclassic.com



မဝင်စားဘူး... မပတ်သက်ဘဲမရလို့သာ ပတ်သက်နေရတာဖြစ်နိုင်ရင် လုံးဝကိုပတ်သက်ချင်တာမဟုတ်ဘူး... ပိုက်ဆံကလေးရှိတာလောက်များ 'ညီပြာ' ကအထင်ကြီးမယ်အောင်းမေ့သလား အခုနေများ ငါမင်္ဂလာစုံတွဲထီထပေါက်ကြည့်ပါလား... အားလုံးကိုတော့တာပဲမှတ်ထား"

'ညီပြာ' ရင်ထဲမှာချစ်ရတဲ့မောင်တစ်ယောက်က နေရာယူထားပြီးပြီမို့ ကျန်တဲ့ဘယ်ယောက်ျားကိုမှ စိတ်ဝင်စားလို့မရတော့ချေ။

အဲဒီအတွက် 'ကိုညို' ကိုပိုမုန်းရသလို၊ သူတို့မိသားစုကိုလည်း ပိုပြီးအမြင်တွေကတ်နေရပါသည်။ သူတို့ကျေးဇူးတွေဘယ်လောက်ပဲရှိနေရှိနေ၊ 'ညီပြာ' ဘဝကိုတော့ထိုးပြီးမပေးဆပ်လိုက်နိုင်ပါ။

ပိုက်ဆံချမ်းသာတာလေးနဲ့ 'ညီပြာ' ရဲ့ဘဝကိုသိမ်းပိုက်လို့ရနိုင်မှာတဲ့လား။ လောကမှာငွေထက်အရေးကြီးတဲ့အရာတွေ ပုံလို့ဆိုတာ ဒင်းတို့မသိလေရော့သလား။

ငယ်ငယ်ကခင်ခဲ့တဲ့သံယောဇဉ်ဆိုတာကလည်း 'ညီပြာ' ရဲ့အသိဉာဏ်မရင့်ကျက်သေးလို့ သူတို့ပြောစကားတွေကိုခေါင်းညိတ်ခဲ့မိတာနေမှာပါ။





ခုချိန်မှာတော့ လုံးဝကိုဆောရီးပါပဲ။

"မမကြီး နေမကောင်းဘူးလို့ ကျွန်တော်သွားပြောပေးမယ်လေ"

"နင်ကဘာဖြစ်လို့ ဒီလောက်ထိဖြစ်နေတာလဲ... နင်နဲ့ဘာဆိုင်သလဲ... အနေသာကြီးပါဟယ်"

"ကျွန်တော်က 'အန်တီဖြူ' ကိုအားနာလို့ပါ... 'ကိုညို' က လူကြုံနဲ့ပစ္စည်းတွေထည့်ပေးလိုက်လို့ မမကြီးကိုသေချာလာခဲ့ပါလို့ပြောခိုင်းလိုက်တာ"

"လူကြုံနဲ့ပစ္စည်းတွေထည့်ပေးလိုက်တာ... ဟုတ်လားသေချာပြောပြစမ်းပါ"

'ညီပြာ' ရဲ့အသံသည် စောစောကနဲ့ဆန့်ကျင်စွာ မြူးဖျတာအားတက်လာခဲ့ရသည်။ ပုံစံပြောင်းသွားသော မမကြီးကိုကြည့်ပြီး 'ဖာနည်' တောင်အံ့သြသွားခဲ့ရသည်။

"ဟုတ်တယ်... 'ကိုညို' ဆီကလူကြုံနဲ့ပစ္စည်းတွေရောက်မယ်လို့ပြောတယ်"

"နင်တော့သေတော့မယ်... စောစောကပြောပါလား... အရေးကြီးတဲ့ကိစ္စကိုကျတော့မပြောဘဲ အရေးမပါတဲ့အကြောင်းတွေဘာလို့ပြောသလဲ... နင်မသွားနဲ့တော့ ငါ့ဖါသာပဲသွားလိုက်

www.burmeseclassic.com

www.burmeseclassic.com



တော့မယ်... တော်တော်အ,တဲ့ကောင်"

'ဇာနည်' ခေါင်းကိုခေါက်ပြီး မမကြီးက မှန်တင်ခုံမှာ အလှပြင်နေလေသည်။ ဩော်..ခုတော့လည်း သွားချင်ရပြန်ပါပြီ ဘာကြောင့်သွားချင်တယ်ဆိုတာကိုလည်း 'ဇာနည်' နားလည်သဘောပေါက်သွားရပါပြီ။



'ကိုညီ' တို့အိမ်က 'ညိုပြာ' တို့လမ်းသွယ်ထိပ်လောက်မှာ ဖြစ်သည်။ အိမ်ချင်းနီးပေမယ့် နေရာအဆင့်အတန်းချင်းကတော့ ကွာခြားလှပါသည်။

'ညိုပြာ' တို့နေတဲ့လမ်းက ခြံသေးသေးအိမ်သေးသေးနဲ့ အကောင်းဆုံးဆိုလို့ တိုက်ခံအိမ်လောက်ပဲရှိသည်။ 'ကိုညီ' တို့နေတဲ့လမ်းထိပ်ပိုင်းလောက်ကတော့ ခြံကျယ်ကျယ်တိုက်အပျံစားကြီးတွေနဲ့ဖြစ်လေသည်။

သူတို့လမ်းတောက်လျှောက်မှာ တိုက်ကောင်းတိုက်သန့်တွေနဲ့ပြည့်နှက်နေပေမယ့် အတွင်းပိုင်းကျတဲ့ 'ညိုပြာ' တို့လမ်း



www.burmeseclassic.com

www.burmeseclassic.com



သွယ်ထဲကျတော့ အိမ်လေးတွေကပြွတ်သိပ်ပြီး စုတ်ပြတ်နေတာ သာများသည်။

တကယ့်ကိုအဆင့်အတန်းချင်းက ကွာခြားလှပါသည်။ ဒီလိုအဆင့်အတန်းကွေကွာခြားနေရဲ့နဲ့တို 'ကိုညီ' တို့တစ်မိသားစုလုံးက 'ညိုပြာ' အားအရေးပေးလှတာ ကုသိုလ်ကံကောင်းလို့ပဲ ဟုပြောရမလိုဖြစ်နေသည်။

ခြံတံခါးကိုတွန်းဖွင့်ကာဝင်လိုက်တော့ ခြံစောင့် ဦးထွန်းအောင် ကလှမ်းကြည့်ကာ 'ညိုပြာ' မှန်းသိတော့ပြုံးပြသည်။

"အန်တီရှိလား"

"ရှိတယ်... သွား သွား... 'ညိုပြာ' လာတာကိုစောင့်နေတာနဲ့တူတယ်"

"အင်း အင်း"

'အန်တီဖြူ' နဲ့တွေ့ရတော့မှာမို့ 'ညိုပြာ' မျက်နှာလေးက ခပ်ပြုံးပြုံးလေးဖြစ်လို့နေရလေသည်။ 'ညိုပြာ' ရဲ့နှုတ်ခမ်းလေးက 'အန်တီဖြူ' တို့ရှေ့မှာဆိုတမင်ပြုံးပြစရာမလိုဘဲ အလိုလိုနေရင်းကို ကော့ကာပြီးနေရတော့တာဖြစ်သည်။

ကျင့်ထားစရာမလိုဘဲနဲ့ကို ပုံသေတစ်ခုလိုဖြစ်နေခဲ့တာပါ။ ဒီလိုပြုံးထားလို့လည်း 'အန်တီဖြူ' တို့က 'ညိုပြာ' ကိုချစ်နေ





ကြတာပဲနေမှာပါ။ 'ကိုညီ' လည်းပါမှာပေါ့လေ။

'အန်တီဖြူ' က ညေ့ခန်းမှာဖျာခင်းပြီး ဇိမ်ကျကျနဲ့အနှိပ်ခံနေပါသည်။ 'မိနီ' နဲ့ 'နန်းမူ' အနား 'ညိုပြာ' ကဝင်ထိုင်လိုက်ရင်း 'အန်တီဖြူ' ကိုသူတို့နဲ့အတူ ရောနှိပ်ပေးလိုက်သည်။ နှိပ်နေရင်းနဲ့ ညေ့ခန်းအတွင်းရှိမှန်စားပွဲလေးထောင့်ပေါ်က အထုပ်ကြီးကို လှမ်းကြည့်မိသွားရသည်။

ဒီအထုပ်ကြီးက 'ကိုညီ' ပို့ပေးလိုက်တဲ့ပစ္စည်းထုပ်ကြီးဖြစ်ဖို့များသည်။ ရှိသမျှပစ္စည်းအားလုံးက 'ညိုပြာ' တစ်ယောက်တည်းအတွက်ဖြစ်လိုက်ရင် ဘယ်လောက်များကောင်းလိုက်မလဲ။

"'ညိုပြာ' ကို အန်တီကစောင့်နေတာ... သားကြီးပို့ပေးလိုက်တဲ့ပစ္စည်းတွေကိုပြမလို့လေ... သမီးအတွက်လည်းပါတယ် ကြည့်ကြည့်ပါဦး"

ကြည့်ကြည့်ပါဦးသာပြောတယ် 'အန်တီဖြူ' ကအိပ်နေရာကနေမထသေးပေ။ ဇိမ်ကတော့ဆက်ခံနေတုန်းပဲဖြစ်သည်။

"ရပါတယ် 'အန်တီဖြူ' ရဲ့... နောက်မှကြည့်မှာပေါ့... ရောက်တုန်းပေါက်တုန်း 'အန်တီဖြူ' ကိုနှိပ်ပေးပါရစေဦး"

"တော်ပါပြီ သမီးရယ်... သမီးကကျောင်းတက်ရတာနဲ့ ဘာနဲ့ပင်ပန်းနေတာ... 'နန်းမူ' အထုပ်ကိုသွားမလာခဲ့ဦး"



www.burmeseclassic.com

www.burmeseclassic.com



'နန်းမှူ' က အထုပ်ကိုဆွဲမလာသည်။

" 'မမမှူ' နဲ့ 'မမခင်' ကော... မတွေ့ပါလား"

"သူ့တို့မောင်အတွက် လူကြုံပြန်သွားပေးနေကြတယ်လေ..."

"ဟင် 'ညိုပြာ' လည်းမသိလိုက်ဘူး... 'ကိုညို' အတွက် 'ညိုပြာ' ရတဲ့မုန့်ဖိုးကိုစုပြီး ဂျာကင်တစ်ထည်တောင်ဝယ်ထားသေးတာ 'အန်တီဖြူ' ရဲ့...မမိတော့ဘူး ဘယ်လိုလုပ်ရမှန်းတောင်မသိပါဘူး... စိတ်ညစ်လိုက်တာ... ဟို 'မမမှူ' တို့သွားတဲ့လိပ်စာရှိရင် 'ညိုပြာ' ကိုပေးပါလား... 'ညိုပြာ' လိုက်သွားလိုက်မယ်လေ"

"အို အခုတစ်ခေါက်မမီတော့လည်း နောက်တစ်ခေါက်ပေါ့ သမီးရယ်... ဖုန်းလာရင် အန်တီပဲပြောပြလိုက်ပါ့မယ်... စိတ်မကောင်းဖြစ်မနေပါနဲ့"

'ညိုပြာ' ကမျက်လုံးလေးကိုမှေးစင်းပြီး စိတ်မကောင်းသလိုပုံစံဖမ်းထားလိုက်သည်။ စိတ်ထဲမှာတော့ ဘာမှကိုမဖြစ်ပါဘူး။

ဂျာကင်တစ်ထည်ဝယ်ထားတယ်ဆိုတာလည်း အာခြွေးပြောလိုက်တာပါ။ အလကားနေရင်းနဲ့များ ကိုယ့်ပိုက်ဆံအကုန်ခံပြီး ဘာလို့ဝယ်ပေးရမှာလဲ။





မဝယ်နိုင်ပါဘူး။ 'ညိုပြာ' ချစ်ရဟဲ့မောင့်အတွက်ဆိုရင်တော့ထားပါတော့။ 'ကိုညို' အတွက်များ ကိုယ်ကျိုးစွန့်ပြီးဝယ်ဖို့စိတ်တောင်မကူးမိသေးပါ။

စိတ်ထဲကနဲ့ဆန့်ကျင်စွာ 'အန်တီဖြူ' ရှေ့မှာတော့မျက်နှာပိုးကိုသပ်ထားရပါသည်။ မျက်လုံးကတော့ အထုပ်ကြီးထဲကပစ္စည်းတွေကို မျက်စပစ်နေမိပြီ။

"သမီးအတွက် အကျီသုံးထည်ပါတယ်... ကျန်တာကတော့ စားစရာနဲ့အားဆေးတွေပါပဲ"

အန်တီထုတ်ပေးတဲ့အကျီသုံးထည်ကိုကြည့်ပြီး 'ညိုပြာ' သဘောတွေကျသွားခဲ့ရသည်။ ဒါပေမဲ့အန်တီ့အားမှာပုံထားတဲ့အထုပ်ကဘာများလဲမသိပါ။

"လှလိုက်တာ အန်တီရယ်... 'ကိုညို' ကိုသိပ်ကျေးဇူးတင်တာပဲလို့ပြောပေးပါနော်... 'ညိုပြာ' ဆီကိုလည်းစာရေးပါဦးလို့ 'ညိုပြာ' က 'ကိုညို' ဆီကစာကိုစောင့်နေရတာ လည်ပင်းတောင်ရှည်တော့မယ်လို့... 'ကိုညို' အတွက်လည်းဘုရားမှာဆုတောင်းပေးရတာနေ့စဉ်နဲ့အမျှပါပဲလို့"

"အံမယ်လေး သမီးကတော့အပြောကောင်းပါ့... သွားသာသိရင် ချက်ချင်းတောင်သင်္ဘောပေါ်က ပြန်ဆင်းပြေးလာ



www.burmeseclassic.com

www.burmeseclassic.com



မယ်နဲ့တူကယ်... သြော် 'မူမူ' တို့အတွက်ပါလာတဲ့အကျီတွေကို တောင်မပြရသေးဘူး... ဒီအထုပ်ကိုဖြည်ကြည့်လိုက်"

'ညီပြာ' သည်လျှင်မြန်လှစွာဖြင့် 'အန်တီဖြူ' ပေးတဲ့အထုပ်ကိုခပ်မြန်မြန်ပဲဖွင့်ကြည့်လိုက်မိသည်။ ထွက်လာတဲ့အကျီတွေကိုကြည့်ပြီး စိတ်ထဲကနေမကျေမနပ်ပြောချလိုက်မိသည်။

တော်တော်အကျင့်ယုတ်တဲ့ 'ကိုညီ'။ သူ့အစ်မတွေကိုကျတော့ ဝယ်ပေးလိုက်တဲ့အကျီတွေက ဖောင်းဖောင်းပွပွလှလှပပဆိုတဲ့အမျိုးအစားတွေဖြစ်ပြီး 'ညီပြာ' ကိုကျတော့ လမ်းဘေးကလေဘေးများဝယ်ထည့်ပေးလိုက်ဘာလားမသိ။

ဒါမှမဟုတ် 'အန်တီဖြူ' ပဲ တမင်ယူဟာမာပြီး 'ညီပြာ' ဖို့ထည့်ပေးလိုက်တဲ့ အဝတ်အစားတွေကို သူ့သမီးနှစ်ယောက်အတွက် ခွဲထုတ်ပစ်လိုက်တာလားမပြောတတ်ပါ။

ဒီဘွားတော်ကြီးက ယုံရတာမဟုတ်။ ပိုက်ဆံသာချမ်းသာသည် ကပ်စေးကမတာရားကိုနည်းဟာ။ သူများဆီကပဲလိုချင်ပြီး သူ့ဆီကကျတော့ပြန်ပေးဖို့ အတော်စဉ်းစားတတ်တဲ့သူမျိုးဖြစ်သည်။

'ညီပြာ' ကိုပေးတယ်ဆိုတာကလည်း သူ့သားအတွက်ရည်မှန်းပြီး မပေးမဖြစ်လို့ပေးတာပါ။ သူတို့အတွက်အကျိုးမရှိ





ရင် တကူးတကခေါ်ပေးမယ့်သူမျိုးမဟုတ်။ 'ညီပြာ' ကတော့ရတဲ့အကျီနှစ်ထည်ကိုမမက်မောတော့ဘဲ 'မမမူ' တို့အတွက်ပါလာတဲ့အကျီတွေကိုပဲ လိုချင်နေမိတော့သည်။

"သမီးကြိုက်တာတွေ့ရင်လည်းယူထားလိုက်လေ..."

ဒီလိုအဖြစ်စကားလောက်ကိုယုံပြီး 'ညီပြာ' ကယူသွားလိုက်လို့ဖြစ်မတဲ့လား။ ကွယ်ရာမှာမိုးမီးလောင်အောင် သူတို့တွေအတင်းတုပ်ကြမယ်ဆိုတာ 'ညီပြာ' ကမသိတာကျလို့နော်။

"မယူတော့ပါဘူး အန်တီရယ်... 'မမမူ' တို့နဲ့ပိုလိုက်မှာ 'ညီပြာ' က ဒီလောက်တန်ဖိုးကြီးတွေ ဝတ်ဖို့လည်းမတန်ပါဘူး အခုရတဲ့အကျီတွေနဲ့တင် သဘောကျလှပါပြီ"

"သမီးဘာစားပြီးပြီလဲ... အိမ်မှာပဲထမင်းစားသွားလိုက်လေ"

"ရပါတယ်"

"မစားရသေးရင် စားသွားလိုက်... အန်တီလည်းစားမှာလာ လာ တစ်ခါတည်းသွားစားလိုက်ကြရအောင်"

စားဆိုတော့လည်း စားပစ်လိုက်မါတော့မည်။ ဘယ်လိုပဲဖြစ်ဖြစ်အိမ်ထက်စာရင် အစစအရာရာသာမယ်ဆိုတာကို သိနေရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာကဟင်းဆိုရင် တိုင်းထွာပြီးစားနေရသည်။ ဒါတောင် အားလုံးထက်စာရင် 'ညိုပြာ' ကအခွင့်ထူးခံလိုဖြစ်နေတာကြောင့် အိမ်သားတွေထက်ပိုကောင်းကောင်းစားရပါသေးသည်။

အငယ်နှစ်ကောင်က 'ညိုပြာ' လောက်ကောင်းကောင်းမစားရချေ။ ထမင်းစားပွဲကိုကြည့်လိုက်တော့ ပုဇွန်ထုပ်ကွေးကြီးတွေက ဆီပြန်ကာစားချင်စဖွယ်ဖြစ်လို့နေရသည်။

"သမီးစားနော်... အန်တီတို့ကိုအားနာမနေနဲ့... အန်တီကညပိုင်းဆိုသိပ်မစားဖြစ်တော့ဘူး... လူကအသက်ကြီးလာတော့ အဆီတက်ပြီးဝချင်နေတယ်... ဝိတ်လျှော့မှပဲဖြစ်မယ်... သမီးဦးလေးကလည်း လှမှသဘောကျတာလေ အဟင်း ဟင်း ဟင်း"

"ဟုတ်တယ် အန်တီကအမြဲတမ်းလှနေတော့ ပုံပျက်သွားလို့မဖြစ်ဘူး... ဝိတ်လျှော့တာကောင်းပါတယ်"

'အန်တီဖြူ' အကြိုက်ကိုလိုက်ပြောပြီး 'ညိုပြာ' ကပုဇွန်ထုပ်ကြီးတွေကို စိတ်တိုင်းကျနှိပ်နေလိုက်ပါသည်။ ထမင်းကိုနည်းနည်းကလေးစားပြီး ပုဇွန်ထုပ်တွေကိုပဲ ရွေးစားနေမိသည်။

"ဦးဦးကအိမ်ပြန်တာနောက်ကျတယ်နော်... အန်တီနဲ့ထမင်းလက်ဆုံဘယ်စားဖြစ်တော့မလဲ"

"မစားရတာကြာပါပြီ သမီးရယ်... အလုပ်ကအမြဲကိုရှုပ်





နေတာကိုး... ဒါတောင် သမီးအဖေကိုနယ်ကိစ္စတွေလွှဲထားလို့ရလို့တော်သေးတယ်... သူကိုယ်တိုင်လုပ်နေရရင်တော့ ဘယ်လိုမှကိုဖြစ်မှာမဟုတ်ဘူး... 'ကိုသာဓိ' ကိုကျေးဇူးတွေတင်နေရတယ်"

ကျေးဇူးတင်ရင် လခများများပေးထားလိုက်ပေါ့နော်။ လခတော့တိုးမပေးဘဲ ပါးစပ်နဲ့ကျေးဇူးတွေတင်နေတာကတော့ အထင်ကြီးစရာမရှိပါဘူး။

စားပြီးသွားတော့ 'ညိုပြာ' ကအထုပ်ဆွဲပြီးပြန်ချင်လာရပြီဖြစ်သည်။ 'အန်တီဖြူ' ကတော့ သူ့သမီးနှစ်ယောက်ကိုစောင့်စေချင်ပုံရပါသည်။

'ညိုပြာ' က မောင့်နဲ့ဖုန်းပြောဖို့ချိန်းထားတာကြောင့် ပြန်ဖို့ကိုပဲစိတ်ကစောနေမိတော့သည်။ ဒီအိမ်ကနေဖုန်းဆက်လိုက်လို့လည်းဖြစ်တာပါပဲ။

ဒါပေမဲ့ 'အန်တီဖြူ' ရိပ်မိသွားရင်မကောင်း။ ကိုယ့်ရဲ့စားပေါက်ကို ကိုယ်ပိတ်သလိုဖြစ်သွားလိမ့်မည်။ 'ကိုညီ' နဲ့ယူတာမယူတာအသာထား၊ ရသလောက်တော့အနေချောင်အစားချောင်အောင် 'ညိုပြာ' ပါးနပ်နေမှဖြစ်လိမ့်မည်။

"'မမှု' တို့နဲ့တွေ့ဖို့နောက်နေ့မှပဲ 'ညိုပြာ' လာခဲ့တော့မယ်... အိမ်ချင်းနီးပေမယ့် မမှောင်ခင်ပြန်မှဖြစ်မယ်... တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါလမ်းထိပ်မှာ ဗရုတ်သုတ်ခကောင်တွေ ထိုင်ထိုင်ပြီးဂစ်တာတီးနေတတ်တယ်... သူတို့ပါးစပ်တွေက ငြိမ်တာမဟုတ်ဘူး”

“ဪ ဟုတ်သားပဲ... ‘ဦးထွန်းအောင်’ ကိုလိုက်ပို့ခိုင်းလိုက်လေ”

“ရပါတယ်... ခပ်မြန်မြန်ပဲသွားလိုက်တော့မယ်”

‘ညိုပြာ’ က ‘အန်တီဖြူ’ ကိုနှုတ်ဆက်ကာ လမ်းထိပ်ကစတိုးဆိုင်ဆီလာခဲ့လိုက်ပါသည်။ မောင့်ဆီဖုန်းဆက်မည်လို့ ‘ညိုပြာ’ ကတိပေးထားခဲ့သည်။

မောင်က ပင်ပန်းပါတယ် မဆက်နဲ့လို့ပြောပေမယ့်လည်း ‘ညိုပြာ’ က မောင့်ရဲ့အသံကိုကြားချင်သေးတာမို့ တမင်ဖုန်းဆက်ဖို့ရောက်လာခဲ့ရခြင်းဖြစ်လေသည်။

ဖုန်းဆိုင်ကအန်တီကြီးက ‘ညိုပြာ’ ကိုမြင်တော့ လှမ်းနှုတ်ဆက်သည်။

“ဖုန်းဆက်ဖို့ပဲလား... ”

“ဟုတ်တယ်... သူငယ်ချင်းနဲ့ချိန်းထားလို့လေ... စာမေးပွဲကနီးလာပြီဆိုတော့ စာကိစ္စတွေကအမြဲလိုလိုပြောနေရတယ် ‘ညိုပြာ’ က ကျောင်းမှာလည်း အတန်းခေါင်းဆောင်လိုဖြစ်နေတော့ အစစအရာရာတိုင်ပင်ပြီးလုပ်လုပ်နေရတယ်”





စပ်စုတတ်တဲ့ အန်တီကြီးကို ဒီလိုစကားကြီးစကားငယ်တွေနဲ့ပဲ ထိန်းသိမ်းနေရတာဖြစ်သည်။ ‘ညိုပြာ’ ကတော့ ကိုယ့်စကားကို အန်တီကြီးယုံမယ်လို့ထင်မှတ်နေပေမယ့် အန်တီကြီးက ကွယ်ရာမှာကြိတ်ပြီး မဲ့နေတာကိုတော့ ‘ညိုပြာ’ မသိနိုင်ချေ။

စပ်စုတာဝါသနာပါတဲ့လူတစ်ယောက်မို့ တယ်လီဖုန်းကိုတမင်ပေးပြောပြီး ဖုန်းပြောတဲ့လူတွေမမြင်တဲ့နေရာမှာဖုန်းအပိုတစ်လုံးကိုထားထားကာ အလစ်မှာခိုးနားထောင်နေကြဖြစ်သည်။

ဒီရပ်ကွက်ထဲကလူတွေပဲ အများဆုံးဆက်တာမို့ လာဆက်တဲ့လူတွေရဲ့ ကိစ္စမှန်သမျှတိုင်းကိုစုံစမ်းစရာမလိုဘဲ သိနေရသလို၊ အပျင်းလည်းပြေနေတဲ့အတွက် အဆင်ပြေနေရတော့သည်။

‘ညိုပြာ’ ဘယ်သူနဲ့ဖုန်းပြောနေတယ်ဆိုတာကိုလည်း အန်တီကြီးက သိနေပါသည်။ လူကိုမမြင်ဖူးလို့ဘယ်သူဆိုတာကို မပြောနိုင်ပေမယ့် ရည်းစားနဲ့ဖုန်းပြောနေတယ်ဆိုတာ စကားတွေခိုးနားထောင်ယုံနဲ့ တန်းသိနေရတော့သည်။

“မောင် အခုဘာလုပ်နေလဲ”



www.burmeseclassic.com

www.burmeseclassic.com



"ကစားနေတယ်"

"ဟင် ဘာကစားနေတာလဲ"

"ဖျင်းလို့သူငယ်ချင်းတွေစုပြီး အရုပ်လေးတွေကြည့်နေတာပါကွာ... အချစ်ကဘာလုပ်မလို့လဲ"

"မောင့်ကိုသတိရလို့ဖုန်းဆက်တာပေါ့... မောင်ကတော့သူငယ်ချင်းတွေနဲ့ပျော်နေတာပေါ့လေ"

"ပျော်တယ်လည်းဘယ်ဟုတ်မလဲ... အချစ်ကအပြင်ထွက်တာမကြိုက်ဘူးဆိုတော့ ဒီလိုပဲကြည့်စီစဉ်ရတာပေါ့... ကဲဘာပြောဦးမလဲ... သူတို့မောင့်ကိုစောင့်နေကြပြီ"

"ပြောစရာတော့မရှိပါဘူး... မနက်ဖြန်မောင်ကျောင်းကိုစောစောလာခဲ့နော်"

"အင်း အင်း"

'ညိုပြာ' က ကျေနပ်စွာနဲ့ဖုန်းကိုချလိုက်ပါသည်။ အန်ဒီကြီးလည်း အခန်းထောင့်ကနေခုမှထွက်လာလေသည်။

"မြန်လှချည်လား... ပိုက်ဆံကုန်မှာစိုးလို့ ချွေတာတဲ့အနေနဲ့မြန်မြန်ပြောပြီးချလိုက်တာလား"

"မဟုတ်ပါဘူး အန်တီရဲ့... မေးစရာရှိတာမေးပြီးသွားလို့ပါ"





ကျသင့်ငွေကိုပေးပြီး 'ညိုပြာ' ကလှည့်ပြန်ဖို့အပြင် အန်တီကြီးက စကားတစ်ခွန်းလှမ်းမေးလိုက်ပါသည်။

"'မောင်ညီညီ' ဒီတစ်ခေါက်သင်္ဘောကပြန်လာရင် 'ညိုပြာ' နဲ့ယူတော့မယ်ဆို... အဲ့ဒါဟုတ်လား"

'ညိုပြာ' ကမျက်မှောင်ကိုကျုံ့လိုက်ရင်း...

"အန်တီ့ကိုဘယ်သူပြောလဲ"

"ဘယ်သူရယ်လို့တော့ဘယ်ဟုတ်မလဲ... တစ်ရပ်ကွက်လုံးသိနေကြတာပဲ... 'ညိုပြာ' ကံကောင်းပါတယ်ကွယ်... 'မောင်ညီညီ' ကသဘောလည်းကောင်းတယ် သူ့မိသားစုကလည်း သမီးကိုလိုလိုလားလားရှိကြတယ်မဟုတ်လား"

"ရှိတာပေါ့... သိပ်ရှိနေလွန်းလို့ကိုခက်နေတာ... အခုလည်းသူတို့အိမ်ကလာတာလေ... 'ညိုပြာ့' အတွက်လူကြုံနဲ့အဝတ်အစားတွေထည့်ပေးလိုက်တယ်ဆိုလို့သွားယူပြီး ပြန်လာတာ 'ကိုညီ' က 'ညိုပြာ့' ကိုသိပ်ချစ်တာလေ... ပိုက်ဆံတွေရနေလို့သာ ဟိုးအဝေးကြီးကိုသွားပြီး အလုပ်လုပ်နေရတာ... ဖြစ်နိုင်ရင် 'ညိုပြာ့' အနားမှာပဲနေချင်တာတဲ့"

"ကံကောင်းတာပေါ့... 'ညိုပြာ' ကကော 'မောင်ညီညီ' ကိုချစ်ရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ချစ်တာပေါ့... ချစ်လို့လည်းဒီတစ်ခေါက် သဘော်က ပြန်လာရင်လက်ထပ်ဖို့စီစဉ်ထားတာလေ"

"ဩော် အေး အေး... ကောင်းပါတယ်ကွယ်"

'ညိုပြာ'က မျက်နှာကလေးကိုမချိုမချဉ်လုပ်ရင်း လှည့်ထွက်လာခဲ့လိုက်သည်။ ဒီမိန်းမကြီး 'ညိုပြာ' ဆိုကစကားတွေအစ်ပြီး 'အန်တီဖြူ' တို့ဆီသွားပြောမှာကိုသိနေသားပဲ။

ဒါကြောင့်တမင်ပဲ ပြောချင်တာတွေလျှောက်ပြောပစ်ခဲ့လိုက်တာ။ ကိုယ့်အိမ်မှာဖုန်းမရှိလို့သာ သူ့ဆီလာပြီးပိုက်ဆံပေးဆက်နေရပေမယ့် ဖြစ်နိုင်ရင် မဆက်ချင်ပါဘူး။

'ညိုပြာ' ခဏခဏသူ့ဆီ ဖုန်းလာဆက်တယ်ဆိုတာကိုလည်း 'အန်တီဖြူ' တို့အိမ်သွားကာ ပြောထားမှာပါပဲ။ ပြောချင်လည်းပြောပါစေ၊ 'ညိုပြာ' ကသူငယ်ချင်းဆီဆက်တယ်လို့ပဲပြောထားတာမဟုတ်လား။

အပြစ်လွတ်ပါသည်။ အိမ်ကိုပြန်ရောက်တော့ အမေတို့ကထမင်းစားဖို့ အဆင်သင့်ထိုင်စောင့်နေကြပါသည်။ အငယ်နှစ်ကောင်မျက်နှာကလည်း ရှုံ့မဲ့နေကြသည်။

"မမကြီးကလည်း ပြောတော့ဖြင့်သာ မသွားချင်ဘူးဆေးဘာလေးနဲ့ သွားလိုက်တာလည်းအကြာကြီးပဲ... ကျွန်တော်တို့





တွေဗိုက်ဆာလို့သေတော့မယ်"

"ဗိုက်ဆာရင်စားနှင့်ကြပါလား... ငါကနင်တို့ကိုစောင့်နေလို့ပြောမိလို့လား... ကိုယ့်ဗိုက်ကိုကိုယ်ဖြည့်ကျပေါ့... ငါနဲ့ဘာဆိုင်လို့လဲ... ငါ 'အန်တီဖြူ' တို့အိမ်မှာပဲစားခဲ့လိုက်ပြီ... ဟင်းတကောင်းသလားမမေးနဲ့ ပုစွန်ထုပ်ကြီးတွေ"

"ဒါဆို 'ဖြူပြာ' ဝယ်ထားတဲ့စွပ်ပြုတ်ကကော"

"မသောက်တော့ဘူး... နင်တို့နှစ်ယောက်ပဲအမေနဲ့အတူသောက်လိုက်ကြတော့"

ပါလာတဲ့အထုပ်ကိုဆွဲကာ အခန်းထဲဝင်သွားသော 'ညိုပြာ' ကိုကြည့်ပြီး 'ဖြူပြာ' ကအတင်းအုပ်လိုက်ပါသည်။

"မမကြီးက သူ့ဖို့ပဲသူကြည့်တယ်... သူနေမကောင်းချင်ဘူးဆိုလို့ စွပ်ပြုတ်သွားဝယ်ပေးတာ... တကယ်တမ်းကျတော့သောက်လည်းမသောက်ဘူး... 'ကိုညီ' တို့အိမ်ကဟင်းကောင်းကိုတွေ့တာနဲ့စားလာတယ်... 'ဖြူပြာ' တို့ရဲ့စေတနာကိုတော့နားမလည်ဘူး"

"ဩော် ဟိုအိမ်ကအတင်းခေါ်လို့ စားလာခဲ့တာနေမှာပေါ့... သမီးအစ်မက တစ်ကိုယ်ကောင်းမဆန်ပါဘူး... သမီးတို့ချစ်လို့သူသောက်ချင်တဲ့စွပ်ပြုတ်ကိုတောင်မသောက်တော့ဘဲ



www.burmeseclassic.com

www.burmeseclassic.com



သူများအိမ်မှာထမင်းစားခဲ့တာကိုကြည့်ပါလား... အခုအမေတို့ သောက်လို့ရပြီပေါ့"

"ဟင် အမေကလည်း မမကြီးမသောက်ချင်လို့ကျန်တာ ကြီးကိုများ ကျေးဇူးတွေတင်ပြီးပြောနေရသေးတယ်... တကယ် တမ်းဆိုရင် အမေ့ကိုအရင်ဦးချပြီးသောက်ပါလားလို့ မေးရမှာ မဟုတ်လား"

"မေးမေးမမေးမေး သူကိုယ့်အပေါ်စေတနာထားတာကို ပဲ ကျေးဇူးတင်နေရပါပြီ... ကိုယ့်အစ်မအပေါ် မကျေနပ်တဲ့စိတ် မျိုးဘယ်တော့မှမထားနဲ့ 'ဖြူပြာ'... သမီးစဉ်းစားကြည့်စမ်း သူ့ကြောင့် 'မောင်ညီ' တို့အိမ်ကအမေတို့ကို ဘယ်လောက်မျက်နှာ သာတွေပေးထားလိုက်သလဲ...'သမီးတို့အဖေဆိုရင်လည်း အလုပ် အကိုင်ကောင်းတယ်... နယ်အဝေးလေးသွားရတာကလွဲရင် အား လုံးအဆင်ပြေနေတာပဲ... ဒါတွေအားလုံးဟာ သမီးတို့မမကြီး ကြောင့်ဆိုတာနားလည်ထား... နောက်ဆို 'ကိုညီ' နဲ့လက်ထပ် ပြီးရင် အမေတို့ဘဝပိုပြီးတော့တောင် ချောင်လည်အဆင်ပြေဦး မှာ... ဒီတော့ ကိုယ့်အစ်မကို အမြဲတမ်းစိတ်ချမ်းသာအောင်ထား ရမယ် ဟုတ်လား"

"ထားပါတယ်... ထားလို့လည်း 'ဖြူပြာ' တို့ကအငယ်





တွေဆိုပေမယ့် ဘာများပူဆာဖူးလို့လဲ... အဝတ်အစားဆိုလည်း မမကြီးအကျကိုပဲ 'ဖြူပြာ' ဝတ်ရတာ... အိမ်ကိစ္စတွေမှန်သမျှ လည်း 'ဖြူပြာ' ပဲလုပ်ပေးနေတာပဲ"

"ဟုတ်ပါတယ်... ဒါကြောင့်လည်း အမေ့သားသမီးတွေ ကိုလိမ္မာတယ်လို့ အမေကပြောနေတာပေါ့... ကဲ ကဲ ထမင်းစား လိုက်ကြရအောင်"

အမေ့စကားကို နာခံလိုက်ရပေမယ့် 'ဖြူပြာ' မျက်နှာက လေးကတော့ ဘာကြောင့်မှန်းမသိဘဲ ခပ်တင်းတင်းကလေးဖြစ် နေရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

၇

"အမေ..."

'ညိုပြာ' အသံလေးကခပ်တိုးတိုးကလေးနှင့် မလုံသလို ဖြစ်ကာနေသည်။

"ပြောလေ သမီးရဲ့... ဘာပြောမလို့လဲ"

"ဟို ဟို... ပြောရမှာလည်းအားတော့နာတယ်... ဒါပေမဲ့ လည်း မပြောလို့လည်းမဖြစ်ဘူး"

"ဩော် ကိုယ့်မိဘကိုများအားနာရတယ်လို့... သမီးဘာ ဖြစ်ချင်တာလဲ ပြောစမ်းပါ... အမေဖြစ်အောင်လုပ်ပေးမှာပေါ့"

"ငွေငါးသောင်းလောက် သမီးလိုချင်တယ်"





"ငါးသောင်း"

"ဟုတ်တယ်... 'ကိုညို' ကိုလက်ဆောင်ဝယ်ပေးချင်လို့ သူတို့ဆီကပဲယူရတာများနေတော့ ကိုယ့်ဘက်ကလည်းပြန်ပေး ချင်ဟယ်လေ... ဒီလိုပေးမှလည်း 'ညိုပြာ' ကမရှိတဲ့ကြားထဲက သိတတ်ပါလားဆိုပြီး ပိုအမှတ်ရမယ်မဟုတ်လား..."

"အင်းလေ ဟုတ်တာပေါ့"

'ဒေါ်မိမိ' ရင်ထဲမှာတော့ငွေငါးသောင်းကို ဘယ်လိုဖန် တီးပေးရင်ကောင်းမလဲဆိုပြီး ရင်ပူစွာနဲ့စဉ်းစားနေမိသည်။ သမီး တောင်းတဲ့ပိုက်ဆံကိုလည်း မပေးဘဲမနေချင်ပါ။

အမေ့လက်ထဲမှာ ငါးသောင်းပြည့်အောင်မရှိဘူးဆိုပြီး လည်းအမှန်အတိုင်းမပြောလိုက်ချင်ပါ။ သမီးကြီးစိတ်ချမ်းသာ စေချင်သည်။

သူ့နဲ့ပတ်သက်လို့ ငွေတွေဝင်ခဲ့ရတာလည်းရှိနေတာမို့ သူတောင်းတဲ့အချိန်မှာ ကိုယ့်ဘက်ကဖြစ်အောင်ပေးလိုက်ချင်နေ မိသည်။

'ကိုသာစံ' ကလည်း ခရီးကနေပြန်လာဖို့ သုံးလေးရက် လောက်လိုသေးတာဆိုတော့ မဖြစ်ဖြစ်တဲ့နည်းနဲ့ငွေကိုဖန်တီးပေး ရတော့မှာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"အမေ့မှာငွေမရှိလို့လား... ငွေမရှိရင်လည်းနေပါစေ တော့... 'ညိုပြာ' မပေးတော့ဘူး... နောက်ကြုံမှပဲပေးလိုက်တော့ မယ်"

မျက်နှာထားလေးက တည်သလိုလေးဖြစ်သွားတာမို့ 'ဒေါ်မိမိ' လှမ်းတားလိုက်ရသည်။

"အဆင်ပြေပါတယ်ကွယ်... အမေချေးထားတဲ့သူ့တွေထဲ က ဘယ်သူ့ဆီကများပြန်တောင်းရင် အဆင်ပြေမလဲဆိုပြီးစဉ်း စားကြည့်နေတာ... သမီးကဘယ်တော့လိုတာလဲ"

"ရရင်တော့အမြန်ဆုံးပဲလိုချင်တာပေ့ါ အမေရယ်... လူ ကြုံကသဘက်ခါလောက်ပြန်တော့မယ်လို့ 'မမမူ' တို့ကပြောနေ တယ်... လူကြုံနဲ့အမီထည့်ပေးလိုက်မှဖြစ်မှာလေ"

"အင်း အင်း အမေသွားရှာလိုက်မယ်"

'ဒေါ်မိမိ' သက်ပြင်းရှည်ကိုချပြီး အိမ်ပေါ်ကနေဆင်းလာ ခဲ့ရပေမယ့် ဘယ်ကိုသွားလို့သွားရမှန်းမသိဖြစ်နေမိသည်။ ဒီလို ရပ်ကွက်မျိုးမှာ ဘယ်သူကငွေငါးသောင်းကိုထုတ်ချေးနိုင်မှာလဲ။

ရှိတဲ့သူတွေကလည်း ဘယ်လိုလုပ်ပြီးချေးမှာလဲ။ခါတိုင်း ဆိုရင်တော့ 'မမဖြူ' တို့ဆီသွားပြီး လိုတဲ့ငွေကိုဆွဲလို့ရနေပေမယ့် ခုဟာက သူ့သားအတွက်လက်ဆောင်ဝယ်ပေးဖို့ဆိုတော့ ချေးလို့





မဖြစ်နိုင်တော့ပါ။

'ညိုပြာ' သိရင်လည်း မိမိကိုအပြစ်တင်မည်။ စုဆောင်း ထားတဲ့ငွေတွေကိုလည်း အတိုးပေးထားတာဆိုတော့ ပြန်တောင်း လို့ဘယ်လိုနည်းနဲ့မှမဖြစ်။

'ဒေါ်မိမိ' တစ်ယောက် ဘာလုပ်လို့ဘာကိုင်ရမှန်းမသိဘဲ ယောင်ချာချာနဲ့ လျှောက်သွားနေမိသည်။ 'ညိုပြာ' တောင်းတဲ့ ငွေငါးသောင်းပေးလိုက်ချင်တာပဲသိတော့သည်။

လည်ပင်းမှာဆွဲထားတဲ့ ရွှေဆွဲကြိုးကိုသွားပေါင်ပြန်ရင် လည်း အငယ်နှစ်ယောက်ကမေးဦးမည်။ အို ဘယ်လိုပဲဖြစ်ဖြစ် သူတို့အဖေပြန်လာရင် ပြန်ရွေးလိုက်နိုင်တာပဲမို့ ကြည့်ကျက်ပြော ညီစိတ်ကူးကာ အိမ်ကိုတစ်ခေါက်ပြန်လာကာ ဆွဲကြိုးကိုချွတ် ပြီး လက်ကိုင်ပုဝါနဲ့ထုပ်ခဲ့လိုက်ပါသည်။

'ညိုပြာ' က အမေဖြစ်သူကိုတွေ့တော့ ဝမ်းသာအားရ ကြွမ်းမေးသည်။

"အဆင်ပြေလား အမေ... ပိုက်ဆံပါလာပြီလား"

"ပြေမှာပါ... တအောင့်နေလောက်ဆိုရင် လာယူလို့ရ မှာပဲ... ခဏလေးပဲစောင့် အမေသွားယူပေးမယ်"

"ကျေးဇူးပဲ အမေရယ်"



www.burmeseclassic.com

www.burmeseclassic.com



အမေ့သီကအဆင်ပြေမယ်ဆိုတဲ့စကားကို ကြားမှပဲ 'ညို ပြာ' သက်ပြင်းချနိုင်ပါတော့သည်။ 'ညိုပြာ' ချစ်တဲ့မောင့်ကိုစိတ် ချမ်းသာစေချင်ပါသည်။

မောင့်ရဲ့မျက်နှာညှိုးနေတဲ့အတွက် 'ညိုပြာ' ရင်ထဲမှာထိ ခိုက်ခံစားလို့နေခဲ့ရသည်။ ငွေငါးသောင်းလိုချင်မိတာ မောင်နဲ့ ပတ်သက်လို့ပါပဲ။

မောင်ကပြောသည်။ သူတို့ဘေးအိမ်ကကားကို ခဏ မောင်းကြည့်တုန်း မထင်မှတ်ဘဲရပ်ထားတဲ့ကားတစ်စီးကို တိုက်မိ သည်တဲ့။

ကားပိုင်ရှင်ကမောင်နဲ့ခင်တဲ့သူမို့လို့ ပြဿနာကြီးကြီး ကျယ်ကျယ်မလုပ်ပေမယ့် ပျက်သွားတဲ့ပစ္စည်းတန်ဖိုးကိုတော့အ လျော်တောင်းပါသည်တဲ့။

မောင့်အပြစ်ဆိုတော့လည်း မောင်ပဲလျော်ရတော့မှာပေ ခက်နေတာက လျော်စရာပိုက်ဆံမောင့်မှာရှိမနေခြင်းပါပဲ။အိမ်ကို လည်းဖွင့်ပြောပြန်ရင်လည်း သူများကားကိုယူမောင်းရမလား ဆိုပြီး ပြောဆိုပစ်တင်ကာ အိမ်ပေါ်ကနှင်ချတဲ့အထိ အပြစ်ပေ ခံထိမှာစိုးတာကြောင့် မောင်ကဖွင့်မပြောရဲချေ။

မောင့်မိဘတွေစည်းကမ်းကြီးတာမို့ ဗရမ်းဗတာနိုင်





တဲ့မောင်နဲ့သိပ်ပြီး တည့်လှတယ်လို့တော့မဟုတ်။ တစ်ခုခုဆို မောင့်ဖေဖေက မောင့်ကိုအိမ်ပေါ်ကနှင်ချတော့တာဖြစ်သည်။

တစ်ခါ မောင်အိမ်ပေါ်ကဆင်းပြီး သူငယ်ချင်းတစ် ယောက်ဆီမှာ သွားနေဖူးခဲ့သည်။ ထိုသူငယ်ချင်းနဲ့ပေါင်းကာ အရက်တွေဘာတွေသောက်ပြီး ရန်ဖြစ်ခဲ့ဖူးတာမို့ မောင်အိမ်ပေါ် ကဆင်းမယ့်အဖြစ်မျိုးကို 'ညိုပြာ' ကဘယ်နည်းနဲ့မှ လက်မခံချင် တော့ပေ။

မောင့်ကိုချစ်တဲ့အတွက် မောင်ပျက်စီးမှာသိပ်ကိုစိုးရိမ် ပါသည်။ ခုကိစ္စမှာလည်း လျော်ရမယ့်တန်ဖိုးကိုမောင့်ဘက်က ပေးလိုက်ရင် ပြီးနေပြီဆိုမှတော့ လျော်ရမယ့်ငွေငါးသောင်းကို 'ညိုပြာ' ကပေးလိုက်စေချင်သည်။

မောင်မပေးနိုင်ရင် မောင့်အစား 'ညိုပြာ' ကပေးလိုက် ချင်သည်။ ငွေကလည်းငါးသိန်းမဟုတ်၊ ငါးသောင်းလောက်ဆို တော့ ဘယ်လိုပဲဖြစ်ဖြစ် 'ညိုပြာ' ဘက်ကဖန်တီးလို့တတ်နိုင်နေ တဲ့အရာမဟုတ်လား။

'ညိုပြာ' လက်ထဲမှာကတစ်သောင်းကျော်လောက်ရှိနေ ပေမယ့် ရှိနေတဲ့ငွေကအလုပ်မဖြစ်နိုင်တာမို့ အမေ့ကိုအပူကပ် လိုက်ရခြင်းဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းအရင်းကိုစဉ်းစားလိုက်တော့ 'ကိုညီ' မျက်နှာကအလိုလိုပေါ်လာရတော့သည်။ 'ကိုညီ' တို့နဲ့ပတ်သက်ပြီးအကြောင်းတစ်ခုခုပြလိုက်ရင် အမေထုတ်ပေးမယ်ဆိုတာကို 'ညိုပြာ' က သိနေခဲ့ပါပြီ။

အမေ့စိတ်ထဲမှာ 'ကိုညီ' တို့အိမ်နဲ့ပတ်သက်ရင် အရမ်းကိုစေတနာရှိလွန်းနေတာမို့ ဒီအကွက်ကိုချောင်းပြီး 'ညိုပြာ' က တမင်ကွင်ဆင်လိုက်ချင်းဖြစ်ပါသည်။

အမေပြန်ရောက်လာတော့ လက်ထဲမှာငွေငါးသောင်းပါလာခဲ့သည်။ ငွေပါလာပေမယ့် အမေ့လည်ပင်းကရွှေဆွဲကြိုးကိုတော့မတွေ့ရတော့ချေ။

အမေဘာလုပ်ခဲ့တယ်ဆိုတာကို 'ညိုပြာ' သိနေပေမယ့် လည်းမသိဟန်ဆောင်ကာ ဝမ်းသာအားရပြောလိုက်မိသည်။ ဆွဲကြိုးကအမေပြန်လာရင် အဆင်ပြေသွားမှာမဟုတ်လား။

"အမေ့တာမြန်သွားပဲ... သမီးအခုပဲပလာစာသွားလိုက်တော့မယ်... သမီးအခုလိုအလိုက်တသိနဲ့ဝယ်ပေးလို့ 'အန်တီဖြူ' တို့က အမေတို့ကိုကောင်းကောင်းမျက်နှာသာပေးမှာပါ... အဖေ့ကိုလည်းလခတိုးပေးရင်တိုးပေးဦးမှာသိလား;"

"အေးပေါ့... ငါ့သမီးကအခုလို အလိုက်သိတတ်လေ





'ကိုညီ' က ပိုပြီးချစ်လေဖြစ်မှာပေါ့... ဒီတစ်ခေါက် 'ကိုညီ' ပြန်လာရင် 'မမဖြူ' က သမီးတို့နှစ်ယောက်ကိုလက်ထပ်ပေးချင်တယ်လို့ပြောနေတယ်... သမီးလက်ခံမှာမဟုတ်လား"

'ညိုပြာ' စိတ်ထဲကနေရယ်လိုက်မိသည်။ အမေရယ်မျှော်လင့်ချက်တွေကြီးလိုက်တာ။ ငွေငါးသောင်းလေးပေးပြီး သမီးဖြစ်သူကို သူစိမ်းလက်ထဲထိုးထည့်ဖို့ကြံနေတာ မလွန်လွန်းဘူးလား။

အဓိကက အမေတို့ကောင်းစားဖို့လား၊ 'ညိုပြာ' စိတ်ချမ်းသာဖို့လား အမေတို့တွက်ဖို့ကောင်းပါသည်။ လောကမှာငွေရှိယုံနဲ့အရာအားလုံး ပြီးပြည့်စုံကာ စိတ်မချမ်းသာနိုင်ဘူးဆိုတာကို အမေသိအောင် တစ်နေ့တော့ပြောပြရဦးမည်။

"အမေတို့လက်ခံစေချင်ရင် သမီးလက်ခံမှာပေါ့... 'ကိုညီ' ပြန်လာဖို့ကလည်းလိုပါသေးတယ်... သမီးကျောင်းပြီးတဲ့အချိန်လောက်နဲ့အတော်ပဲဖြစ်မှာပါ"

"အေး အေး... အမေဝမ်းသာတယ်... ငါ့သမီးကြီးကအမေတို့မိသားစုကို ကယ်တင်မယ့်သူ... သူတော်ကောင်းသမီးသိလား"

"အင်းပေါ့ အမေရဲ့"

'ညိုပြာ' သည် 'ကိုညီ' ပို့ပေးလိုက်တဲ့အကျီအကောင်း



www.burmeseclassic.com

www.burmeseclassic.com



စားတွေကိုဝတ်ဆင်ကာ လှလှပပလေးပြင်ဆင်ပြီး မောင့်ဆီကို ဖုန်းဆက်ချိန်းလိုက်ပါသည်။

မောင့်အသံက ခါတိုင်းလိုရျှို့ရွှင်မနေ။ စိတ်ညစ်သလို ပျင်းရိလေးလံနေသည်။

"မောင်အခုမြို့ထဲကိုလာခဲ့ပါလား... 'ညိုပြာ' စောင့်နေမယ်"

"ဟာ မလာချင်ဘူးကွာ... အပြင်ထွက်ရင်ဟိုလူနဲ့တိုးနေဦးမယ်... သူ့ပိုက်ဆံမပေးသေးလို့ မောင့်ကိုမကြည်ကြည့်ကြည့်နေတာ... အိမ်ကိုလာတိုင်မှာလည်းကြောက်ရသေးတယ်"

"အဲ့ဒီဒုက္ခတွေကကင်းဝေးအောင် မောင့်ကိုခေါ်နေတာပေါ့... မောင်လိုချင်တဲ့ငွေငါးသောင်း 'ညိုပြာ' ဆီမှာရှိနေပြီ... မောင့်ကိုပေးမလို့ခေါ်တာ သိလည်းမသိဘဲနဲ့"

"တကယ်"

"အင်းပေါ့"

"အချစ် အိမ်ကနေတောင်းလိုက်တာလား..."

"တောင်းလိုက်တာပေါ့... မေးမနေနဲ့မောင်ရာ... ပိုင်လို့ဖုန်တီးနိုင်တာပေါ့... မောင်လာမှာလား မလာဘူးလားပြော"

"လာမှာပေါ့... အချစ်ချိန်းရင် မောင်မလာဘဲဘယ်နှစ်ခါ





နေဖူးလို့လဲ"

"ဒါဆို ပန်းဆိုးတန်းကဂျေဒိုးနပ်မှာ စောင့်နေကော့မယ် မောင်မြန်မြန်လာခဲ့နော်"

မောင်လာမယ်ဆိုတဲ့အတွက် 'ညိုပြာ' မျက်နှာလေးကပြုံးနေရတော့သည်။ မောင့်ကို 'ညိုပြာ' ဘာလို့ဒီလောက်တောင်ချစ်မိမှန်းမသိချေ။

မောင့်ရဲ့စတိုင်လ်၊ မောင့်ရဲ့ဟန်ပန်အမူအယာတွေက 'ညိုပြာ' ကိုအိပ်မက်တွေဖြစ်စေခဲ့သည်။ 'ညိုပြာ' နဲ့ချစ်သူတွေဖြစ်ခင်တုန်းက မောင့်မှာချစ်သူတွေရှိခဲ့ဖူးပါသည်။

ချစ်သူတွေလို့ပြောရလောက်အောင် မောင်ကရည်းစားများသောသူတစ်ယောက်ဖြစ်သည်။ ရုပ်ရည်ချောမောသော၊ အပြောကောင်းသော မောင့်လိုယောက်ျားမျိုးကို မိန်းကလေးအတော်များများက စွဲစွဲလန်းလန်းဖြစ်ကြသည်။

အဲ့ဒီစွဲလန်းတဲ့သူတွေထဲမှာ 'ညိုပြာ' လည်းပါပါသည်။ ကြင်းပြောရလျှင် မောင်တွဲခဲ့တဲ့မိန်းကလေးတွေနဲ့ယှဉ်လျှင် 'ညိုပြာ' က ငွေရေးကြေးရေးပိုင်းနဲ့ပတ်သက်လျှင် ချို့တဲ့သောသူဖြစ်သည်။

ငွေကြေးချို့တဲ့ပေမယ့် ရုပ်ပါမှာကျတော့ 'ညိုပြာ' ကသူ



www.burmeseclassic.com

www.burmeseclassic.com



များတွေထက်သာတယ်လို့ ပြောလို့ရနိုင်ပါသည်။ မောင်စန်းပွင့်သလို 'ညိုပြာ' လည်း ကျော်ကြားလှသောသူတစ်ယောက်ဖြစ်လေသည်။

ကျောင်းမှာ 'ညိုပြာ' ကိုကြိုက်လို့လိုက်သောယောကျ်ားတွေတော်တော်များပါသည်။ ထိုယောကျ်ားတွေကို 'ညိုပြာ' က လုံးဝစိတ်ဝင်တစားမဖြစ်မိဘဲ မောင့်တစ်ယောက်ကိုပဲ စွဲလန်းနေတော့တာဖြစ်သည်။

မေဂျာမတူတဲ့အတွက် 'ညိုပြာ' က မောင်တို့အတန်းရှိတဲ့အဆောင်ကို ခဏခဏသွားပြီး ဟန်ရေးပြနေမိတတ်သည် ကြာတော့ ယောကျ်ားလေးဖြစ်တဲ့မောင်ဟာ 'ညိုပြာ' ရဲ့အထ ကိုသတိထားလာမိတော့သည်။

သင်ပေးစရာမလိုဘဲနဲ့ကို တစ်ယောက်ရင်ထဲကခံစာ ချက်ကို ကျန်တစ်ယောက်ကအလိုလိုသိမြင်လာခဲ့ရတော့တာပါ မောင့်မှာရည်းစားရှိနေတယ်ဆိုတာကို သိသိရဲ့နဲ့ 'ညိုပြာ' ကချ ခဲ့တာဆိုတော့ မောင့်ထက် 'ညိုပြာ' အချစ်ကပိုတယ်လို့ပြော မည်ထင်သည်။

တစ်ဖက်မိန်းကလေးကိုတော့ အားနာပါသည်။ ဒါယေ ကာယကံရှင်ဖြစ်တဲ့မောင်ကိုယ်တိုင်ကိုက 'ညိုပြာ' ဘက်ကိုပါလ





ခဲ့တာဆိုတော့ 'ညိုပြာ' လည်းဘာတတ်နိုင်တော့မှာလဲ။

'ညိုပြာ' နဲ့ချစ်သူတွေဖြစ်ပြီးတဲ့နောက်ပိုင်း မောင့်ဘက်ကဇာတ်လမ်းတွေငြိမ်လာသည်လို့ထင်မိသည်။ သူငယ်ချင်းတွေကလည်းပြောကြသည်။

"နင်တော်တော်စွမ်းတာပဲ 'ညိုပြာ' ရဲ့... 'ကျော်ခန့်' ကို တခြားမိန်းကလေးတွေနဲ့တွဲတာ မတွေ့ရတော့ဘူး... သူ့လောက်ပွေရှုပ်တဲ့ကောင် နင်နဲ့ကျတော့ခြေငြိမ်သွားတာ အံ့သြဖို့တော့ တော်တော်ကောင်းတယ်သိလား"

'ညိုပြာ' ကျေနပ်စွာနဲ့ပြုံးနေလိုက်ပါသည်။ မောင့်ကိုလည်း ပိုချစ်သွားခဲ့ရသည်။ ချစ်သူတွေဖြစ်ပြီးတဲ့နောက်မှာ အရေးကြီးဆုံးက တစ်ယောက်အပေါ်တစ်ယောက် သစ္စာစောင့်သိုခြင်းပဲဖြစ်ပါလိမ့်မည်။

မောင် 'ညိုပြာ' ကိုသစ္စာထားပြီးချစ်လေ၊ 'ညိုပြာ' ဘက်ကမောင်ဖြစ်ချင်တဲ့ဆန္ဒတွေကို ဖြည့်ဆည်းပေးဖို့ကြိုးစားမိလေပဲဖြစ်သည်။

"'ညိုပြာ' ဘယ်လဲ"

"သြော် သူငယ်ချင်းနဲ့ချိန်းထားလို့ပါ"

"'ညိုပြာ' ကတော့အပူမရှိဘူးနော်... 'မမိ' ကတော့ဘာ



www.burmeseclassic.com

www.burmeseclassic.com



တွေအရေးကြီးနေသလဲမသိပါဘူး”

“အမေဘာဖြစ်လို့လဲ... အေးဆေးပါပဲ”

“ဘယ်ကလာအေးဆေးရမှာလဲ... ခုလေးတင်ပဲအရေးပေါ်ကိစ္စဖြစ်လို့ဆိုပြီး အန်တီ့ဆီမှာသူ့ဆွဲကြိုးကိုငွေငါးသောင်းနဲ့လာပေါင်သွားတယ်”

‘ညိုပြာ’ ရှက်သွားရသည်။ အမေကြောင့်တော့ခက်ပါတယ်။ ငွေလိုတာများ တခြားသူတွေဆီမှာ ပစ္စည်းကိုသွားပေါင်လိုက်ပါလား။

ခုတော့ တစ်ရပ်ကွက်လုံးကသတင်းမှန်သမျှကို လိုက်ဖြန့်ဖြူးနေတဲ့ ဒေါ်စပ်စုဆီကျမှ ပစ္စည်းလာပေါင်ရတယ်လို့။ ‘ညိုပြာ’ က ပျက်နေတဲ့မျက်နှာကိုပြင်လိုက်ရင်း...

“ဟုတ်လား... ‘ညိုပြာ’ လည်းမသိဘူး... အမေကအဲ့ဒီလိုပဲ ဘာတွေလုပ်နေမှန်းကိုမသိဘူး... အဖေလခအပြင် တခြားဝင်ငွေတွေလည်းရှိနေရဲ့သားနဲ့ သူသုံးလို့ကိုမလောက်နိုင်ဘူး... ‘ညိုပြာ’ ပြောလိုက်မယ်... အန်တီ့ဆီကဆွဲကြိုးကို အမေအမြန်လာရွေးမှာပါ”

“ဩော် ရွေးစေချင်လို့ပြောတာမဟုတ်ပါဘူး... ဘာအခက်အခဲတွေများရှိနေသလဲသိရအောင် ‘ညိုပြာ’ ကိုမေးနိုင်းကြည့်





တာ... ‘ညိုပြာ’ ကသမီးကြီးဆိုတော့ အစစအရာရာတွေးတောဆင်ခြင်တတ်တယ်လေ... ဟုတ်တယ်မဟုတ်လား”

‘ညိုပြာ’ အယောင်အမှားမှားဖြင့် ခေါင်းကိုညိတ်ပြပြီး ထွက်လာခဲ့လိုက်မိသည်။ ဒီမိန်းမကြီး ‘ညိုပြာ’ ခုနကဖုန်းပြောတာတွေကိုကြားပြီး တမင်ပဲနှိပ်ကွပ်နေတာလားမပြောတတ်ပါ။

မျက်နှာအပျက်ပျက်နဲ့ အပြေးထွက်သွားသော ‘ညိုပြာ’ ကိုကြည့်ပြီး ‘ဒေါ်တင့်’ က ခေါင်းကိုခါနေမိသည်။ ဒီကလေးမ ဘာလုပ်နေတယ်ဆိုတာကို သိနေရတဲ့အတွက် မိဘတွေနေရာကနေ စိတ်မကောင်းဖြစ်မိပါသည်။

‘ညိုပြာ’ ကိုသူတို့အိမ်က ဘယ်လောက်အရေးပေးတယ် ဘယ်လောက်အားကိုးတယ်ဆိုတာကို တစ်ရပ်ကွက်တည်းနေတဲ့သူတွေအားလုံးကသိကြသည်။

‘မောင်ညီညီ’ တို့အသိုင်းအဝိုင်းက ‘ညိုပြာ’ ကိုသဘောကျတယ်ဆိုတော့လည်း သူတို့အစားဝမ်းသာရသည်။ မိဘတွေသဘောကျလက်ခံပေးတဲ့ ‘ညိုပြာ’ ကိုလည်းချီးကျူးနေမိတာပါ။

အခုတော့ ဒီကောင်မလေးလုပ်နေတဲ့အချိုးအချိုတ်တွေက မိဘတွေသိရင် ရင်ကွဲရမယ့်အဖြစ်မျိုးပါ။ အမေကိုဘယ်လိုတွေပြောပြီး ပိုက်ဆံငါးသောင်းကိုတောင်းလိုက်သည်မသိ။



www.burmeseclassic.com

www.burmeseclassic.com



အမေဖြစ်သူကတော့ သမီးတောင်းတဲ့ငွေကိုပေးချင်လွန်းတာကြောင့် ပြဿနာကိုခတ်နေသည်။ ရည်းစားအတွက်သာဆိုရင် 'မမိ' ကဘယ်ပေးပါ့မလဲ။ သူတို့အားလုံး 'မောင်ညီညီ' နဲ့ပဲ သဘောတူတယ်ဆိုတာကို အားလုံးကသိနေကြတာပဲ။

'ညီပြာ' ဘာတွေလှုပ်ရှားနေတယ်ဆိုတာကို 'မမိ' ကိုခပ်တိုးတိုးတိတ်တိတ်သတိသွားပေးထားရင် ကောင်းမလားမသိပါ။ 'ညီပြာ' ရဲ့ကောင်လေးက ဘယ်သူဆိုတာကိုမသိသေးပေမယ့် ရည်းစားဘ၀တည်းက မိန်းကလေးဆီက ငွေကိုယူသုံးနေတာ ကောင်းတဲ့အလုပ်တော့မဟုတ်ပါ။

ဘာပဲဖြစ်ဖြစ် လူကြီးတစ်ယောက်အနေနဲ့ အသိပေးသင့်တာကို ပြောပြရမှာမိတ်ဆွေကောင်းတွေရဲ့ တာဝန်တစ်ခုပဲမဟုတ်လား။

ကိုယ်ဖုန်းခိုးနားထောင်တာကို သိရင်လည်းသိပါစေတော့။ 'မမိ' တစ်ယောက် သူ့သမီးသူအချိန်မီထိန်းသိမ်းထားနိုင်ရင် အရာအားလုံးအတွက် စိတ်ချမ်းသာစရာတွေဖြစ်လာနိုင်သေးသည်လေ။

'မောင်ညီညီ' တို့ဘက်ကသာ ဒီကိစ္စကိုသိသွားရင်အခြေအနေတွေက ကောင်းနိုင်တော့မယ်မထင်။





'ဒေါ်တင့်' သည်ဆိုင်ရှင်းတဲ့အချိန် 'မမိ' ဆီကိုသွားဖို့ဆုံးဖြတ်လိုက်မိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## ၄

မြူးဖျနေသောမောင့်မျက်နှာကလေးကို မြင်ရတာသည် 'ညိုပြာ' ရဲ့စိတ်ကိုလန်းဆန်းအေးမြစေတာနဲ့အတူတူပဲဖြစ်သည်။ 'ညိုပြာ' ပေးလိုက်တဲ့ငွေငါးသောင်းကိုကိုင်ပြီး မောင်ကစကားချိုချိုတွေနဲ့ ကတိတွေပေးနေပါသည်။

"မောင်အဆင်ပြေတာနဲ့ 'ညိုပြာ' ပိုက်ဆံကိုပြန်ပေးမယ်နော်... အချစ်ကိုမောင်ဘယ်လိုချစ်မှန်းကို မသိဘူးကွာ... မောင့်ရင်ထဲမှာအချစ်တွေမရှိတော့လောက်အောင်ကို 'ညိုပြာ' ကိုချစ်တယ်သိလား... 'ညိုပြာ' နော် မောင်ကလွဲပြီးနောက်ထပ်ဘယ်သူ့ကိုမှမချစ်ရတော့ဘူး ကြားလား"





မောင်က 'ညိုပြာ' ပါးကိုအနမ်းတွေပေးရင်း လေသံတိုးတိုးကလေးနဲ့ပြောနေတာဖြစ်သည်။ မောင့်ဆီကငွေကို 'ညိုပြာ' မလိုချင်ပါ။

'ညိုပြာ' လိုချင်တာ မောင့်ဆီကအချစ်တွေ။ နွေးထွေးတဲ့အကြင်နာတွေ၊ ရင်ခုန်မက်မောဖွယ်ကောင်းတဲ့ အနမ်းတွေကိုသာဖြစ်သည်။

ကျန်တာတွေ မလိုအပ်ပါဘူး။

"'ညိုပြာ' ကိုစိတ်မပူပါနဲ့ မောင်ရယ်... 'ညိုပြာ' ဘဝက မောင်ပါ... မောင်ဖြစ်ချင်တာဆိုရင် 'ညိုပြာ' ဘက်ကဘာမဆို မဖြစ်ဖြစ်အောင်လုပ်ပေးဖို့ပဲစဉ်းစားတယ်... မောင့်ဆီကအချစ်တွေကိုရနေရင်ပဲ ကျေနပ်နေပြီ"

"အိုကွာ အချစ်တွေတင်မဟုတ်ဘူး မောင့်ဘဝတစ်ခုလုံးကိုပါ 'ညိုပြာ' လက်ထဲအပ်ချင်နေပြီသိရဲ့လား"

"'ညိုပြာ' လည်းမောင့်လိုပါပဲ... မောင်သာသတ္တိမွေးထား... အိမ်က 'ညိုပြာ' ကိုယောကျ်ားအတင်းပေးစားရင် မောင့်ဆီကိုအပြေးလာခဲ့မှာသိလား... အဲဒီအချိန်ကျမှမောင်ငြင်းရင် 'ညိုပြာ' နဲ့အတွေ့ပဲ ဟွန်း"

"ဘာလို့ငြင်းရမှာလဲ... ချက်ချင်းကိုခေါ်ပြီးနောက်ထပ်ပစ်

www.burmeseclassic.com



လိုက်မှာပေါ့"

"သွား အပို"

မောင်က 'ညိုပြာ' ကိုယ်လုံးလေးကိုသူ့ရင်ခွင်ထဲအတင်းဆွဲထည့်ကာ ခပ်တင်းတင်းဖက်ထားလိုက်လေသည်။ အသက်ရှူကြပ်ပေမယ့်လည်း မောင့်ရင်ခွင်နွေးနွေးက 'ညိုပြာ' အတွက်တော့ ခိုလှုံချင်စရာကောင်းဆဲပါပဲ။

ညနေမစောင်းခင် မောင်က 'ညိုပြာ' ကိုအိမ်အနားအထိလိုက်ပို့ပေးသည်။ ခွဲရခါနီးတော့ မောင့်မျက်နှာကညိုချင်လာရသည်။

"မျက်နှာကြီးကဘာယ်လိုဖြစ်နေတာလဲကွာ... ကျောင်းမှာမတွေ့ရမှာကျနေတာပဲ"

"ခဏလေးတောင်မခွဲချင်လို့ပေါ့ကွာ... မောင်ကအချစ်ကိုချစ်တော့ ရင်ထဲမှာလွမ်းနေတယ်"

"ဟင်း ကဲပါမောင်ရယ်... ပြန်တော့နော်... အိမ်ကအရမ်းကြာရင် 'ညိုပြာ' ကိုဟိုမေးဒီမေးတွေလုပ်နေမှာစိုးလို့... မနက်ဖြန်ကျမှ 'ညိုပြာ' ကျောင်းကိုစောစောလာခဲ့မယ်နော်"

"တကယ်စောစောလာမှာလား"

"လာမှာပေါ့"





အလွမ်းတွေထည့်ထားတဲ့ 'ကျော်ခန့်' ရဲ့မျက်နှာက 'ညိုပြာ' နဲ့ဝေးသွားသည်နှင့် ခပ်မြူးမြူးဖြစ်လာရတော့သည်။ ငွေမရှိလို့အိမ်ထဲမှာ အောင်းနေခဲ့ရတာပါ။

အခုလက်ထဲမှာငွေရှိလာတော့ ချိန်းဝိုင်းရှိတဲ့နေရာကိုသွားလိုက်ယုံပဲပေါ့။ အိမ်ကလည်းလိုနေတဲ့ငွေကို မပေး။ ပေးသမျှငွေအားလုံးကလည်း ချိန်းဝိုင်းမှာပဲကုန်ကုန်သွားတာဆိုတော့သူ့ကိုအိမ်ကလူတွေက မသင်္ကာတော့ပါ။

ကစားဝိုင်းကဘော်ဒါတွေကလည်း သူရောက်မလာတဲ့အတွက် တကျိကျိနဲ့ခေါ်နေကြသည်။ ခေါ်တဲ့သူတွေကခေါ်ပြီး သူ့ဘက်ကမသွားနိုင်ရင်ဖြင့် သိက္ခာတော့ကျလှသည်။

ဒီတော့ သူ့မှာရသလိုအကြံဉာဏ်တွေထုတ်ပြီး ဖန်တီးယူရတော့သည်ပေါ့။ 'ညိုပြာ' နဲ့တွေ့တုန်းနည်းနည်းကလေးပဲငြီးငြူပြလိုက်သည်၊ နောက်တစ်ရက်မှာပဲ သူလိုချင်တဲ့ငွေငါးသောင်းက လက်ထဲရောက်လာရတော့သည်။

'ညိုပြာ' သူ့ကိုဘယ်လောက်ချစ်တယ်ဆိုတာကို သိနေတဲ့အတွက် သူ့ဘက်ကလည်း သူမစိတ်တိုင်းကျပြုမူနေထိုင်ပေးခဲ့တာတောင်ကြာပါပြီ။

အရင်တုန်းကလို ရည်းစားတွေခပ်များများမထားဖြစ်



www.burmeseclassic.com

www.burmeseclassic.com



တာက အဲ့ဒီဘက်ကို သူအချိန်မပေးနိုင်တော့သောကြောင့် ဖြစ်သည်။

သူ လက်တလောစိတ်ဝင်စားနေသောသည် ကဒ်ပြားကလေးတွေကိုသာဖြစ်သည်။ သူ့ရဲ့အာရုံကို ဖဲဆိုတဲ့ကဒ်ပြားကလေးတွေကသာ စိုးမိုးထားတော့သည်။

ဒီကဒ်ပြားကလေးတွေနဲ့သာနေနေရရင် သူအရာအားလုံးကိုမေ့နေနိုင်သည်။ သိပ်ချစ်ပါတယ်လို့သူ့ပါးစပ်ကပြောပြောနေတဲ့ 'ညိုပြာ' ကိုလည်း မေ့နေနိုင်တဲ့အထိပါပဲ။

အကြောင်းမကြားဘဲရောက်လာတဲ့ သူ့ကိုသူငယ်ချင်းတွေက အံ့ဩတဲ့ပုံစံနဲ့ကြည့်နေကြလေသည်။ ခေါ်တုန်းကမလာဘူးလို့ပြောတဲ့သူက မခေါ်တဲ့အချိန်မှာရောက်လာတဲ့အတွက်ထူးဆန်းနေကြတာလည်းပါပါလိမ့်မည်။

"ဘာကြည့်နေကြတာလဲကွ... အိမ်ထုပြီးလာတာမဟုတ်ပါဘူး... ငွေပါပါတယ်ကွ"

သူက ငွေငါးသောင်းထုပ်ကို ပြလိုက်သည်။ သူနဲ့အတွဲဆုံး 'သူရ' က...

"ငွေကိုပြောတာမဟုတ်ပါဘူး... မင်းအိမ်ကိုဖုန်းဆက်လိုက်တော့ ငါ့ကိုရေလည်ကောတာကွ... ဒါကြောင့်မင်းအိမ်က





နေမျှားဆင်းသွားပြီလားဆိုပြီး ငါတို့ကပြောနေကြတာ... အခုမင်းကရောက်လာတော့ အေးဆေးပဲဖြစ်နေတယ်လေ... ဘာအထုပ်အပိုးမှလည်းမပါတော့ ငါတို့ကအံ့ဩနေတာပေါ့ကွ"

"အိမ်ကလူတွေကိုတော့ ပြောမနေပါနဲ့တော့ကွာ... အမြဲတမ်းပူနေတာပဲ... ကဲ တစ်အိမ်ဝင်မယ်နော်... ဘေးတော့မထိုးဘူး ဘယ်ကောင်ခန်းနေပြီလဲ... ငါဝင်မယ်"

'ကျော်ခန့်' က အားပါပါနဲ့ငွေငါးသောင်းထုပ်ကိုဘုတ်ကနဲနေအောင်ပစ်ချပြလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

၅

'ဦးသာဖ'က မိန်းမလက်ထဲသို့ ငွေတစ်သိန်းထုပ်ကိုအပ်လိုက်ပါသည်။ သူ့တာဝန်က ခရီးကပြန်လာတဲ့အခါ ရှာလာတဲ့ငွေမိန်းမလက်ထဲ ထည့်လိုက်နိုင်ရင် တာဝန်ကကျေနေပြီမဟုတ်လား။

"နောက်တစ်ခေါက်ပြန်လာရင်တော့ လေးငါးသိန်းလောက်ပါမယ်နဲ့တူတယ်... ဒီတစ်ခေါက်နည်းတာက ငါလည်းဟိုမှာမြတ်မယ်ထင်တာလေးတွေ ဝယ်လှောင်ထားလိုက်သေးတယ်... ပြန်မှပဲဈေးတက်တဲ့အချိန်ကိုစောင့်ပြီးရောင်းတော့မယ်လေ"





'ဖြူဖြာ'နဲ့ 'ဓာနည်'က အဖေဖြစ်သူနားသို့လိုချင်တာတွေပူဆာကြဖို့ ကပ်နေကြသည်။ 'ညိုဖြာ'ကတော့ခပ်လှမ်းလှမ်းကနေ သာ သူတို့တွေဘာပြောမလဲဆိုတာကို နားစွင့်နေလိုက်ပါသည်။

"အဖေကအမေ့လက်ထဲပဲ ပိုက်ဆံတွေထည့်ပေးနေတာပဲ သမီးတို့ကိုလည်း မုန့်ဖိုးလေးဘာလေးပေးဦးလေ... လိုချင်တာလေးတွေဝယ်ဖို့လေ"

"မှတ်တယ်... သားလည်းလိုချင်တာတွေအများကြီးပဲ အမေ့ဆီကတောင်းရင် အဖေပြန်လာမှပေးမယ်လို့ပြောတာကြီးပဲ... ပြီးတော့လည်းဘယ်တော့မှ ရတယ်ဆိုတာမရှိဘူး"

အဖေကအမေ့ကိုကြည့်ပြီး ရယ်နေလေသည်။ အမေကခေါင်းကိုခါပြရင်း...

"သြော် အမေကမပေးချင်လို့မဟုတ်ပါဘူး... ပိုက်ဆံအပိုကုန်မှာစိုးလို့ ပြောနေတာ... တကယ်လိုအပ်တာမှန်သမျှ အမေဝယ်ပေးနေတာပဲမဟုတ်လား..."

"သား ဆုရတုန်းက အမေဘာဝယ်ပေးလို့လဲ... မမကြီးဖို့ကြီးပဲ ဝယ်ပေးနေတာပဲ... သားတို့အလှည့်ကျတော့တစ်ခု့မှကိုရောက်မလာဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ဟိုကတက္ကသိုလ်ကျောင်းသူလေ… ပြီးတော့အမေတို့အိမ်အတွက် အကျိုးပေးနေတဲ့သူ… မမကြီးမျက်နှာနဲ့မင်းတို့အခုမပူမပင်နေနေရတယ်ဆိုတာကိုလည်း ထည့်စဉ်းစားဦးမှပေါ့ တစ်နေ့ 'ညိုပြာ' ယောက်ျားရသွားရင် မင်းတို့ပဲကောင်းစားမှာ အခုအချိန်ပိုင်းလေးကိုတော့ ကိုယ့်အစ်မကြီးကိုပဲ ဦးစားပေးထားကြဦး"

'ညိုပြာ' ပြုံးနေလိုက်သည်။ သြော် ဒီအငယ်နှစ်ယောက်လည်းခက်တာပဲ။ နေရင်းထိုင်ရင်းနဲ့များ 'ညိုပြာ' နဲ့ပြိုင်ဆိုင်ချင်နေရတယ်လို့။

'ညိုပြာ' ကတော့ သူတို့ရဲ့အတိုအထောင်လောက်လေးကိုခေါင်းထဲတောင်မထည့်ပါ။ 'ညိုပြာ' ခေါင်းထဲမှာရှိနေတာစိတ်ချမ်းသာဖို့ပဲဖြစ်သည်။

"မိန်းမရာ… သူတို့လိုချင်တာကိုလည်း ဝယ်ပေးလိုက်ပါဦး… ပိုက်ဆံလည်းမရှိတာမဟုတ်ဘူး… သမီးကြီးကိုပံ့ပိုးပေးတာလည်းပံ့ပိုးပေးတာပေါ့… အငယ်နှစ်ယောက်လည်း လိမ္မာကြတာဆိုတော့ သူတို့ကျေနပ်အောင်ပူဆာတာဝယ်ပေးလိုက်စမ်းပါကွာ"

"အေး ဟေး"

'ဖြူပြာ' နဲ့ 'စာနည်' တစ်ယောက်မျက်နှာတစ်ယောက်





ကြည့်ပြီး ဟေးကနဲအော်ဟစ်လိုက်ကြသည်။ 'ညိုပြာ' ကမဲ့လိုက်ရင်း သူတို့တွေစကားဝိုင်းထဲသို့ဝင်ဖို့ ထိုင်နေရာကနေထလာခဲ့လိုက်ပါသည်။

"ဖေဖေ အလုပ်အဆင်ပြေရဲ့လား… ဖေဖေ့ကိုကြည့်ရတာ ပိန်သွားသလိုပဲ… ပိုက်ဆံရှာတာလည်းရှာတာပေါ့ဖေဖေရယ် ကျန်းမာရေးထိခိုက်အောင်တော့မလုပ်ပါနဲ့… 'ညိုပြာ' တို့လည်းအဆင်ပြေနေတာပဲဟာ… နားနားနေနေလေးနေကြည့်ပါလား"

ဖခင်ရဲ့ခြေထောက်ကိုနှိပ်ပေးရင်း 'ညိုပြာ' ကပြောလိုက်တာဖြစ်သည်။ အငယ်နှစ်ယောက်ကတော့ 'ညိုပြာ' ကိုကြည့်ရင်းငြိမ်နေကြသည်။

"အဖေ့အလုပ်ကမပင်ပန်းပါဘူး သမီးကြီးရယ်… အေးအေးဆေးဆေးပါပဲ… ကိုယ့်ကိုစိတ်ချယုံကြည်လို့ လွှဲအပ်ထားတော့လည်း ကြိုးစားပြရတာပေါ့… အဖေပိုက်ဆံရှာနိုင်ပါသေးတယ်… မရှာနိုင်တဲ့တစ်နေ့ကျရင်တော့လည်း နားတာပေါ့ကွာ"

"'ကိုညီ' ပြန်လာရင် သမီးတို့မင်္ဂလာကိစ္စကိုစီစဉ်မယ်လို့ 'အန်တီဖြူ' ကတော့ပြောတာပဲ… 'ကိုညီ' နဲ့လက်ထပ်ဖြစ်သွားရင်တော့ အဖေလည်းနားလို့ရပါပြီလေ… ဘာအလုပ်မှမလုပ်ပါနဲ့တော့… သမီးအဖေတို့အေးအေးဆေးဆေးနေနိုင်အောင်



www.burmeseclassic.com

www.burmeseclassic.com



ထောက်ပံ့ပါ့မယ်”

‘ဦးသာဇံ’ မျက်လုံးထဲမျက်ရည်တွေဝဲလာရကာ သမီးဖြစ်သူအား အားကိုးချစ်ခင်သောအကြည့်တွေနဲ့ စိုက်ကြည့်နေမိပါသည်။ ‘ဒေါ်မိမိ’ ရင်ထဲမှာလည်း ‘ညိုပြာ’ ရဲ့စကားတွေအတွက် ကျေးဇူးတွေတင်နေမိသည်။

ဒီသမီးကြီးတစ်ယောက်ရှိတာ သူတို့မိသားစုအတွက် ကံကောင်းခြင်းတွေသယ်ဆောင်လာတဲ့အတိုင်းပါပဲ။ မိဘတွေအပေါ်သိပ်ကိုသိတတ်သည်။

ရှေ့ရေးကိုလည်း သိပ်ပြီးပူပင်တတ်ပါသည်။ ‘ကိုညီ’ နဲ့ကိစ္စဆိုရင်လည်း မိသားစုဘဝကောင်းစားဖို့အတွက် ဘာကိုမှစဉ်းစားတွေဝေမနေဘဲ ချက်ချင်းကိုခေါင်းညိတ်ပြခဲ့သည်။

ဒီလိုသမီးမျိုးကို ဖူးဖူးမှုတ်မထားလို့ဘယ်သူ့ကို ‘ဒေါ်မိမိ’ တို့ကဖူးဖူးမှုတ်ထားရမှာလဲ။

“ ‘မောင်ညီညီ’ နဲ့ကိစ္စကို သမီးကိုယ်တိုင်ကကျေကျေနပ်နပ်နဲ့လက်ခံတာလား… မိသားစုအတွက်ဆိုပြီး တကယ်လက်မထပ်နိုင်ဘဲနဲ့ ဖွတ်မျက်စိမှိတ်လက်ခံတာမျိုးကိုတော့ အဖေခွင့်မပြုနိုင်ဘူး… ကိုယ့်ဘဝစိတ်ချမ်းသာတာကိုလည်း စဉ်းစားရမယ်”

‘ညိုပြာ’ က ခေါင်းကိုခါပြသည်။





“ဘာကိုစဉ်းစားရဦးမှာလဲ အဖေရယ်… မိသားစုပျော်တယ်ဆိုရင် သမီးလည်းပျော်တာပဲပေါ့… ‘ကိုညီ’ ကလည်းတခြားသူမှမဟုတ်တာ… ငယ်ငယ်ကတည်းက ရင်းနှီးခဲ့တဲ့သူဆိုတော့ သမီးအတွက်ကံကောင်းမှာပါ… ‘အန်တီဖြူ’ တို့တစ်အိမ်လုံးကလည်း သမီးကိုချစ်တော့အဆင်မပြေစရာမရှိပါဘူး… အခုကအဖေတို့ကိုချမ်းချမ်းသာသာနဲ့ အဆင့်မြင့်မြင့်လေးနေရဖို့ပဲအရေးကြီးပါတယ်”

“သမီးဒီလိုသိတတ်လေ အဖေတို့ဘက်ကပိုပြီးကျေးဇူးတင်ရလေပါပဲ… ကျောင်းစာတွေဘာတွေကော လိုက်နိုင်ရဲ့လား ကျူရှင်တွေဘာတွေတက်ချင်ရင်လည်းတက်နော်… ငွေရေးကြေးရေးနဲ့ပတ်သက်ပြီး သမီးကြီးစိတ်ထဲပူပင်မနေနဲ့… အဖေတို့လက်ထဲမှာ ငွေရှိပါတယ်… သမီးအမေလည်း စုထားတယ်”

“အင်း သမီးကစဉ်းစားနေတာ… အမေ့ကိုလည်းအားနာလို့မပြောဘဲနေနေတာ… အခုကျောင်းကသူငယ်ချင်းတွေကသူတို့အိမ်မှာ ဝိုင်းသဘောမျိုးကျူရှင်ယူကြတယ်… အားလုံးကတက်ကြတော့ သမီးတစ်ယောက်တည်းမတက်လို့လည်းမကောင်းဘူးလေ… စာတွေကလည်းနည်းနည်းတော့ခက်တယ်”

“ကျောင်းစာကိစ္စပဲသမီးရယ်… လိုအပ်ရင်တက်ရမှာပေါ့



www.burmeseclassic.com

www.burmeseclassic.com

သမီးအမေကို ကျူရှင်တက်မယ်ဆိုပြီး ပိုက်ဆံတောင်းလိုက်ရင် ပြီးနေတဲ့ဟာ ဘာလို့မပြောဘဲနေရတာလဲ... သူငယ်ချင်းတွေလည်းတက်တယ်ဆိုတော့ ငါ့သမီးတစ်ယောက်တည်းမတက်ဘဲနေလို့ဘယ်ကောင်းမလဲ... တက်ရမှာပေါ့... ကျူရှင်လခကဘယ်လောက်မို့လို့လဲ"

"တစ်လ နှစ်သောင်းတဲ့"

"ဩော် နှစ်သောင်းများသမီးရယ်... တက်စမ်းပါ... အဖေပေးနိုင်ပါတယ်"

"အဖေပေးနိုင်ပေမယ့် သမီးကတော့အားနာတယ်... တခြားအပိုကုန်တဲ့ငွေတွေလည်း ရှိသေးတာဆိုတော့ သမီးအတွက်ထပ်ကုန်ရမှာမျိုးကိုမလိုလားဘူး"

"လိုအပ်လို့ကုန်ရတာမျိုးကို ဘာလို့စကားထဲထည့်ပြောနေရတာလဲ... တက် တက်... လိုတဲ့ငွေသမီးအမေဆီမှာတောင်းလိုက်ကြားလား"

'ညိုပြာ' က အားနာသလိုပုံစံဖြင့် ခေါင်းကိုငုံ့ထားလိုက်သည်။ ဒီတော့ အမေက စကားစလာသည်။

"ဘာလို့အခုမှပြောရတာလဲ သမီးရယ်... အမေ့ဆီက်ထဲမှာပိုက်ဆံရှိပါတယ်... သမီးလိုတဲ့အချိန် အမေ့ကိုပြောစမ်းပါ...





အမေထုတ်ပေးမှာပေါ့"

'ညိုပြာ' ရင်ထဲမှာပြောချင်တဲ့စကားတွေ အများကြီးရှိနေပါသည်။ ဒါပေမဲ့ အငယ်နှစ်ကောင်ရှိနေတာကြောင့် ပြောချင်တဲ့စကားတွေကို မြိုသိပ်ချနေရသည်။ ကံကောင်းတာက အဖေကထိုင်နေရာကနေ အငယ်နှစ်ကောင်ကိုခေါ်ကာ လမ်းထိပ်မှာမုန့်သွားစားမယ်ဆိုပြီး ခေါ်သွားချင်းပါပဲ။

အဖေခရီးကပြန်လာတိုင်း သူတို့နှစ်ယောက်နဲ့အမြဲတမ်းမုန့်ထွက်စားနေကြဖြစ်သည်။

"ဘာစားဦးမလဲ... ခေါက်ဆွဲကြော်တို့ဘာတို့ ဝယ်ခဲ့ရဦးမလား"

"မဝယ်နဲ့... အိမ်မှာဟင်းတွေချက်ထားတယ်... အဆာပြေလောက်ပဲစားလာကြ"

အဖေတို့ထွက်သွားတော့မှ ပြောချင်နေတဲ့စကားတွေကို 'ညိုပြာ' ကပြောချလိုက်ပါသည်။

"အမေ့မှာတကယ်ပဲ ပိုက်ဆံရှိလို့လား... တကယ်မရှိဘဲနဲ့ သမီးစိတ်ချမ်းသာဖို့ကိုကြည့်ပြီး ရှိတယ်လို့မပြောပါနဲ့... အမေ့စကားကိုယုံလိုက်မိလို့ သမီးအရှက်ကွဲရတယ်ဆိုတာကော အမေသိလို့လား"



www.burmeseclassic.com

www.burmeseclassic.com



'ဒေါ်မိမိ' ကြောင်သွားရသည်။ 'ညိုပြာ' ပြောတဲ့စကားတွေကို သူမတစ်လုံးမှကိုနားမလည်ချေ။ မိမိကြောင့်များ သမီးကြီးအရှက်ကွဲရသတဲ့။ မဖြစ်နိုင်တာ။

"အမေ့ကြောင့် သမီးကအရှက်ကွဲရတယ်ဆိုတာ ဘာကိုပြောတာလဲ... အမေတော့နားမလည်ပါဘူး... ရှင်းရှင်းလင်းလင်းပြောစမ်းပါ"

"လမ်းထိပ်က 'ဒေါ်တင့်' လေ... စပ်စုတဲ့မိန်းမကြီးကိုအမေသိတယ်မဟုတ်လား"

'ဒေါ်မိမိ' မျက်နှာပျက်သွားရသည်။

"'ဒေါ်တင့်' ဘာဖြစ်လဲ"

"ဘာဖြစ်ရမှာလဲ... သမီးတောင်းတဲ့ငွေငါးသောင်းကိုအမေသူ့ဆီမှာ ဆွဲကြိုးပေါင်ပြီးယူလာပေးတာမဟုတ်လား... ဆွဲကြိုးလည်းပေါင်ရသေးတယ် လူကိုလည်းပြောလိုက်တာမျိုးစုံနေတာပဲ... သမီးကပဲမိသားစုကို နှိပ်စက်နေတဲ့သူကြနေတာပဲ... မိဘကိုပြန်ကြည့်ဦးဘာဦးနဲ့... အမေမို့လို့ သူ့ဆီမှာသွားပေါင်တယ်... ရပ်တကာကိုလှည့်ပြောနေရင်တော့ သမီးတော့ရှက်လို့သေမှာပဲသိလား... 'အန်တီဖြူ' တို့သိသွားရင်လည်း ဘယ်လိုမျက်နှာမျိုးနဲ့နေရမှာလဲ... သူ့သားကိုလက်ဆောင်ပေးချင်တာနဲ့ပဲ ဆွဲ





ကြိုးတောင်ပေါင်ပေးရတယ်ဆိုပြီး အထင်သေးတော့မှာ"

'ညိုပြာ့' အသံတွေကတုန်နေသည်။ 'ဒေါ်မိမိ' ရင်ထဲမှာလည်း 'ဒေါ်တင့်' အပေါ် စိတ်တိုသွားမိသည်။ လူမသိအောင်တိုးတိုးတိတ်တိတ်လုပ်တဲ့ကိစ္စကို သူဘာလို့သမီးသိအောင်ဖွင့်ပြောပြရတာလဲ။

စည်းနဲ့ဆိုတာတော့ရှိရဦးမှာပေါ့။ သူ့ဆီကငွေကိုလည်းအလကားယူတာမဟုတ်။ ရွှေလည်းပေးထားသေးသည်၊ ပြီးတော့အတိုးလည်းပေးရသည်။ သူ့ဘက်ကနှုတ်ကလေးလုံပေးဖို့ပဲလိုတာကို လျှောက်ဖွပစ်သည်ဆိုတော့ ဒီမိန်းမတော်တော့်ကိုလွန်တာပေါ့။

"အမေ့ဆွဲကြိုးကို ဘယ်တော့ပြန်ရွေးမှာလဲ... မရွေးနိုင်သေးရင် သမီးဆွဲကြိုးကိုတခြားမှာပေါင်ပြီး သူ့ဆီကအမေ့ဆွဲကြိုးကိုပြန်သွားရွေးလိုက်တော့"

'ညိုပြာ' သည် လည်ပင်းမှာဆွဲထားတဲ့ ဆွဲကြိုးမျှဉ်မျှဉ်ကိုချွတ်ပစ်လိုက်ကာ အမေ့လက်ထဲထည့်ပေးလိုက်သည်။ အမေက 'ညိုပြာ' လက်ကိုတွန်းလွှတ်ရင်း...

"မယူပါဘူး သမီးရယ်... အမေချက်ချင်းပြန်ရွေးမှာပါလက်ထဲမှာလည်းပိုက်ဆံရလာပြီဆိုတော့ မနက်ဖြန်သွားရွေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့မယ်… နောက်ဆိုလည်း ဒီမိန်းမဆီမှာတယ်တော့မှ ပစ္စည်းမထားတော့ဘူး စိတ်ချ… နေရာတကာအာကကျယ်လွန်းတယ်… အမေ့မှာရှိတဲ့ပိုက်ဆံတွေကို အပေါင်ပေးထားတယ်ဆိုတော့ ရုတ်တရက်သမီးတောင်းတော့ လက်ထဲမှာငွေမပြည့်တာနဲ့ သူ့ဆီကိုသွားလိုက်တာ”

“သမီးက ‘အန်တီဖြူ’ တို့သိသွားမှာကိုပဲ စိုးဖော”

“မသိနိုင်ပါဘူးကွယ်… အမေလည်းပြောလိုက်ပါ့မယ်… ဒါမှအာချောင်ပြီးလျှောက်မပြောရဲတော့မှာ”

“ဒါဆို အမေ့ဆွဲကြိုးကိုမြန်မြန်ပဲရွေးလိုက်တော့နော်”

“အေးပါ”

“တစ်ခါတည်းအမေ့လက်ထဲမှာပိုက်ဆံရှိတုန်း ကျူရှင်လခကြိုတောင်းထားလိုက်တော့မယ်… ပေးလို့ဖြစ်ရဲ့လား”

“အို ဖြစ်ပါတယ်… အမေပေးမယ်”

အမေကပိုက်ဆံတွေကိုရေတွက်ရင်း ‘ညိုပြာ’ လက်ထဲလာထည့်ပေးသည်။ အမေပေးတဲ့ငွေကနှစ်သောင်းပါ၊ ‘ညိုပြာ’ လိုချင်တာက နှစ်သောင်းထက်ပိုသော ငွေဖြစ်သည်။

“မုန့်ဖိုးလည်းနည်းနည်းပေးဦးနော်”

“ဘယ်လောက်ယူမှာလဲ”





“အမေ စေတနာရှိသလောက်ပေါ့”

“ရော့ ရော့… ပိုက်ဆံကိုလည်းသေချာသိမ်းထားဦး… ဟိုအငယ်နှစ်ယောက်မြင်ရင် သမီးကြီးကိုပဲပေးတယ်ဆိုပြီး ဂျီကျနေဦးမယ်”

“အင်းပါ အမေရဲ့”

‘ညိုပြာ’ လက်ထဲသို့အားလုံးပေါင်း ငွေသုံးသောင်းရောက်နေအောင် ရောက်လာရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## ၆

ကလေးတွေကျောင်းသွားတဲ့အချိန်ရယ်၊ ယောက်ျားဖြစ်သူ အလုပ်ကိစ္စနဲ့ပတ်သက်ပြီးအပြင်ထွက်တဲ့အချိန်ရယ်ကိုချောင်းပြီး 'ဒေါ်မိမိ' အပြင်ထွက်ဖို့ပြင်လိုက်မိသည်။ 'မတင့်' ဆီမှာပေါင်ထားတဲ့ဆွဲကြိုးကို ပြန်ရွေးရအောင်လို့ပါ။

ဆွဲကြိုးကိုပြန်ရွေးရင်း ပြောစရာရှိတာတွေကိုလည်းပြောရဦးမည်။ ငွေလေးတစ်ခါလောက် အဆင်မပြေလို့ပစ္စည်းသွားထားမိပါသည်၊ အရှက်ခွဲသလိုမျိုး လူတကာကိုလိုက်ပြောနေတာကတော့အလုပ်ကိုမဟုတ်ပါ။

'ညိုပြာ' ရှက်မည်ဆိုလည်း ရှက်ရာမည်ပေါ့။ သူကထို





ငွေနဲ့ 'မောင်ညီညီ' အတွက်ပစ္စည်းလက်ဆောင်ဝယ်ပေးတာဆိုတော့ 'မမဖြူ' တို့သိသွားရင် ဘယ်လိုဖြစ်သွားမလဲ။

ဒေါသဖြစ်ချင်တဲ့အတွေးတွေဖြင့် လမ်းထိပ်သို့လျှောက်လာစဉ် 'ဒေါ်တင့်' ကိုတွေ့လိုက်ရပါသည်။ 'ဒေါ်တင့်' ကလည်း မိမိလာတဲ့လမ်းအတိုင်းကို တည့်တည့်လျှောက်လာတာပါ။

“'မတင့်' ဘယ်လဲ... ကျွန်မကိစ္စကိုအရင်လိုက်လုပ်ပေးဦး... ရှင်သွားစရာရှိတာနောက်မှသွားတော့”

“ဘာကိစ္စလဲ... ပစ္စည်းထားဦးမလို့လား... ကျွန်မလည်း 'မမိ' အိမ်ကိုပဲထွက်လာခဲ့တာ ပြောစရာလေးတွေလည်းရှိလို့လေ ကျွန်မအိမ်ကိုပဲသွားမလား”

“သွား သွား... ဟိုတစ်နေ့ကထားတဲ့ဆွဲကြိုးကိုပြန်လာရွေးတာ... 'မတင့်' ကိုလည်း ကျွန်မကပြောစရာတွေရှိသေးတယ် ဆိုင်မှာကောလူရှင်းရဲ့လား”

“ရှင်းပါတယ်...”

'ဒေါ်မိမိ' က ပြောချင်တဲ့စကားတွေကို ကြိုတင်ပြီးစီစဉ်နေမိသည်။ မကျေနပ်ချက်တွေ ကျန်ခဲ့လို့မဖြစ်ပါ။

“ပစ္စည်းလာပြန်ရွေးတယ်ဆိုတော့ အဆင်ပြေသွားပြီလား... အဆင်မပြေသေးရင်လည်း ယူထားပါ... ကျွန်မဘက်က



www.burmeseclassic.com

www.burmeseclassic.com



အရင့်မလိုသေးပါဘူး"

"ပြေပါတယ်… ပြေလည်လို့တောင် ကျွန်မကိုယ်တိုင်က ငွေတိုးချေးစားနေသေးတာပဲဟာ… ဒီငွေယူတုန်းကလည်းလက်ထဲမှာသိပ်မကျန်တော့လို့ လာယူလိုက်တာ… သမီးကြီးသိလို့စိတ်တောင်ဆိုးသေးတယ်"

"'ညီပြာ' လား…"

"ဟုတ်တယ်… သူစိတ်ဆိုးလည်းခံချင်စရာပဲပေါ့… 'မတင့်' လုပ်တဲ့ပုံကဟုတ်မှမဟုတ်ဘဲ… ငွေလေးငါးသောင်းလောက်ယူမိတာများလူတကာသိအောင် ဘာလို့လျှောက်ပြောနေရတာလဲ သမီးသိတော့ရှက်တာပေါ့… ပြီးတော့ကျွန်မက အလကားယူတာလည်းမဟုတ်ပါဘူး… ပစ္စည်းထားပြီးအတိုးလည်းပေးတာပါ… ဒါကို 'မတင့်' က သိက္ခာချသလိုပြောတာကတော့ အလုပ်မဟုတ်ဘူးနဲ့တူတယ်"

"ကျွန်မဘာပြောလို့လဲ 'မမိ' ရဲ့… 'မမိ' ငွေယူတဲ့ကိစ္စနဲ့ပတ်သက်ပြီးဘယ်သူ့ကိုမှ ဘာမှမပြောပါဘူး… ပြောစရာလည်းမလိုဘူးလေ… သူများအတွင်းရေးကိစ္စ ကျွန်မနဲ့ဘာဆိုင်တာမှတ်လို့"

"ဒါဆို 'ညီပြာ' နဲ့တွေ့တုန်းက ဆွဲကြိုးလာပေါင်တာကို





ဘာလို့ပြောလိုက်သလဲ… မသိချင်ဟန်ဆောင်နေရင်ရတာပဲဟာ"

"သြော် မပြောမဖြစ်လို့ပြောလိုက်ရတာပေါ့… 'မမိ' ကတော့ လည်ပင်းကဆွဲကြိုးကိုချွတ်ပြီးလာပေါင်တယ်… 'ညီပြာ' က 'မမိ' စေတနာကိုနားမလည်ဘဲ မလုပ်သင့်တာကိုလုပ်နေလို့စာနာအောင်ပြောပြလိုက်တာ"

"ဘာလုပ်လို့လဲ… သမီးကြီးလုပ်တဲ့ကိစ္စမှန်သမျှ ကျွန်မမသိတာဘာမှမရှိဘူး… သူ ကျွန်မကိုအကုန်ဖွင့်ပြောတယ်"

"ဟင်း သေချာလို့လား"

'ဒေါ်တင့်' က နှုတ်ခမ်းကိုရွဲ့ရင်း မကျေမနပ်ပြောလိုက်သည်။ 'ညီပြာ' ဘာတွေလုပ်နေတယ်၊ ဘယ်သူနဲ့ချိန်းပြီးသွားနေတယ်ဆိုတာတွေကို သူဖုန်းပြောတဲ့အခါ မိမိခိုးနားထောင်ထားတဲ့အတွက် အကုန်သိနေရသည်။

'မမိ' ကတော့ သူ့သမီးကြီးကို အတော်ယုံကြည်ပုံရ၏။ အဲ့ဒီလိုယုံကြည်လွန်းလို့လည်း 'ညီပြာ' တစ်ယောက် လုပ်ချင်တာလုပ်နေတာပဲနေမှာ။

"ရှင့်ပုံစံက 'ညီပြာ' ကိုမယုံသလိုမျိုးဖြစ်နေတယ်… 'ညီပြာ' လောက် မိဘတွေအပေါ်သိတတ်တာ မိသားစုကိုချစ်တတ်တာဘယ်သူမှမရှိဘူးဆိုတာ မှတ်ထား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါက 'မမိ' အပြောကို… 'ညိုပြာ' ခြေရှုပ်နေတာကိုကျ တော့ 'မမိ' မှမသိဘဲ… ကျွန်မအားလုံးသိနေတယ်"

"ဘာခြေရှုပ်တာလဲ… မဟုတ်ဘဲနဲ့ရမ်းသမ်းမပြောနဲ့နော် ရှင်စကားတွေရမ်းသမ်းပြောတတ်လွန်းလို့ ရပ်ကွက်ထဲမှာပြဿ နာတွေတက်ကြရတာ ခဏခဏပဲ"

"ဒါကတော့ သူတို့အရှုပ်တွေပေါ်ကုန်လို့ တက်ကြတာ ပဲ… ကျွန်မနဲ့ဘာမှမဆိုင်ဘူး… ကျွန်မကမှန်တာကိုပဲပြောတယ် လိမ်တာညာတာတစ်ခုမှမပါဘူး"

တစ်ယောက်နဲ့တစ်ယောက် မကျေမနပ်စိုက်ကြည့်နေ ကြရင်း စကားသံတွေကလည်း ကျယ်လောင်လို့လာခဲ့ရသည်။

"ရော့ ရော့ ရှင့်ငွေငါးသောင်းနဲ့အဟိုး… ကျွန်မဆွဲကြိုး ပြန်ပေးတော့… နောက်ထပ်လည်း ရှင်နဲ့မပတ်သက်ရဲတော့ပါဘူး ဆွဲကြိုးလေးတစ်ခါပေါင်ပါတယ် သူများသားသမီးကိုလည်း နေ ရင်းထိုင်ရင်း အပုပ်ချချင်နေတယ်"

"ဟုတ်လို့ကျော်တာ ပုပ်လို့ပေါ်တာပဲ… ကျွန်မကတော့ မှန်တယ်ထင်ရင် ရင်ထဲမှာမြိုသိပ်မထားတတ်ဘူး… အကုန်လုံး သိအောင် လျှောက်ပြောရမှာပဲ… ဒါမှလည်းဆင်ခြင်သင့်တဲ့သူ တွေကဆင်ခြင်ကြမှာ"





'ဒေါ်တင့်' က ပြောချင်တာကိုပြောချလိုက်ပြီး ပိုက်ဆံ တွေကိုယူကာ အိမ်အတွင်းခန်းထဲ ဝင်ခဲ့လိုက်သည်။ ဆွဲကြိုးကို ပြန်ယူပေးရင်း သိထားတာတွေကိုပါ ပြောချပစ်လိုက်သည်။

'ညိုပြာ' လိမ်သမျှကိုယုံနေရင် တစ်နေ့ဒုက္ခတွေမှာစိုးလို့ ပါ။

"ကျွန်မကိုမုန်းရင်လည်းမုန်းတော့… သိထားတာကိုမြို သိပ်ပြီးမထားနိုင်ဘူး 'မမိ' ရယ်… 'ညိုပြာ' ကိုဆွဲကြိုးပေါင်တဲ့ ကိစ္စပြောလိုက်ရတာလည်း ဒီကောင်မလေးမဟုတ်တာလုပ်နေ တာကိုသိနေလို့ပြောပြလိုက်တာ… 'မမိ' ဆီကသုံ့ငွေငါးသောင်း ကို ဘယ်လိုအကြောင်းပြချက်နဲ့တောင်းတယ်ဆိုတာ မသိပေမယ့် ကျွန်မက သူ့အဲဒီငွေငါးသောင်းကို ဘယ်လိုဖြုန်းပစ်တော့မယ်ဆို တာသိနေတော့ ဆင်ခြင်နိုင်အောင်ပြောပြလိုက်တာ"

'ဒေါ်မိမိ' ပခုံးကိုတွန့်ကာ မချိမခန့်ရယ်ပြလိုက်သည်။ 'မောင်ညီ' အတွက်လက်ဆောင်ဝယ်ပေးတာဟာ ဖြုန်းတယ်လို့ ခေါ်တာလား။

နောင်အတွက် အရင်းအနှီးလုပ်တယ်ဆိုတာကို သူတို့မှ မသိဘဲ။ ကိုယ့်အိမ်တွင်းရေးအခြေအနေကို ဘာမှသေချာမသိဘဲ နဲ့ ရမ်းသမ်းပြီးစိတ်ထင်ရာတွေလျှောက်ပြောနေတာကတော့ ဒီ



www.burmeseclassic.com

www.burmeseclassic.com



မိန်းမတော်တော်ဆိုးလွန်းသည်။

မသိတဲ့လူတစ်ယောက်ကို လေကုန်ခံပြီး 'မိမိ' ကလည်း မရှင်းပြချင်တော့ပါဘူး။ နောင်လည်း သူနဲ့မပတ်သက်ရင်ပြီးတာပဲဆိုတော့ ခပ်မြန်မြန်စကားစဖြတ်ပြီး ပြန်တာပဲကောင်းပါတယ်လေ။

"ကဲ ကဲ ကျွန်မပြန်တော့မယ်... ရှင်ပြောချင်တာရှိရင်လည်းနောက်မှပဲပြောတော့... အချိန်မရတော့ဘူး"

"အံမယ်လေး နားမထောင်ချင်ရင်လည်းရပါတယ်နော် ကျွန်မကအမေတစ်ယောက်အနေနဲ့ သိသင့်တယ်ထင်လို့ပြောနေရတာ... နောက်မှ 'မဖြူ' တို့ဘက်ကသိသွားမှ ပြဿနာတွေတက်ပြီး ကျွန်မမပြောလို့ဆိုတာမဖြစ်စေနဲ့"

'ဒေါ်မိမိ' ရဲ့ခြေလှမ်းတွေက အလိုလိုရပ်တန့်သွားရတော့သည်။ ပြန်ဖို့ခြေလှမ်းကိုနောက်ပြန်လှမ်းရင်း 'ဒေါ်တင့်' ကိုကြည့်ကာ မေးလိုက်မိသည်။

"'မဖြူ' တို့သိတော့ကောဘာဖြစ်သလဲ... သူတို့သားကိုတန်ဖိုးထားလို့လုပ်တဲ့ကိစ္စပဲ...ဘာပြဿနာမှတက်စရာအကြောင်းမရှိပါဘူး... 'မတင့်' သာအဆင်ပြေနေတဲ့အခြေအနေတွေကို မပြေမလည်ဖြစ်စေချင်နေတာ"





"ဒီမှာ ကျွန်မပြောနေတာက ရှင့်အတွက်ပြောနေတာ... ရှင်ကတော့ 'ညိုပြာ' ဘာပြောပြောယုံနေတာဆိုတော့ ကျန်တဲ့ကိစ္စတွေကိုဘယ်တွေးမိမလဲ... 'ညိုပြာ' မှာချစ်သူရှိနေတယ်ဆိုတာရှင်သိလို့လား... ရှင်ပေးလိုက်တဲ့ငွေငါးသောင်းကလည်း သူ့အကောင့်ကိုသွားပေးတာ"

"ဘာပြောတယ်"

"ဟုတ်တယ်... ဘာအတွက်ဆိုတာမသိပေမယ့် 'ညိုပြာ' ငွေငါးသောင်းသွားပေးတာကတော့ သေချာတယ်... မယုံမှရှိနဲ့ သူတို့ဖုန်းပြောနေတာကို ကျွန်မတစ်ချိန်လုံး ဖုန်းအပိုတစ်လုံးနဲ့နားထောင်နေတာ... မမှန်တာမပြောဘူး... တစ်ရက်ခြားတစ်ခါလောက် 'ညိုပြာ' ကျွန်မဆိုင်မှာသူ့ရည်းစားနဲ့ဖုန်းလာလာပြောတယ်... ရှင်မယုံဘူးဆိုရင် လာချောင်းကြည့်... လာခိုးနားထောင်ကြည့် သိရဲ့လား"

"မဖြစ်နိုင်တာ"

"ဒြော် ကျွန်မကလက်တွေ့တောင် ပြလိုက်ချင်သေးတယ်... ရှင့်သမီးရှင် သေချာဆုံးမထား... 'မောင်ညို' ပြန်ရောက်လာလို့ ဒီအကြောင်းတွေသိသွားရင် ဒါမှမဟုတ် 'မဖြူ' တို့အိမ်ကလူတစ်ယောက်ယောက် အပြင်မှာသူတို့စုံတွဲကိုမြင်သွားရင် ပြ



www.burmeseclassic.com

www.burmeseclassic.com



သနာတွေရှင်းနေရလိမ့်မယ်"

'ဒေါ်တင့်' ရဲ့ပါးကိုဗယ်ပြန်ညာပြန်ရိုက်ချင်လိုက်တာ ပြောမနေပါနဲ့တော့။ သူများသမီးကို သူမို့လို့မှိုချိုးမျှစ်ချိုးပြော ထွက်ရက်သည်။

'ဒေါ်မိမိ' နားထဲ လေတွေတဂူးဂူးနဲ့နေအောင် ထွက်နေပါသည်။ ဒေါသဖြစ်လွန်းတာကြောင့် မျက်လုံးတွေလည်းပြာဝေ.လာချင်သလိုလိုဖြစ်နေခဲ့၏။

မယုံပါဘူး။ 'ညိုပြာ' မှာရည်းစားရှိနေတယ်ဆိုတာ ဘယ်လိုနည်းနဲ့မှကိုမဖြစ်နိုင်ပါ။ တမင်သက်သက် သိက္ခာချချင်လို့များ ဒီမိန်းမလုပ်ကြံပြီးပြောလိုက်တာလား။

'ညိုပြာ' ကျောင်းကပြန်လာရင် ဒီကိစ္စကိုသေချာအောင် ဖွင့်မေးကြည့်ရမည်။ သမီးကြီးကိုတော့ ယုံပါသည်။ ဒါပေမဲ့လုပ်ကြံလီဆယ်ပြီးပြောတတ်တဲ့ ဒီမိန်းမကို ပြန်အရှက်ခွဲချင်တာကြောင့် 'ညိုပြာ' ကိုပါခေါ်လာပြီး သူ့ရှေ့မှာမေးပစ်ရပါမည်။

နီရဲခက်ထန်နေသော 'ဒေါ်မိမိ' မျက်နှာကိုကြည့်ပြီး 'ဒေါ်တင့်' က စိုးရိမ်သလိုတားလိုက်သေးသည်။

"ကလေးကိုလည်းအရမ်းကာရော ဆူတာတွေရိုက်တာတွေလုပ်မနေနဲ့ဦး... ဒါတိုးတိုးတိတ်တိတ်လုပ်ရမယ့်ကိစ္စ... သေ





ချာနားဝင်အောင် ရှင်းပြပြောပြရင် 'ညိုပြာ' လက်ခံမှာပါ... လူငယ်ဆိုတော့လည်း တစ်ခါတစ်ခါစိတ်သာယာမှုကို ဦးစားပေးချင်တာမဆန်းဘူးပေါ့... 'မိမိ' သာ ပညာသားပါပါကလေးနဲ့ဆုံးမနိုင်အောင်ကြိုးစား"

"ကျွန်မဆုံးမမှာပါ... ဒါပေမဲ့ ကျွန်မသမီးကိုကျွန်မယုံတယ်... ဘေးလူဖြစ်တဲ့ ရှင့်စကားကိုမယုံကြည်နိုင်သေးဘူး... 'ညိုပြာ' ကျောင်းကပြန်လာတဲ့အခါ ရှင့်ဆီကိုခေါ်ခဲ့မယ်... ဒေါ်တင်ပဲမေးကြပြောကြတာပေါ့... မဟုတ်ခဲ့ရင် ရှင့်ကိုလည်းကျွန်မကခွင့်လွှတ်မယ်မထင်နဲ့... သိက္ခာချမှုနဲ့ ရပ်ကွက်ရုံးမှာကိုသွားတိုင်ပစ်မယ်ဆိုတာမှတ်ထား"

"တိုင် တိုင်... ဟုတ်နေရင်လည်း ကျွန်မရဲ့နှုတ်ကိုပိတ်ဖို့တော့မစဉ်းစားနဲ့... တစ်ရပ်ကွက်လုံးတစ်တိုင်းပြည်လုံးသိသွားအောင်ကို လျှောက်ပြောပစ်မှာ"

"ပြောစမ်းပါရှင့်"

'ဒေါ်မိမိ' တစ်ယောက် ဒေါသစိတ်အလုံးအရင်းဖြင့် အိမ်သို့ပြန်ရောက်လာခဲ့ရသည်။ 'ဒေါ်တင့်' ပြောလိုက်တဲ့စကားတွေကို ပြန်စဉ်းစားမိတိုင်း ရင်ထဲမီးစထည့်ထားသလို ပူလောင်ပြင်းပြလို့နေရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်နိုင်တာ။ 'ညိုပြာ' လောက်မိဘအပေါ်မှာသိတတ်လိမ္မာသော မိန်းကလေးမျိုးက ရည်းစားတစ်ယောက်ထားမယ်တဲ့လား။

သမီးကြီးရယ် ကျောင်းကနေသာ မြန်မြန်ပြန်လာစမ်းပါတော့။



## ၇

"ဘာပြောတယ်"

'ညိုပြာ' အသံကဒေါသကြောင့် စူးရဲလို့နေရသည်။ မထင်မှတ်ဘဲ ကြားလိုက်ရတာကြောင့်လည်း လူကလန့်ထိတ်စိတ်နဲ့ကတုန်ကရီတောင်ဖြစ်သွားခဲ့ရပါသည်။

မောင်နဲ့ကိစ္စကို အမေသိနေတာ ဘယ်လောက်တောင်အံ့သြဖို့ကောင်းသလဲနော်။ 'ဒေါ်တင့်' ကိုလည်း နတ်နတ်စင်းပစ်ချင်မိပါသည်။

အမေကတော့ မျှော်လင့်ချက်တွေများစွာပါသော မျက်လုံးအကြည့်တွေနဲ့ 'ညိုပြာ' မျက်နှာကိုသာငေးမောပြီး ကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

'ညိုပြာ' ငြင်းပစ်မှပဲဖြစ်လိမ့်မည်။ ဘယ်လိုနည်းနဲ့မှဝန်ခံလိုက်လို့မဖြစ်ချေ။ မျက်နှာထားကိုတင်းနေအောင်လုပ်လိုက်ရင်း...

"အမေကသူများပြောတာကို ဘာလို့ငြိမ်ခံပြီးပြန်လာခဲ့ရတာလဲ... တစ်ခုခုလုပ်ခဲ့လိုက်ပါလား... ဒါမှဒီမိန်းမကြီးမဟုတ်တာကိုနောက်မပြောရဲတော့မှာ... အမေကဒီအတိုင်းပြန်လာလိုက်တော့ သူ့ကိုယ်သူဟုတ်လှပြီထင်ပြီး ပတ်ဝန်းကျင်ကိုလျှောက်ပြောနေမှ ပိုသိက္ခာကျမှာ"

"ဪ အမေကသမီးကိုပါခေါ်ပြီး ရှင်းမယ်လို့စိတ်ကူးမိတော့ ပြန်လာခဲ့လိုက်တာပေါ့... သူပြောတည်းက အမေမယုံပါဘူး... ဒီမိန်းမသက်သက်အပိုလုပ်ပြီး သမီးကိုသိက္ခာချတာ... သူ့ကိုရပ်ကွက်ရုံးမှာ အသရေဖျက်မှုနဲ့သွားတိုင်ရင်မကောင်းဘူးလား"

"ကောင်းတယ်... ဒါပေမဲ့ဒီတစ်ခါတော့ ထားလိုက်ပါ... ဘာမဟုတ်တာလေးနဲ့ ရပ်ကွက်လူကြီးတွေကိုလည်း စိတ်မရှုပ်စေချင်ဘူး... သမီးကိုယ်တိုင်သူ့ဆီသွားပြီး ကောင်းကောင်းပြောပစ်လိုက်မယ်... အမေကောလိုက်ဦးမလား"





"လိုက်မယ်လေ... အမေက သမီးကိုစောင့်နေတာ"

'ညိုပြာ' မျက်နှာကမဲ့ပြုံးနဲ့ခက်ထန်လို့နေရသည်။ သူများကိစ္စသူနဲ့မဆိုင်ဘဲအချောင်ဝင်ပါချင်တဲ့အဘွားကြီး အရှက်ကွဲအောင်ကိုလုပ်ပစ်ဦးမည်။ အမေပါနေတဲ့အတွက်လည်း ပိုပြီးယုံကြည်အောင်လို့ 'ညိုပြာ့' ဘက်က ဒေါသပိုဖြစ်ပြမှဖြစ်ပါမည်။

'ဒေါ်တင့်' က 'ညိုပြာ' တို့သားအမိကိုတွေ့တော့ ခပ်တည်တည်ပဲစိုက်ကြည့်နေလေသည်။ ပြဿနာဖြစ်တော့မယ်ဆိုတာကို ကြိုသိနေသည့်အလား သူ့မျက်နှာကလည်း တင်းလို့နေရသည်။

"ရှင်းစရာရှိလို့လာတာ 'မတင့်' ရေ... 'ညိုပြာ့' ကိုပါခေါ်ခဲ့တယ်"

"ကျွန်မကတော့မရှုပ်ထားတဲ့အတွက် ဘာကိုမှရှင်းစရာမရှိဘူး... ရှင်တို့သားအမိပဲ အရှုပ်တွေလုပ်ပြီးရှင်းချင်နေတာ"

"အဒေါ်စကားကိုဆင်ခြင်ပြီးပြောပါ... နေရင်းထိုင်ရင်းကိုယ့်သမီးအရွယ်လောက်အပေါ် မနာလိုဖြစ်ပြီး စိတ်ထင်ရာတွေလျှောက်မပြောပါနဲ့... အဒေါ်ပြောလိုက်တဲ့စကား အဒေါ်တာဝန်ယူရဲသလား... 'ညိုပြာ့' မှာရည်းစားရှိတယ်ဆို... 'ညိုပြာ' ကရည်းစားကိုပိုက်ဆံခိုးပေးတယ်ဆို... အဲ့ဒါဘာစကားတွေလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မှန်တဲ့စကားတွေလေ... ညည်းရည်းစားကို ပိုက်ဆံခိုးပေးတာကျုပ်သိနေတာပဲ... ညည်းကလိမ်ချင်သေးလို့လား"

"ဘယ်လိုသိလဲပြော"

"ညည်းဖုန်းဆက်တုန်း ကျုပ်ကဟော ဟိုအခန်းထောင့်က ဖုန်းအပိုတစ်ခုနဲ့ နားထောင်နေတာလေ... ညည်း ဘာငြင်းချင်သေးလဲ"

"ဟား အရှက်မရှိလိုက်တာ... အသက်သာကြီးနေပြီး မဟုတ်တဲ့အလုပ်တွေကိုလည်း လုပ်တတ်တယ် စကားတွေကိုလည်းရမ်းသမ်းပြီး တွေ့ကရာပြောတတ်ပါလား... အဒေါ်ဖါသာ ဖုန်းခိုးပြီးနားထောင်တာ 'ညိုပြာ' ကိုဘာလို့လာဆွဲထည့်နေသလဲ အဒေါ်မရှက်ဘူးလား... 'ညိုပြာ' အဒေါ့်ဆိုင်မှာဘယ်တုန်းကဖုန်းလာပြောဖူးလို့လဲ... ဆက်ဖူးလို့လဲ... ဖုန်းဆက်ချင်ရင် 'အန်တီဖြူ' တို့အိမ်မှာကြုံကြိုက်တဲ့အချိန်သွားဆက်လို့ရနေတာပဲ... ကိုယ့်ဖါသာကိုယ်အတင်းပြောစရာလူမရှိတိုင်း နေရင်းထိုင်ရင်း 'ညိုပြာ့' နာမည်လာတပ်မနေနဲ့... အားနေရင် ဘုန်းကြီးကျောင်းသွားပြီးတရားလေးဘာလေးထိုင်ဖို့ စဉ်းစားစမ်းပါ"

မည်းတက်သွားသော 'ဒေါ်တင့်' မျက်နှာကြီးကိုကြည့်ပြီး 'ညိုပြာ' ကျေနပ်သွားရသည်။ နေရာတကာပါချင်တဲ့ဘွားဒေါ်ကြီးကို ဒီလောက်တော့ပြောပေးမှ တန်ကာကျမည်။ ကိုယ့်ဖါသာကိုယ်ရည်းစားထားတာ သူ့အလုပ်လား။ သူနဲ့ဘာဆိုင်လို့လဲ။

သူ့ဆီကပိုက်ဆံကိုအလကားယူပြီး မောင့်ကိုသွားပေးဘယ်ဆိုရင်လည်းထားပါတော့။ ချေးပေးလို့ငွေရတာကို သူကနေရင်းထိုင်ရင်း စကားတွေရှုပ်ချင်နေတာ 'ညိုပြာ' သည်းမခံချင်ပါ။

"ညည်းလိမ်တတ်လှချည်လား 'ညိုပြာ'... ရည်းစားကို အမေမသိအောင် ငွေခိုးပေးတယ်ဆိုရင်လည်းနိုးပေးတယ်ပေါ့... နေရင်းထိုင်ရင်း ငါ့သိက္ခာကိုမစော်ကားပါနဲ့... ဘုန်းကြီးကျောင်းမသွားပေမယ့် ငါ့တရားနဲ့ငါရှိပြီးသား... စကားကိုလိမ်လည်းမပြောတတ်ဘူး ကွေ့ကောက်ပြီးတော့လည်းမပြောတတ်ဘူး မှန်တာတွေပဲပြောတတ်တယ်"

"မှန်တာတွေပြောတတ်တယ်ဆိုရင် ဘာဖြစ်လို့ သူများသားသမီးကိုရည်းစားရှိပါတယ်ဆိုပြီး မဟုတ်တမ်းတရားစွပ်စွဲသလဲ... 'ညိုပြာ' ဘယ်သူနဲ့ကြိုက်နေတယ် ဘယ်သူ့ကိုလက်ထပ်မယ်ဆိုတာ တစ်ရပ်ကွက်လုံးသိပြီးသား... သိအောင်လည်းဖွင့်ချထားတာပဲ... သူများကောင်းစားမှာကို မနာလိုဘာနဲ့ နေရင်းထိုင်ရင်း ပါးစပ်သရမ်းချင်နေတာ... အသက်ကြီးနေလို့ 'ဒေါ်တင့်'

www.burmeseclassic.com



ကိုခွင့်လွှတ်လိုက်တာနော်... ရွယ်တူသာဆိုရင် 'ညိုပြာ' ဘာဆိုတာကိုကောင်းကောင်းသိစေရမယ်မှတ်ထား"

"အံမယ်လေး ကျုပ်ကလည်းကြောက်လွန်းလို့... အရပ်ကတို့ရေ... ဒီမှာလာကြည့်ကြပါဦး... လူကသာငယ်တာဖြောင်လိမ်ဖြောင်စားကတော့ ပထမတန်းစားပဲဟေ့... ရည်းစားနဲ့ရှုပ်ချင်သလိုရှုပ်ပြီး အလိမ်ပေါ်တော့လာရန်ထောင်သတဲ့လေ"

'ဒေါ်တင့်' ရဲ့အသံက မိုးကြိုးပစ်ချလိုက်သလို တစ်ရပ်ကွက်လုံးတအုံးအုံးမြည်သွားရတော့သည်။ ပတ်ဝန်းကျင်မှာနေတဲ့လူတွေလည်း 'ညိုပြာ' တို့ရှိနေတဲ့နားသို့ အုံလာကြလေသည်။

ဖြန်ဖြေပေးမယ့်သူကမရှိဘဲ စပ်စုချင်ယုံသက်သက်အားလုံးက မတ်တပ်ရပ်ကာကြည့်လာကြသည်။ ဝိုင်းအုံကြည့်နေသောလူတွေကြောင့် 'ညိုပြာ' ရှက်လို့လာရပါသည်။

'အန်တီဖြူ' တို့လည်းသိတော့မှာပါပဲ။ မသိသိအောင် ဒီမိန်းမကြီး တမင်အာခေါင်ခြစ်ပြီး အော်တာပဲဖြစ်ရပါမည်။ အမေကဒေါသကြောင့် 'ဒေါ်တင့်' ခန္ဓာကိုယ်ကိုတွန်းပစ်လိုက်လေသည်။

ယိုင်သွားပေမယ့် နောက်မှာရှိသောလူက ထိန်းပေးလိုက်တာကြောင့် လဲတော့ကျမသွားပါ။





"ရှင်စကားပြောတာ တဖြည်းဖြည်းလွန်လာပြီနော်... လူကြီးဖြစ်ပြီးလူကြီးစကားပြောမှပေါ့... သမီးချင်းလည်းစာနာသင့်တယ်... 'ညိုပြာ' က မဟုတ်ပါဘူးလို့ပြောနေတာကို ရှင်ဘာလို့အတင်းကာရောစွတ်ပြောနေသလဲ... လက်တွေ့လည်းပြနိုင်တာလည်းမဟုတ်ဘဲနဲ့ ခံငြင်းနေတယ်... 'ညိုပြာ' ပြောပြီးပြီပဲ ရှင့်ဆိုင်မှာဖုန်းဆက်စရာအကြောင်းမှမရှိဘဲ... သူဆက်ချင်ရင် 'မဖြူ' တို့အိမ်မှာသွားဆက်လို့ရတယ်ဆိုတာ ကျွန်မလည်းသိတယ် ရှင်စကားတွေကို ရပ်တန်းကရပ်လိုက်တော့"

"မရပ်နိုင်ဘူး... မှန်တာပြောတာဟေ့... ညည်းသမီးအကောင်တစ်ကောင်ကို ပိုက်ဆံခိုးပေးနေတယ် ဘာဖြစ်လဲ... ငါကြားတဲ့အတိုင်းပြောမှာပဲ... လူပါးလာမဝနဲ့... ငါ့ကိုတွန်းတာငါမကျေနပ်နိုင်ဘူး"

ရန်ပွဲကချမယ်နက်မယ်အထိ ဖြစ်လာတဲ့အခါကျတော့ ဘေးလူတွေလည်း မနေနိုင်တော့ပါ။ နီးရာလူတွေက ဝိုင်းဆွဲကြပါတော့သည်။ 'ညိုပြာ' ကတော့ 'ဒေါ်တင့်' ကိုသာ ပေါက်ထွက်သွားမတတ် စိုက်ကြည့်နေလိုက်သည်။

ဒီမိန်းမကြီးရှည်နေလို့ လူတွေအားလုံးသိကုန်ရတော့။

"အမေသွားမယ်... ဒီတစ်ခါတော့ထားလိုက်တော့ ...



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ခါများ သမီးမကောင်းကြောင်းကိုပြောရင် ရုံးတိုင်ပြီး ထောင်ထဲကိုထည့်ပစ်မယ်မှတ်ထား... ခွင့်ကိုမလွှတ်ဘူး"

အမေ့လက်ကိုဆွဲကာ 'အန်တီဖြူ' ဘို့တိုက်ကြီးဆီ 'ညိုပြာ' ထွက်လာခဲ့လိုက်ပါသည်။ အိမ်ကိုပြန်ရမှာဖြစ်ပေမယ့် မပြန်ချင်သေးပေ။

ပြဿနာနောက်ထပ်မတက်ရအောင်လို့ ကိုယ့်ဘက်က အရင်သွားရှင်းပြထားမှ တော်ကာကျမည်။ အမေ့ကိုတော့ 'အန်တီဖြူ' တို့ခြံနားရောက်မှ ပြန်ခိုင်းဖို့ဆုံးဖြတ်လိုက်ပါသည်။

"ဘယ်ကိုသွားမလို့လဲ"

"'အန်တီဖြူ' နဲ့သွားတိုင်မလို့... နေရင်းထိုင်ရင်း သမီး သိက္ခာကျရတာကောင်းသလား... လူတွေကကြားမကြားခင် ကိုယ့်ဘက်ကအဖြစ်မှန်တွေကို အရင်ပြောပြထားရမယ်"

"အမေလည်းလိုက်ရမှာလား"

"ပထမတော့အမေ့ကိုခေါ်မလို့ပဲ... ဒါပေမဲ့ရပါတယ်... သမီးဖါသာပဲ ပြောပြလိုက်မယ်... အမေအိမ်အရင်ပြန်လိုက်တော့နော်... အဖေပြန်ရောက်လာရင်လည်း အမေ့ဖါသာကြည့်ပြောလိုက်တော့... သမီး 'အန်တီဖြူ' တို့အိမ်မှာကြာဦးမှာ"

"အေး အေး"





အမေထွက်သွားတာနဲ့ 'ညိုပြာ' ရဲ့မျက်နှာက နီမြန်းကြေကွဲလာရကာ မျက်ရည်တွေလည်း ဝေ့ဝဲလာခဲ့ရတော့သည်။ 'အန်တီဖြူ' တို့တိုက်ထဲသို့အပြေးဝင်ရင်း 'အန်တီဖြူ' ခြေရင်းမှာဝင်ထိုင်ကာ ငိုချပစ်လိုက်ပါသည်။

'အန်တီဖြူ' က 'ညိုပြာ' ကိုကြည့်ပြီး လန့်ထိတ်လို့နေသည်။ 'ညိုပြာ' ကတော့ ရှိုက်ကာရှိုက်ကာငိုနေဆဲပါ။

"ဘာဖြစ်လာတာလဲ 'ညိုပြာ' ရယ်... အန်တီလန့်လိုက်တာ... ဘယ်သူနဲ့ရန်ဖြစ်လာလို့လဲ... 'ဖြူပြာ' လား 'ဇာနည်' လား... ဘယ်သူနဲ့လဲ"

'ညိုပြာ' ခေါင်းကိုသာခါပြလိုက်သည်။

"'မမိ' ဆူလို့လား..."

"ဟင့်အင်း... သမီးရှက်လွန်းလို့ငိုမိတာ 'အန်တီဖြူ' ရဲ့ လမ်းထိပ်က 'ဒေါ်တင့်' လေ... နေရင်းထိုင်ရင်းသမီးကိုသိက္ခာချပြီးအော်အော်ဆဲတယ်... 'ညိုပြာ' ကအမေ့ဆီကပိုက်ဆံတောင်းပြီး ရည်းစားကိုခိုးပေးတယ်တဲ့"

"အံမယ်လေး ဘုရား ဘုရား...ဒီမိန်းမတော်တော်အပြောရဲပါလား"

"'ညိုပြာ' ကမခံနိုင်လို့သွားရှင်းတော့ တစ်ရပ်ကွက်လုံး



www.burmeseclassic.com

www.burmeseclassic.com



ကြားအောင် သူထင်ရာတွေလျှောက်အော်တယ်… သူအတင်းပြောတာလည်းပြောပေါ့… ဒါပေမဲ့ဘာမှမဆိုင်တဲ့သမီးကိုဆွဲထည့်ပြောတာကတော့ လွန်လွန်းပါတယ်… နေရင်းထိုင်ရင်းသမီးနဲ့ ‘ကိုညီ’ နဲ့လက်ထပ်မှာကိုမနာလိုဖြစ်ပြီး ပွဲပျက်အောင်အတင်းပြောတာ”

“စိတ်ထဲမထားပါနဲ့ သမီးရယ်… လူဆိုတာကိုယ့်ထက်သာရင် နာလိုကြတာမဟုတ်ဘူး… မဟုတ်သလိုပဲခပ်ကင်းကင်းနေပြလိုက်ပါ… ကြာတော့လည်းအာညောင်းပြီး ပါးစပ်ပိတ်သွားလိမ့်မယ်… သူနဲ့ပြိုင်ပြီးရန်ဖြစ်ရင် ကိုယ်ပဲသိက္ခာကျမှာပေါ့… သမီးအပေါ် အန်တီတို့မိသားစုကချစ်ခင်နေရင် ပြီးတာပဲမဟုတ်ဘူးလား”

“ဟုတ်တော့ဟုတ်ပါတယ်… ဒါပေမဲ့ သမီးမဟုတ်ဘဲနဲ့ အပြောခံရတာတော့ မခံချင်ဘူး … အန်တီကသမီးအနီးမှာနေလို့ အစစအရာရာအားလုံးသိနေပေမယ့် အဝေးမှာရောက်နေတဲ့ ‘ကိုညီ’ ကျတော့ မတော်တဆပတ်ဝန်းကျင်ရဲ့စကားကိုယုံသွားမှာစိုးတယ်လေ… သမီးကြောင့် ‘ကိုညီ’ ကိုစိတ်မဆင်းရဲစေချင်ဘူး… ‘ကိုညီ’ စိတ်ချမ်းသာတာကိုပဲ မြင်ချင်တယ်…”

“သြော် သားကလည်း သမီးကိုချစ်တာပဲကွယ်… ဘယ်





သူ့စကားကိုမှယုံမှာမဟုတ်ပါဘူး… သမီးအနေအထိုင်မှန်တယ်ဆိုတာကိုလည်း အန်တီတို့တစ်မိသားစုလုံးသိနေတာပဲဟာ ဘာလို့စိတ်ဆင်းရဲနေရတာလဲ”

“ပတ်ဝန်းကျင်က တစ်မျိုးမြင်ရင်ကော”

“အံမယ်လေး… မဟုတ်ရင်ဘာကြောက်စရာရှိလဲ… တစ်နေ့ ‘ကိုညီ’ နဲ့လက်ထပ်တော့လည်း အားလုံးပါးစပ်ပိတ်သွားလိမ့်မှာပေါ့… ပြဿနာကနေရင်းထိုင်ရင်း ဘယ်လိုကနေစဖြစ်တာလဲ ပြောပါဦး”

“ရှင်းရှင်းပြောရရင် သမီးက ‘ကိုညီ’ ကိုလူကြုံနဲ့လက်ဆောင်ထည့်ပေးချင်တော့ အမေ့ဆီမှာပိုက်ဆံတောင်းမိတယ်… အမေကလည်းလက်ထဲမှာမရှိသေးရင် မရှိဘူးလို့မပြောဘူး… ‘ဒေါ်တင့်’ ဆီကိုသွားပြီး သူ့ဆွဲကြိုးကိုသွားပေါင်တယ်လေ… ဟိုကဒါကိုအခွင့်ကောင်းယူပြီး ပြောချင်ရာစွတ်ပြောတော့တာပေါ့ ‘ကိုညီ’ ကိုပေးမှာကို တခြားလူကိုပေးမလိုလိုနဲ့ အကျင့်ယုတ်ပြီး လျှောက်ပြောတော့တာ”

‘ဒေါ်ဖြူဖြူ’ ရင်ထဲကျေနပ်စိတ်တွေဖြစ်ထွန်းသွားရကာ ‘ညိုပြာ’ ကိုလည်း ပိုချစ်လို့သွားခဲ့ရသည်။ သူ့ခမြာသားကိုချစ်လွန်းလို့ နေရင်းထိုင်ရင်းလူပြောသူပြောခံခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သားအတွက်လက်ဆောင်ဝယ်ပေးချင်တာနဲ့ပဲ ရပ်ကွက်ထဲမှာ ရန်တွေအကြီးအကျယ်ဖြစ်ရတယ်လို့။ 'ညိုပြာ' မဟုတ်ရင်မခံတတ်တာကို 'ဒေါ်ဖြူဖြူ' သိနေသည်။

ဝမ်းနည်းနေသော 'ညိုပြာ' အား နှစ်သိမ့်တဲ့အနေဖြင့် ပခုံးလေးကိုဖက်ထားလိုက်ရင်း...

"သည်းခံလိုက်ပါ သမီးရယ်... သမီး 'ကိုညို' လည်းပြန်လာတော့မှာပဲ... ပထမတော့တစ်နှစ်လောက်ကြာဦးမယ်ပြောတာ... မနေ့ကဖုန်းလာတော့ နောက်နှစ်လလောက်နေရင်ပြန်ရောက်လာမယ်တဲ့... 'ညိုပြာ' နဲ့တိုင်ပင်ပြီး မင်္ဂလာကိစ္စကိုစီစဉ်ချင်စီစဉ်ထားလိုက်တော့တဲ့... သမီးသဘောကကော ဘယ်လိုလဲကျောင်းမပြီးခင်လက်ထပ်ချင်ရဲ့လား"

'ညိုပြာ' မျက်လုံးလေးတွေ စိုးရိမ်စိတ်ကြောင့် ဝိုင်းသွားရကာ အလန့်တကြား 'အန်တီဖြူ' ကိုမော့ကြည့်မိသွားရသည်။ ဘယ်လိုဖြစ်ပြီး 'ကိုညို' ခပ်မြန်မြန်ပြန်ရောက်လာရတာလဲ။

သေသာသေလိုက်ချင်တော့တာပါပဲ။

"အန်တီမေးတာ ဖြေပါဦး"

'အန်တီဖြူ' မသက်သာလို့တော့မဖြစ်ပါ။ စိုးရိမ်နေတဲ့စိတ်ကို အမြန်ဖျောက်ပစ်ရင်း...





"'ညိုပြာ' ဘက်ကပြင်းစရာဘာမှမရှိပါဘူး 'အန်တီဖြူ' ရယ်... 'ကိုညို' သဘော 'အန်တီဖြူ' တို့သဘောပါပဲ... စောစောလက်ထပ်လည်းဒီမင်္ဂလာပဲ... နောက်ကျပြီးမှလက်ထပ်လည်း ဒီမင်္ဂလာပဲဆိုတော့ ကြိုက်တဲ့အချိန်လုပ်လို့ရပါတယ်... 'ကိုညို' ကျေနပ်တယ်ဆိုရင် ပြီးတာပါပဲ"

"ပွင့်ပွင့်လင်းလင်းပဲမေးမယ်ကွယ်... သားကို သမီးချစ်ရဲ့လား... သားကတော့ သမီးကိုသံယောဇဉ်တော်တော်ရှိတာ"

'ညိုပြာ' ခေါင်းကိုငုံ့လိုက်ရင်း ရင်ထဲမှာစီထားတဲ့စကားတွေကို ပြောချလိုက်ပါသည်။

"ချစ်တာပေါ့ အန်တီရယ်... 'ညိုပြာ' ရဲ့ဘဝက 'ကိုညို' ပါပဲ... 'ညိုပြာ' ရဲ့အိပ်မက်တိုင်းမှာ 'ကိုညို' အမြဲတမ်းလိုလိုပါပါတယ်... 'ညိုပြာ' အဖြစ်ချင်ဆုံးဆန္ဒက 'ကိုညို' နဲ့လက်ထပ်ဖို့ပါပဲ"

"အန်တီ ဝမ်းသာပါတယ်ကွယ်"

'အန်တီဖြူ' တို့အိမ်ကပြန်လာတော့ 'ညိုပြာ' မှာအတွေးတွေများစွာပါလာခဲ့သည်။ 'ညိုပြာ' ရဲ့အိပ်မက်တွေကို ကြီးစိုးထားတာက 'ကိုညို' မှမဟုတ်တာပဲ။

မောင်လေ။ 'ညိုပြာ' သိပ်ချစ်ရတဲ့မောင်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



'ကိုညီ' နဲ့လက်ထပ်လိုက်ရင် 'ညိုပြာ' အသည်းတွေကွဲရမှာဖြစ်သလို၊ 'ညိုပြာ့' ဘဝလည်းသေဆုံးသွားရပါလိမ့်မည်။ 'ညိုပြာ' 'ကိုညီ' ကိုမချစ်ပါ။

'ညိုပြာ' ချစ်တာမောင့်ကိုပါ။

ချစ်တဲ့သူနဲ့ဆိုရင် ဆင်းရဲချင်ဆင်းရဲပါစေ၊ တဲအိုပျက်မှာလည်း 'ညိုပြာ' နေနိုင်သလို၊ ထမင်းရည်ပူလည်းသောက်နိုင်လိမ့်မည်လို့ ထင်ပါသည်။



## ၈

ဒီတစ်ခေါက် အဖေခရီးကပြန်လာတဲ့အခါမှာ 'ညိုပြာ' အတွက် တစ်ကျပ်ခွဲသားရှိသော မောင်နှံခုနစ်ဖော် ရွှေလက်ကောက်ခုနစ်ကွင်းဝယ်လာခဲ့ပါသည်။

'ညိုပြာ့' သွားပင်မစေ့နိုင်တော့ပါ။ 'ညိုပြာ့' လက်မှာဝတ်ထားသော ငါးမူးသားလက်ကောက်ပျော့လေးကို မကြိုက်တော့၍အသစ်လဲနိုင်းနေတာ ကြာပါကောလား။

အခုတော့ 'ညိုပြာ့' ဆန္ဒတွေပြည့်ဝလို့သွားရပါသည်။ 'ဖြူပြာ' နဲ့ 'ဓာနည့်' အတွက်တော့ အဖေကအဝတ်အစားတစ်ယောက်နှစ်စုံစီဝယ်လာပေးခဲ့သည်။



www.burmeseclassic.com

'ဖြူပြာ' တို့က 'ညိုပြာ' လိုတန်ဖိုးကြီးသောရွှေထည်ပစ္စည်းမရပေမယ့်လည်း 'ညိုပြာ' ပျော်ရွှင်နေသလောက်ကိုသူတို့ပျော်ရွှင်နေကြလေသည်။

"အဖေစုထားတဲ့ငွေရယ် အလုပ်လုပ်လို့အမြတ်ကလေးရတဲ့ပိုက်ဆံရယ်ကိုပေါင်းပြီး ငါ့သမီးကြီးအတွက် လက်ကောက်လေးတွေဝယ်လာပေးတာ... ငါ့သမီးကြီးက တက္ကသိုလ်ကျောင်းသူဖြစ်တာရယ် မကြာခင် 'မောင်ညို' နဲ့လည်းအိမ်ထောင်ပြုတော့မယ်ဆိုတော့ အိမ်မခွဲခင်အဖေတို့ဘက်က တတ်နိုင်သလောက်ဆင်ပေးထားတာပဲ... 'မဖြူ' တို့အိမ်ကို မဝတ်မစားဘဲတက်သွားတော့လည်းမကောင်းဘူးလေ... သူတို့ကသမီးကို လိုလေသေးမရှိအောင်ဆင်ပေးမယ်ဆိုတာသိပေမယ့်လည်း အဖေကတတ်နိုင်သလောက်လေးပေးလိုက်ချင်လို့ တမင်ကိုဝယ်လာပေးတာ"

အဖေ့စကားကိုနားထောင်ပြီး အမေ့မျက်နှာကလည်းကျေနပ်သလို ပြုံးနေပါသည်။ 'ညိုပြာ' ရင်ထဲမှာဝမ်းသာစိတ်ဖြင့်အဖေတို့ကျေနပ်အောင် ပြောပေးလိုက်မိသည်။

"ပိုက်ဆံအပိုဘာလို့အကုန်ခံတာလဲ အဖေရယ်... သမီးမှာလက်ကောက်လေးရှိသားပဲ... အမေ့အလုပ်ထဲပဲကူညီလိုက်ကာမဟုတ်ဘူး... 'ကိုညို' နဲ့လက်ထပ်ပြီးရင် သမီးမှာလက်ဝတ်လက်





စားတွေများလာမှာပါ... အဲ့ဒီအခါကျရင် အမေ့လည်ပင်းကြီးလေးနေအောင် ရွှေဆွဲကြိုးတုတ်တုတ်ကြီးဆင်ထားမယ်သိလား အဖေ့ကိုလည်း ကိုယ်ပိုင်ကားတစ်စီးလောက်ဖြစ်အောင်ဝယ်ပေးဦးမယ်... 'အန်တီဖြူ' တို့ဘာပဲပြောပြော နောက်ဆို 'ကိုညို' ရှာတာသမီးပဲရမှာဆိုတော့ သမီးရသမျှအားလုံး အဖေနဲ့အမေအတွက်ပဲဖြစ်စေရမယ်"

အဖေက တဟားဟားနဲ့နေအောင် ရယ်မောနေပါသည်။ အမေက 'ညိုပြာ' လက်မှာဝတ်ထားသော လက်ကောက်တွေကိုကိုင်ကြည့်ရင်း စကားတစ်ခွန်းပြောလိုက်ပါသည်။

"သမီးလက်ကောက်ပျော့လေးကို 'ဖြူပြာ' ကိုပေးဝတ်လိုက်ပါလား... သမီးလည်းပိုနေမှာပဲလေ... မဟုတ်ဘူးလား"

'ဖြူပြာ' က လိုချင်သောမျက်လုံးတွေနဲ့ 'ညိုပြာ' အားကြည့်နေပါသည်။ 'ညိုပြာ' စိတ်ထဲကနေမဲ့လိုက်မိသည်။ သူကလိုချင်နေရအောင် တန်လို့လား။

အရွယ်ကဖြင့်ငယ်သေးသည် ရွှေတွေဘာတွေဝတ်ချင်နေရအောင် ဒင်းကမိဘတွေကို ဘယ်လောက်များပံ့ပိုးပေးနိုင်မယ့်သူမို့လို့လဲ။ 'ညိုပြာ' ကတော့ မပေးနိုင်ပါဘူး။

လက်ကောက်အမာကွင်းတွေမဝတ်ချင်ရင် နှိပ်တတ်တဲ့

www.burmeseclassic.com



လက်ကောက်ပျော့လေးကိုပဲ ပြန်ဝတ်ရမှာမဟုတ်လား။ အမေ့ကို တော့ စကားလှအောင်ပြောလိုက်ရပါသည်။

"သမီးလည်း 'ဖြူပြာ' ကိုပေးရင်ကောင်းမလားစဉ်းစား နေတာ အမေရဲ့... ဒါပေမဲ့သူ့ကိုစိတ်မချပါဘူး... ခုခေတ်လူတွေ ကလွယ်တာမဟုတ်ဘူး... ရမယ်ထင်ရင် လုချင်နေကြတာ... ဘာ မှမပါဘဲသွားနေတုန်းကစိတ်မပူရဘဲ ရွှေလေးဆင်လိုက်မှတစ်ခု ဖြစ်သွားမှာ သမီးသိပ်ကြောက်တယ်... ဆယ်တန်းအောင်ပြီးမှပဲ 'ဖြူပြာ့' ကိုပေးဝတ်ပါတော့မယ်... အဲ့ဒီအခါကျရင် အဖေအ ဝယ်ပေးတဲ့လက်ကောက်တွေကိုပါ 'ဖြူပြာ့' ကိုပေးမယ်...လက် စွပ်လေးတွေလည်း သမီးတတ်နိုင်ရင်တတ်နိုင်သလောက်ဝယ် ပေးဦးမယ်လေ... ငါ့ညီမလေး တက္ကသိုလ်တက်တဲ့အချိန်မှာ လေးသေးမရှိရအောင် မကြီးထားပေးမယ်ဟုတ်လား"

ငေးကြည့်နေသော 'ဖြူပြာ့' ကိုခေါင်းလေးပွတ်ကာ နှ သိမ့်လိုက်မိပါသည်။ အငယ်ကောင်ကတော့ ယောကျ်ားလေး တော့ လက်ဝတ်လက်စားကိစ္စကိုသိပ်ပြီး စိတ်ဝင်စားပုံမပြ

"'ဖြူပြာ' ကလည်းမဝတ်ချင်ပါဘူး မမကြီးရဲ့... ဆ တန်းအောင်ရင်တော့ မမကြီးပြောတဲ့အတိုင်းကတိတည်ရမ နော်..."





"အံမယ်လေး ငါ့ညီမအတွက် ငါ့မှာရှိသမျှကြိုက်တာအ ကုန်ယူရတယ် သိရဲ့လား"

"ကျွန်တော့်အတွက်ကော..."

"ဩော် နင်ကယောကျ်ားလေးပဲ... ယောကျ်ားလေးတစ် ယောက်ယိုအပ်တာမှန်သမျှ ငါဝယ်ပေးမှာပေါ့"

"တကယ်နော်"

"တကယ် တကယ်..."

'ညိုပြာ' သက်ပြင်းကိုချလိုက်မိသည်။ လေတွေကုန် လိုက်တာလို့လည်း စိတ်ထဲကနေပြောလိုက်မိ၏။ လောကမှာ ကိုယ့်ကုသိုလ်ကံကြောင့် ကိုယ့်ဖါသာရတာကို နေရင်းထိုင်ရင်း ဘယ်သူကရော့အင့်ဆိုပြီး ခွဲဝေပေးချင်မှာလဲ။

မောင်နှမပဲဘာပဲဖြစ်ဖြစ် ထိုက်သင့်သလောက်ပဲရမှာ ပေါ့။ ကိုယ်မွဲတော့ကော သူတို့ကကိုယ့်ကို လုပ်ကျွေးကြမှာမို့လို့ လား။ မထင်ပါဘူးနော်။

"'မဖြူ' ကပြောတော့ 'မောင်ညီ' ပြန်ရောက်လာတာ နဲ့မင်္ဂလာပွဲကို နေ့ကောင်းရက်သာရွေးပြီး စီစဉ်ချင်တယ်တဲ့... အမေလည်းဘာမှပြောမနေတော့ဘူး.... 'မဖြူ'တို့သဘောအတိုင်း ပဲလို့ပြောလိုက်တယ်... မင်္ဂလာပွဲကသိပ်မလိုတော့ဘူးဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



အမေတို့လည်း ဝယ်စရာရှိတာဝယ်ရခြမ်းရဦးမယ်မဟုတ်လား"

"အို သူတို့ဘက်ကပေးမှာပေါ့"

"ပေးတာကပေးတာပဲလေ... ဒါပေမဲ့ကိုယ်ကသမီးမိန်းကလေးရှင်ဆိုတော့ လိုအပ်တာလောက်ကလေးတော့ နည်းနည်းပါးပါးကိုယ့်ဖါသာဝယ်ထားရမှာပေါ့... အလုပ်လုပ်ထားတဲ့ငွေတွေအကုန်လုံးကို အမေပြန်သိမ်းနေပြီ... အားလုံးပေါင်းနှစ်ဆယ်လောက်ရှိလိမ့်မယ်... သမီးအဖေဆီကနောက်ထပ် ခုနစ်သိန်းလောက်ထပ်ရဦးမယ်ဆိုတော့ မင်္ဂလာပွဲအတွက်လောက်လောက်ပါတယ်လေ"

"အမေကလဲ ဘာလို့ပူနေရတာလဲ... 'ကိုညီ' နဲ့လည်းဖုန်းပြောပြီးသွားပြီ... သူရောက်လာတာနဲ့ သမီးတို့အတွက်ငွေဆယ်သိန်းလာပေးမယ်တဲ့... အဲ့ဒီငွေရမှလိုအပ်တာလေးဘာလေးဝယ်ပေါ့... အလုပ်လုပ်ထားတဲ့ငွေတွေကိုတော့ မထုတ်ပစ်ပါနဲ့"

"သြော် နောက်တော့ပြန်ထည့်တာပေါ့ကွယ်... အိမ်ကိုနည်းနည်းလေးပြင်ချင်သေးတယ်... လာတောင်းရမ်းတဲ့အခါကြည့်ပျော်ရှုပျော်တော့ဖြစ်ချင်သေးတယ်"

'ညီပြာ' ဘာမှမပြောချင်တော့ပါ။ နေရင်းထိုင်ရင်းအမေ့ပိုက်ဆံကုန်သွားမှာကို နှမြောလို့စေတနာနဲ့ 'ညီပြာ' တားလိုက်





ခြင်းဖြစ်ပါသည်။ အမေတို့မျှော်လင့်သလို မင်္ဂလာပွဲကဖြစ်ရင်လည်းထားပါတော့။

အခုမင်္ဂလာပွဲမဖြစ်ဘူးဆိုတာ သိပ်ကိုသေချာနေတဲ့အတွက် အမေ့ငွေတွေအလကားသက်သက် မကုန်စေချင်လို့ပါ။

မောင်ကပြောသည်၊ အချိန်မရွေးသူ့ကိုပြောပါတဲ့။ သူ 'ညီပြာ' ကိုနိုးမြေးမည်တဲ့။ 'ညီပြာ' တို့နှစ်ယောက်ရဲ့ဘဝအတွက် သူ့မှာရည်မှန်းချက်တွေ အများကြီးရှိနေပါသည်တဲ့လေ။

မောင့်စကားတွေကိုကြားပြီး 'ညီပြာ' ရင်မှာအားတွေတက်လာရသလို၊ဆုံးဖြတ်ချက်လည်း ပိုလို့ခိုင်မာလာခဲ့ရပါသည်။ မောင့်ကိုယုံသည်။ မောင်ပြောသမျှစကားတိုင်းသည် 'ညီပြာ' အတွက် သီအိုရီတွေဖြစ်နေတယ်ဆိုတာ 'ညီပြာ' ကိုယ်တိုင်ပဲသိနေပါသည်။

"မင်္ဂလာဆောင်က ဘယ်ဟိုတယ်မှာလုပ်မှာတဲ့လဲ အမေသားသူငယ်ချင်းတွေကို ကြွားမလို့"

"သြော် ဒါတော့အနားနီးမှသိမှာပေါ့... နေရင်းထိုင်ရင်းများကြွားနဲ့လာတွေ့နေရသေးတယ်"

"သမီးကြီး ဒီကြားထဲ 'မဖြူ' တို့အိမ်ကိုခဏခဏသွားနော်... ဘာတွေလိုအပ်မလဲဆိုတာ 'မဖြူ' ကသမီးကိုပြောပြလိမ့်



www.burmeseclassic.com

www.burmeseclassic.com



မယ်… 'မှုမှု' တို့ကလည်း သမီးနဲ့ပဲတိုင်ပင်ပြီးလုပ်ကြမှာ"

'ညိုပြာ' ခေါင်းကိုသာညိတ်ပြလိုက်သည်။ အမြဲတမ်းတော့လည်းမသွားချင်ပါဘူး။ ကိုယ်ရစရာရှိလို့သွားရတယ်ဆိုရင်တော့ အကြောင်းမဟုတ်ပေမယ့် ဘာမှရစရာမရှိဘဲစကားပြောယုံသက်သက်တော့ 'ညိုပြာ' ကမသွားချင်ပါ။

ဘာလို့လဲဆိုတော့ 'အန်တီဖြူ' က သိပ်ကိုဇိမ်ခံလွန်းသည်။ 'ညိုပြာ' ရောက်လာရင်စကားပြောယုံသက်သက်တင် မဟုတ်ဘဲ သူကဒရင်းဘက်ပေါ်မှာပက်လက်လှန်အိပ်ရင်း ဆောက်ခြစ်ဆံပင်ဖြူအနှုတ်ခံသေးတာဖြစ်သည်။

ခိုင်းတဲ့ကောင်မလေးတွေရှိပေမယ့်လည်း 'ညိုပြာ' ကိုလည်းခိုင်းသည်။ သူကတော့မျက်လုံးကလေးမှိတ်ပြီး ဇိမ်ခံနေပေမယ့် လုပ်ပေးရတဲ့ 'ညိုပြာ' စိတ်ထဲမှာတော့ အမြင်တွေကတ်နေမိပါသည်။

စေတနာလည်းလုံးဝမပါ။ သူ့သမီးနှစ်ယောက်ကိုတော့ တစ်ခါမှလုပ်ခိုင်းတာမတွေ့။ 'ညိုပြာ' ကိုကျမှ အိမ်စေတွေနဲ့အတူ လုပ်ခိုင်းတာကတော့ သက်သက်နှိမ်ရာကျမနေပေဘူးလား။

လေပြောကလေးတွေချိုပေမယ့် ဒီလိုမျိုးခိုင်းတာကိုတော့ 'ညိုပြာ' က လုံးဝကိုလုပ်မပေးချင်ပါ။ အမေ့ကိုတောင်လုပ်မပေး





ဘူးတဲ့အတွက် တခြားသူစိမ်းဆိုရင်တော့ ဝေလာဝေးပေါ့။

ရွှေလက်ကောက်အသစ်တွေကို ကြွားချင်တဲ့စိတ်ဖြင့် 'ညိုပြာ' တစ်ယောက် 'ကိုညီ' တို့အိမ်သို့ရောက်တော့ရောက်လာခဲ့ပါသည်။

ရုံးပိတ်ရက်ဖြစ်တာကြောင့် 'မမှု' တို့ညီအစ်မနှစ်ယောက်လည်းအိမ်မှာ ရှိနေကြသည်။ 'ညိုပြာ' ရောက်တဲ့အချိန်သူ့တို့ညီအစ်မနှစ်ယောက်က အပြင်ထွက်ဖို့အဆင်သင့်ဖြစ်နေပြီဖြစ်သည်။

"ဟဲ့ 'မှုမှု'… 'ညိုပြာ' ကိုလည်းခေါ်သွားပါလား… သူလည်းကြို့ကြည့်ချင်ကြည့်လို့ရအောင်လေ… လိုအပ်တာတွေ့ရင်လည်းညီမလေးကိုဝယ်ပေးလိုက်ဦး"

"အင်း ဟုတ်သားပဲ… သမီးလည်းစောစောတည်းကစဉ်းစားမိပါတယ်… 'ညိုပြာ' ကိုဝင်ခေါ်ရင်ကောင်းမလားလို့လေ… 'ညိုပြာ' လိုက်မလား… 'မမှု' တို့ဗိုလ်ချုပ်ဈေးသွားကြမလို့… ယုဇနပလာဇာလည်းရောက်မယ်… မင်္ဂလာပွဲအတွက် ကြိုပြီးကြည့်ထားကြမလို့လေ… မောင်လေးပြန်လာမယ့်ရက်ကလည်းနီးလာပြီဆိုတော့ ကိုယ်တွေအတွက်ကြိုတင်ပြီးပြင်ထားနိုင်မှဖြစ်မယ်… သူရောက်လာတာနဲ့ 'ညိုပြာ' တို့ကိစ္စကိုလုပ်ပေးနေတာ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ပဲ 'မမမူ' တို့ကိစ္စတွေအတွက် အချိန်ပေးနိုင်မှာမဟုတ်တော့ဘူး"

'ညိုပြာ' သူတို့စကားတွေကိုသာ နားထောင်နေဖြစ်သည်။ ဘာမှတော့ ဝင်မပြောဖြစ်ပါ။

"လိုက်ခဲ့လိုက်နော်... 'ညိုပြာ' ကြိုက်တာတွေလည်းဝယ်ထားလိုက်... မမတို့မှာပိုက်ဆံပါတယ်... ပြီးမှ မောင်လေးဆီကနေပြန်တောင်းယူလိုက်မယ်... လိုက်မယ်မဟုတ်လား"

ဈေးဝယ်တာများ ဘယ်သူကမလိုက်ချင်ဘဲနေပါ့မလဲ။ ပိုက်ဆံမရှိလို့သာ ငြိမ်ပြီးနေရတာမဟုတ်လား။ ဝယ်ပေးတဲ့သူများရှိလို့ကတော့ အမယ်လေးပြောမနေနဲ့ 'ညိုပြာ' တို့ကရှေ့ဆုံးကနေကို ပြေးနေဦးမှာပါ။

အိုင်တင်ကလေးတော့ ခံလိုက်ပါဦးမည်။

"ဟို 'ညိုပြာ' က 'အန်တီဖြူ' ကိုဆံပင်ဖြူနုတ်ပေးမလို့လာတာ... 'မမမူ' တို့ပဲသွားလိုက်ပါတော့... 'ညိုပြာ' နောက်တစ်ခေါက်မှပဲလိုက်ပါတော့မယ်"

"သြော် မေမေကိုယ်တိုင်က လိုက်လို့ပြောနေပြီပဲ 'ညိုပြာ' ရယ်... လုပ်မနေနဲ့လိုက်ခဲ့လိုက်... အဝတ်အစားလည်းလဲမနေပါနဲ့တော့ ငါ့ညီမလေးကချောပြီးသားပဲ... ဒီအတိုင်းသာလိုက်ခဲ့





လိုက်တော့နော်"

သိပ်ပြီးမတောက်ပြောင်သော အဝတ်အစားတွေနဲ့ပဲ သူတို့ခေါ်ရာနောက်သို့ 'ညိုပြာ' လိုက်လာခဲ့ရပါသည်။ စိတ်ထဲကတော့ အဝတ်အစားလေးတောင် ပြန်လဲခွင့်မပေးတဲ့အတွက်သိပ်တော့မကျေနပ်လှ။

ဈေးတွေပလာဇာတွေကိုရောက်တဲ့အခါကျမှ သူတို့ပိုက်ဆံနဲ့ကောင်းပေ့ဆိုတဲ့အဝတ်အစားတွေကို ဝယ်ခိုင်းဖို့ဆုံးဖြတ်ထားလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com

# ၉

မဘက်မဖြစ်လို့သာကျောင်းကိုလာတက်နေရသည်၊ သူ့စိတ်တွေက ကျောင်းစာထဲမှာလုံးဝဝင်စားလို့မရအောင်ကိုဖြစ်နေမိသည်။

ဘေးနားကနေ ဘာတွေမှန်းမသိတွတ်ထိုးနေသော 'ညီပြာ' ကြောင့်လည်းစိတ်ရှုပ်နေရတာပိုသည်။ ချစ်သူဖြစ်နေလို့သာ စိတ်ညစ်နေတဲ့ဒဏ်ကို အောင့်အီးကြိတ်မှိတ်ခံနေရပေမယ့် ဖြစ်နိုင်ရင် ကစားဝိုင်းရှိတဲ့နေရာမှာပဲ သူနေချင်နေသည်။

ပိုက်ဆံမရှိလို့ဝိုင်းထဲဝင်မပါရပေမယ့် ဘေးကနေထိုင်ကြည့်နေရတာနဲ့ကို သူ့စိတ်တွေပျော်ရွှင်နေမှာသေချာပါသည်။





ငွေရအောင်သူဘယ်လိုများ ဖန်တီးရမလဲမသိ။

အိမ်ကလည်းသူ့ကို ကောင်းကောင်းကျိန်းနေပြီ။ အဖေဆိုရင်တစ်ချိန်လုံးကို အိမ်ပေါ်ကနေနှင်ချနေ၏။ ခိုလှုံစရာနေရာမရှိလို့သာ အဖေ့အိမ်မှာကပ်နေရပေမယ့် ဖြစ်နိုင်ရင်သူကိုယ်တိုင်လည်း အိမ်မှာမနေချင်တော့ပါ။

စိတ်လွတ်ကိုယ်လွတ်နဲ့ သူလုပ်ချင်တာကိုလုပ်ပစ်လိုက်ချင်သည်။ မပင်ပန်းဘဲနဲ့ ငွေရမယ့်အလုပ်ဆိုလို့ ဖဲဝိုင်းကပဲရနိုင်တာမဟုတ်လား။

ဒီတော့ဖဲကစားရတာကို သူစွဲလန်းနေတာ ဆန်းတော့လည်းမဆန်းချေ။ 'ညီပြာ' ဆီကလည်း ခဏခဏငွေတွေတောင်းယူလို့လည်းမဖြစ်နိုင်။

ဒါပေမဲ့ သူ့မျက်နှာညှိုးနေရင်ဖြင့် 'ညီပြာ' တစ်ယောက်အလိုက်တသိနဲ့ သူ့မှာရှိတဲ့ငွေတွေပေးနိုင်သည်မဟုတ်လား။ ချစ်သူရှေ့မှာ ခံစားနေရတာထက်ကို သူကပိုပြီးအိုင်တင်လုပ်ကာမျက်နှာကိုထားကို မှုန်ထားလိုက်မိသည်။

"'ညီပြာ' ပြောနေတာကိုကြားလားကွာ... မောင့်ပုံစံကဘယ်လိုဖြစ်နေတာလဲ... ဒီမှာဖြင့်စိတ်ညစ်လို့သေတော့မယ် သူကတော့ ဘာမှမဖြစ်တဲ့အတိုင်း ခပ်အေးအေးနေနိုင်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



သူ့ပခုံးကိုလှုပ်ခါပြီး 'ညိုပြာ' က အတင်းကာရောပြော လာတော့ သူသက်ပြင်းကိုချလိုက်ရင်း...

"မောင်လည်းစဉ်းစားနေတာပေါ့... ခုတလောစိတ်ညစ် စရာတွေကများမှများကွာ... လူတောင်မှရူးချင်နေရပြီ"

ရှင်းရှင်းပြောရလျှင် 'ညိုပြာ' ဘာပြောလိုက်သည်ဆိုတာ ကို သူလုံးလုံးမကြားလိုက်ပါ။ သူ့စိတ်တွေက သူမဆီမှာရှိနေ သည်မှမဟုတ်ဘဲ။

'ညိုပြာ' ကတော့ သူပြောတာကို ယုံသွားပုံရသည်။

"'ညိုပြာ' လည်းမောင့်လိုပါပဲ... 'ကိုညီ' ကနောက်တစ် ပတ်လောက်နေရင် ပြန်လာတော့မယ်ဆိုတော့ မင်္ဂလာကိစ္စက ချက်ချင်းကြီးကိုဖြစ်လာတော့မှာ... နှစ်ဘက်အိမ်သားတွေအား လုံးကလည်း ဒီကိစ္စကိုပဲတက်တက်ကြွကြွနဲ့လုပ်နေကြတာ"

သြော် 'ညိုပြာ' ကို သူ့အိမ်ကယောကျ်ားပေးစားကြတော့ မှာပဲ။ အဲ့ဒီကိစ္စနဲ့ပတ်သက်ပြီး 'ညိုပြာ' ပြောနေတာတော့ကြာပါ ပြီ။

အပိုစကားတွေ၊ မှုယာမာယာစကားတွေထင်ပြီး သူစိတ် ထဲကိုမထည့်ထားခဲ့ပါ။ ခုတော့ တကယ်များဖြစ်နေပြီလားမသိ။ တကယ်ဖြစ်နေရင်လည်း သူကကော်ဘာတတ်နိုင်မှာတုန်း။





မိန်းမတစ်ယောက်ကိုတာဝန်ယူဖို့ဆိုတာ ခုချိန်မှာဘယ် လိုနည်းနဲ့မှဖြစ်နိုင်သောကိစ္စမဟုတ်။ အိမ်ထောင်တစ်ခုရဲ့တာဝန် ကိုလည်း သူ ယူနိုင်မယ်မထင်။

သူ့ဘဝတစ်ခုလုံးကို ပုံအောပြီးပေးလိုက်ရအောင်အထိ 'ညိုပြာ' အပေါ်လည်း သူတကယ်ချစ်မိသေးတာလည်းမဟုတ်ပါ။ လှပသောမိန်းကလေးတစ်ယောက်နဲ့ ချစ်သူဖြစ်ခွင့်ရတာကိုပဲ ကျေနပ်နေတဲ့အဆင့်လောက်ပဲရှိသေးသည်။

ပြီးတော့ သူကိုယ်တိုင်တောင် မိဘအိမ်မှာကပ်နေပြီး မိဘပေးသောပိုက်ဆံကို သုံးနေရသေးတာဆိုတော့ 'ညိုပြာ' ကို ယူပြီး ဘယ်မှာသွားထားရမလဲ။ နှစ်ယောက်ပေါင်းပြီးငွေကိုဘယ် လိုသုံးကြရမလဲ။

အိမ်ကလည်း သူဟာစ်ယောက်တည်းတောင် တာဝန်မယူ ချင်လို့ အိမ်ပေါ်ကနှင်ချနေတာ သူနဲ့ပတ်သက်ပြီးနောက်ထပ်လူ ပိုတင်လာမယ်ဆိုရင် အဖေကသူ့ကိုရိုက်သတ်ယုံပဲရှိတော့မည်။

'ညိုပြာ' ကိုခိုးပြေးဖို့ဆိုတာ ဘယ်လိုနည်းနဲ့မှဖြစ်နိုင် သောကိစ္စတစ်ခုမဟုတ်ပါ။ သူ ငြင်းကိုငြင်းပစ်ရပါမည်။

"မောင် 'ညိုပြာ' နဲ့ခွဲနိုင်သလား... 'ညိုပြာ' ကိုသူစိမ်း ယောကျ်ားတစ်ယောက်လက်ထဲကို ထည့်လိုက်နိုင်သလား... 'ညို



www.burmeseclassic.com

www.burmeseclassic.com



ပြာ' ကတော့ မောင်ကလွဲပြီးဘယ်သူ့ကိုမှလက်မထပ်နိုင်ဘူး... 'ညိုပြာ' မောင့်ကိုပဲချစ်တယ်... မောင်နဲ့ပဲတစ်သက်လုံးအတူတူနေချင်တယ်"

'ညိုပြာ' သည်မောင်နဲ့ဝေးရမှာစိုးတာကြောင့် မောင့်ရင်ခွင်ထဲဝင်ကာ ငိုချပစ်လိုက်ပါသည်။ အားတက်သရောသိပ်မရှိလှသော မောင့်ပုံစံကြောင့်လည်း ရင်ထဲမှာစိုးရိမ်စိတ်တွေပိုများလာခဲ့ရသည်။

'ညိုပြာ့' မှာတော့ တစ်နေ့တစ်နေ့မောင်နဲ့ဝေးရမယ့်အဖြစ်ကိုတွေးပြီး နေလို့ထိုင်လို့ပင်မရနိုင်အောင်ဖြစ်နေရသည်။

ဘာလုပ်ရင်အဆင်ပြေမလဲ၊ ဘယ်လိုလုပ်ရင်ကောင်းမလဲဆိုတဲ့အတွေးတွေဖြင့် လူကညညဆိုအိပ်မပျော်ဘဲစဉ်းစားနေတာကြောင့် မျက်နှာတွေတော်တော်ချောင်ကျနေပါပြီ။

မောင်ကတော့ 'ညိုပြာ' ပူပင်နေသလောက် မပူပင်ဘဲကစ်ခုခုကိုတွေးကာ ငြိမ်သက်နေတတ်သည်။ ဖြစ်နိုင်ရင်မောင်တွေးနေသောအတွေးတွေကို သိချင်လှပါသည်။

အေးစက်နေသော မောင့်ရဲ့အပြုအမူတွေကြောင့်ရင်ခွင်တွင်းမှရုန်းထွက်ကာ မောင့်မျက်နှာကိုကြည့်ရင်း မေးကြည့်လိုက်မိသည်။





"မောင် ဘာလို့ငြိမ်သက်နေတာလဲ... 'ညိုပြာ့' ကိုမချစ်လို့လား... မောင်ဖြေလေ... ချစ်သူတွေဖြစ်ကြတာတစ်နေ့နှစ်ယောက်အတူတူ ဘဝတစ်ခုကိုတည်ဆောက်ဖို့ပဲမဟုတ်ဘူးလား 'ညိုပြာ' နဲ့အတူတူ ဘဝတစ်ခုကိုမောင်မတည်ဆောက်ရဲဘူးလား မောင်သတ္တိမရှိဘူးလား"

မောင်က သက်ပြင်းကိုချပြီး ခေါင်းကိုခါရမ်းနေသည်။

"မောင်စဉ်းစားနေတာ... 'ညိုပြာ့' ကိုတာဝန်ယူဖို့ဆိုတာဘယ်လိုမှမဖြစ်နိုင်ဘူးလေ... မောင့်အိမ်ကလည်း ပညာမပြီးဆုံးသေးဘဲနဲ့ မိန်းမခိုးပြေးလာတယ်ဆိုရင် လက်ခံမှာမဟုတ်ဘူး... မောင်တို့ဘယ်မှာနေကြမလဲ... ဘယ်လိုလုပ်ကိုင်စားသောက်ကြမလဲ... တစ်ယောက်ယောက်လက်ထဲမှာ အရင်းအနှီးတစ်ခုခုရှိနေတယ်ဆိုရင်လည်းထားပါတော့... ဘာငွေမှမရှိဘဲနဲ့တော့ဘဝတစ်ခုကို မောင်တို့နှစ်ယောက်ဘယ်လိုရပ်တည်နိုင်ကြမှာလဲ... ခုနေချိန်သာ 'ညိုပြာ့' စိတ်ကဒါမျိုးဖြစ်နေတာ နောက်မပြည့်စုံတဲ့ဘဝမှာအနေကြာလာရင် 'ညိုပြာ' ပဲမောင့်ကိုစိတ်ပျက်လာလိမ့်မယ်... ချစ်တဲ့စိတ်နေရာမှာ အမုန်းစိတ်တွေဝင်လာလိမ့်မယ်... မောင်က 'ညိုပြာ့' ကိုတစ်သက်လုံးပဲချစ်နေချင်တာ... အမုန်းခွေမောင်မလိုချင်ဘူး... လူချင်းမပေါင်းရပေမယ့် အဝေးကနေပဲချစ်



www.burmeseclassic.com

www.burmeseclassic.com



နေရရင်ကိုပဲ မောင်ကျေနပ်နိုင်မှာပါ... ကိုယ့်ချစ်သူကိုတော့တခြားသူစိမ်းယောကျ်ားတစ်ယောက်လက်ထဲ ဘယ်လိုလုပ်ပြီးထည့်ရက်နိုင်မှာလဲ... မောင့်မှာလည်းအစွမ်းအစကမရှိတော့..."

တိုးတိတ်ညင်သာစွာပြောနေသော မောင့်စကားတွေကိုနားထောင်နိုင်စွမ်းမရှိတော့တာကြောင့် 'ညိုပြာ' က မောင့်နှုတ်ခမ်းကိုလက်ညှိုးလေးနဲ့ဖိပိတ်ပစ်လိုက်သည်။

"မောင်ရယ်... 'ညိုပြာ' လိုချင်တာ မောင့်ဆီကအချစ်တစ်ခုကိုပါပဲ... ကျန်တာတွေဘာကိုမှမလိုချင်ပါဘူး... ငွေလည်းမလိုဘူး... ငွေရှိမှ 'ညိုပြာ' တို့ဘဝပြည့်စုံမယ်ဆိုရင် အဲ့ဒီငွေကိုဖန်တီးတဲ့သူကလည်း 'ညိုပြာ' ပဲဖြစ်ချင်တယ်... မောင့်ကို 'ညိုပြာ' ကြောင့်ဘာဒုက္ခမှမတွေ့စေချင်ဘူး... မပင်ပန်းစေချင်ဘူး... တစ်ခုပဲ မောင့်ဆီကနေ 'ညိုပြာ' တောင်းဆိုချင်တယ်... တစ်သက်လုံး 'ညိုပြာ့' ဘေးနားမှာသစ္စာရှိရှိနဲ့မောင်နေပေးနိုင်မလားဆိုတာပဲ"

"မေးစရာမလိုတဲ့မေးခွန်းပါ 'ညိုပြာ' ရယ်"

"မောင် 'ညိုပြာ့' ကိုလက်ထပ်ရဲလား... ကျန်တဲ့ကိစ္စတွေမောင်ဘာကိုမှတွေးမပူနဲ့... 'ညိုပြာ' ဖန်တီးနိုင်လိမ့်မယ်လို့ထင်တယ်"

"မောင့်ကြောင့် 'ညိုပြာ' ပင်ပန်းနေမှာပေါ့... ဘာဂရုမှ





တွေးမပူရဘူးဆိုရင် ခုချက်ချင်းကိုရုံးတက်လက်မှတ်ထိုးလိုက်လို့ရတယ်"

"မောင့်စကားမောင်တည်နော်"

"တည်ပါတယ်"

'ညိုပြာ' ရင်ထဲမှာဝမ်းသာကြည်နူးသွားရသည်။ မောင့်ဆီကကြားချင်တာ ဒီစကားတစ်ခွန်းပါပဲ။ မောင်တွေးပူနေတဲ့ဘဝအရေးကိစ္စတွေကိုတော့ 'ညိုပြာ့' ဖါသာဖန်တီးနိုင်အောင်ကြိုးစားရပါမည်။

အဓိကက 'ညိုပြာ' နဲ့မောင်နဲ့ ပေါင်းရဖို့ပါပဲ။

"'ညိုပြာ' ကဘာတွေများစီစဉ်ထားလို့လဲ"

"စိတ်ကူးတွေကတော့အများကြီးပဲ မောင်ရယ်... လက်တွေ့တကယ်ဖြစ်လာမဖြစ်လာဆိုတာကိုပဲ တွေးပူနေရတယ်... မောင် မပူပါနဲ့... 'ညိုပြာ့' ဘက်ကို 'ညိုပြာ' ပိုင်ပါတယ်... မောင်သာအားမွေးထား... 'ညိုပြာ' နဲ့မောင်နဲ့ပေါင်းပြီး ဘဝတစ်ခုကိုတည်ဆောက်ကြမယ်ဟုတ်လား... အလုပ်လုပ်ဖို့အတွက်လည်းအရင်းအနှီးရအောင် 'ညိုပြာ' ပဲဖန်တီးမယ်... အရင်းအနှီးရှိရင်တော့ ငွေရမယ့်နည်းလမ်းတွေကို မောင်ဖန်တီးနိုင်မယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ကြိုးစားရမှာပေါ့... မိန်းကလေးဖြစ်တဲ့ 'ညိုပြာ' က တောင် ဒီလောက်သတ္တိတွေရှိနေတာ... မောင်ကယောကျ်ားပဲ... 'ညိုပြာ့' ထက်ပိုပြီးသတ္တိရှိမှဖြစ်မှာလေ"

'ညိုပြာ' ကသူနဲ့အတူ ဘဝတစ်ခုကိုဘယ်လိုဖြတ်သန်းလိုက်မယ်ဆိုတာတွေးနေပေမယ့်၊ သူကတော့ 'ညိုပြာ' ပြောတဲ့ အရင်းအနှီးဆိုတာကြီးကိုပဲ စိတ်ကရောက်လို့နေပါသည်။



## ၁၀

အသားတွေဖြူနုပြီး ယခင်ထက်ပိုသန့်ပိုချောလာသော 'ကိုညို့' ကိုကြည့်ကာ 'ညိုပြာ့' ရဲ့ ရင်ခုန်သံတွေကပြောင်းလဲလို့ မလာပါ။ အချစ်ကရုပ်ချောတာနဲ့လည်း မဆိုင်ပါလား။

ရင်ခုန်ခြင်းက အရေးအကြီးဆုံးပဲနဲ့တူသည်။ 'ကိုညို' ကို ကြည့်ရသည်မှာလည်း မိဘတွေသဘောတူလို့သာ 'ညိုပြာ' နဲ့ လက်ထပ်ရသည်၊ သူ့ရင်ထဲမှာ 'ညိုပြာ' နဲ့ပတ်သက်ပြီးသည်းသည်းလှုပ်ဖြစ်မနေတာတော့ သိပ်ကိုသေချာပါသည်။

'ညိုပြာ' ဆယ်တန်းနှစ်လောက်တုန်းက 'ကိုညို့' မှာချစ်သူတစ်ယောက်ရှိခဲ့ဖူးပါသည်။ သူ့ချစ်သူကို 'ကိုညို' ကသူ့အိမ်



www.burmeseclassic.com

www.burmeseclassic.com



အထိတောင် ခေါ်ခဲ့ဖူးသေးတာပဲ။ 'ညိုပြာ' တော့မမြင်တွေ့ဖူး လိုက်ပါ။

ဘာကြောင့်မှန်းမသိဘဲ 'အန်တီဖြူ' က 'ကိုညို' တို့နှစ်ယောက်ကိုသဘောမတူနိုင်။ တစ်ဖက်မိန်းကလေးမိဘတွေအထိကို 'အန်တီဖြူ' ကသွားပြီး သဘောမတူနိုင်တဲ့အကြောင်းကိုပြောခဲ့တာဆိုတော့ တစ်ဖက်ကလည်းစိတ်နာကာ ခြေရာဖျောက်သွားခဲ့လေသည်။

နောက်တော့ တခြားလူတစ်ယောက်နဲ့လက်ထပ်သွားလေသည်။ 'ကိုညို' တစ်ယောက်အသည်းတွေကွဲကာ သဘောတက်တဲ့အခြေအနေဖြစ်သွားရပါတော့သည်။

နောက်တော့ 'ကိုညို' နဲ့ 'ညိုပြာ' ကို 'အန်တီဖြူ' ကစကားတွေစလာခဲ့သည်။ 'ညိုပြာ' ကတော့ ချစ်တာမချစ်တာထက်သူတို့နဲ့ပတ်သက်ပြီး ကိုယ့်ဘဝ၊ ကိုယ့်မိသားစုအခြေအနေကတိုးတက်နေတာဆိုတော့လည်း မသိချင်ယောင်ဆောင်နေခဲ့လိုက်သည်။

'ကိုညို' အနေနဲ့လည်း ချစ်တဲ့သူနဲ့ဝေးရပြီးသည့်အတူတူဘယ်သူနဲ့ပဲဖြစ်ဖြစ် မိဘစိတ်ချမ်းသာရင်ပြီးရောလို့ တွက်ဆလေသလားမသိ။ 'ညိုပြာ' နဲ့ကိစ္စကို ကြည်ကြည်ဖြူဖြူပဲလက်ခံသဘောတူနဲ့လေသည်။





မေတ္တာတွေ၊ ချစ်တာတွေတော့ 'ညိုပြာ' နဲ့ပတ်သက်ပြီး 'ကိုညို' ရင်ထဲမှာရှိနေမယ်တော့မထင်။ ခုပဲကြည့်ပါလား၊ လက်ပဲလက်ထပ်တော့မည်၊ ကိုယ့်ကိုချစ်လားဆိုတဲ့စကားတစ်ခွန်းကို 'ကိုညို' နှုတ်ကနေမမေးဖူးသေးပါ။

မင်္ဂလာကိစ္စနဲ့ပတ်သက်တဲ့အရာတိုင်းကို သူနဲ့မဆိုင်သလိုမျိုးသဘောထားကာ 'အန်တီဖြူ' သဘောအတိုင်းကြီးပဲဖြစ်စေနေတော့သည်။

'အန်တီဖြူ' ကဘာဆိုရင်သူကလည်းဘာ၊ ဒါဆိုရင်သူကလည်းဒါဖြစ်နေတဲ့အတွက် 'ကိုညို' ကိုကြည့်ပြီး 'ညိုပြာ' အမြင်တွေကတ်နေရတော့သည်။

သူ့ကိုသာ 'ညိုပြာ' ဘက်ကမျှော်နေမိရင်တော့ ဒုက္ခပါပဲ။ ကိုယ်ကလည်း မချစ်မိတဲ့အတွက် တော်ပါသေးရဲ့။ နင်မို့ဆိုယူပြီးတဲ့အခါ သူ့မိသားစုနဲ့ 'ညိုပြာ' နဲ့မပြေလည်လို့ပြဿနာတွေဖြစ်ပြီး 'အန်တီဖြူ' က ကွဲလိုက်ဆိုရင် ချက်ချင်းကိုလက်မှတ်ထိုးပြီး ကွာရှင်းလိုက်မယ့်လူမျိုးဖြစ်ပါ။

မောင့်ကိုချစ်မိတာကပဲ 'ညိုပြာ' ကံကောင်းသွားပါသည်၊

မောင့်အကြောင်းကိုတွေးမိတော့ 'ညိုပြာ' ရဲ့မျက်နှာက



www.burmeseclassic.com

www.burmeseclassic.com



အချစ်စိတ်တွေကြောင့် ပြုံးလို့လာခဲ့ရသည်။ 'ကိုညီ' ဆားမှာရှိနေ တယ်ဆိုတာကိုတောင် မေ့လျော့လို့သွားခဲ့ရလေသည်။

"ဘာတွေသဘောကျပြီး ပြုံးနေတာလဲ 'ညိုပြာ' ရဲ့"

'ကိုညီ' အသံကိုကြားမှပဲ လက်ရှိအခြေအနေကိုပြန်သ တိရမိသွားတာကြောင့် ခေါင်းကိုခါရင်း...

"ဩော် 'ကိုညီ' ပြောတဲ့စကားတွေကိုသဘောကျပြီးပြုံး နေမိတာပါ"

"ကိုယ်ကဘာပြောလို့လဲ"

"'ကိုညီ' ပေးထားတဲ့ပိုက်ဆံတွေထဲက မိဘတွေကိုလည်း ကန်တော့လိုက်ဆိုလို့လေ... ဖြစ်နိုင်ရင် 'ညိုပြာ' က အကုန်လုံးကို ကန်တော့ချင်တာ... အဲ့လိုသာကန်တော့လိုက်ရင် အမေတို့ဘယ် လောက်တောင်ဝမ်းသာသွားမလဲမသိဘူးနော်"

"ကိုယ်ပေးတည်းက 'ညိုပြာ' ကြိုက်တာလုပ်ဖို့ပေးထား တာပဲ..! မိဘကိုပေးတာပဲ 'ညိုပြာ' ရယ်... ကိုယ့်ဘက်ကကန် ကွက်ဖို့မရှိပါဘူး... ဒီနေ့ပဲဘဏ်ကနေ ကိုယ်အကုန်ထုတ်ထား ပေးလိုက်မယ်... နည်းနည်းချင်းစီဆို 'ညိုပြာ' အနေနဲ့လည်းပေး ရတာမကောင်းတော့ဘူး"

"ရပါတယ် 'ကိုညီ' ရယ်... နောက်မှပေးလည်းဖြစ်ပါ





တယ်... 'ညိုပြာ' ကစိတ်ထဲရှိတာကိုပြောပြတာပါ"

'ကိုညီ' က ပြန်လာလာချင်း 'ညိုပြာ' ကြိုက်တာသုံးဖို့ဆို ပြီး ငွေဆယ်သိန်းကိုဘဏ်မှာအပ်ထားပေးသည်။ ဒါပေမဲ့လုံးကန် ပေးတာမဟုတ်ဘဲ ငွေနှစ်သိန်းလောက်ပဲ လက်ထဲထည့်ပေးထား ပြီး ကျန်တဲ့ငွေတွေက သူ့နာမည်နဲ့ပဲဘဏ်မှာရှိနေပါသည်။

တောင်းရမ်းတဲ့နေ့ကျရင်တော့ 'အန်တီဖြူ' ကငွေသား အပြင် လက်ဝတ်လက်စားတွေပါ ထည့်ပေးမယ်လို့ပြောထားပါ သေးသည်။

အဲ့ဒီနေ့ကလည်း မြန်မြန်မရောက်နိုင်။ 'ညိုပြာ' စိတ်ထဲ မှာ အကြံအစည်တွေက ကွက်တိကိုဖြစ်နေပါပြီ။ 'ကိုညီ' ပေးထား တဲ့ငွေကိုလည်း 'ညိုပြာ' က အိမ်ကလူတွေကိုအသိမပေးရသေး ပါ။

နောက်မှပဲလိုအပ်မှ ဖွင့်ပြောပြမည်လို့စိတ်ကူးထားလိုက် တာပါ။ အခုလောလောဆယ်လက်ထဲမှာရှိသော ငွေနှစ်သိန်းကို မောင့်လက်ထဲအပ်ကာ မရမ်းကုန်းဘက်မှာရှိသော ကန်ထရိုက် တိုက်ခန်းတစ်ခုကို နှစ်ချုပ်နဲ့ငှားနေဖို့စရံပေးထားလိုက်သည်။

လေးလွှာမှာဖြစ်ပေမယ့်လည်း တိုက်ခန်းကသန့်သန့်ရှင်း ရှင်းအပြင် အခန်းလည်းဖွဲ့ပေးထားသေးတာမို့ 'ညိုပြာ' ကတော့



www.burmeseclassic.com

www.burmeseclassic.com



သဘောကျလှသည်။

ငွေအကြွေချေတဲ့နေ့ကျရင်တော့ 'ညိုပြာ' နဲ့မောင်နဲ့ဘဝ ကစရတော့မှာပါ။ အဓိက,က 'ညိုပြာ' လခထဲငွေတွေရောက် လာဖို့ပဲလိုပါသည်။

'ညိုပြာ' အိမ်ကိုပြန်ရောက်တော့ လက်ထဲမှာ 'ကိုညို' ပေးလိုက်တဲ့ငွေထုပ်ကပါလာခဲ့ပါပြီ။ အမေကအထုပ်ကိုကြည့်ပြီး 'ညိုပြာ' ကိုမေးသည်။

"ဘာတွေဝယ်ပေးလိုက်တာလဲ... ဟိုအထုပ်ကပိုက်ဆံ တွေမဟုတ်လား"

'ညိုပြာ' လိမ်လို့လည်းမထူးတော့ပါ။ ဒါကြောင့်...

"သမီးသုံးဖို့ဆိုပြီး 'ကိုညို' က သပ်သပ်ပေးလိုက်တာလေ ဟို 'အန်တီဖြူ' တို့ပေးတာနဲ့မဆိုင်ဘူးတဲ့... ပထမတော့ 'ကိုညို' က ဘဏ်မှာအပ်ထားပေးတာ... သမီးကအမေတို့ကိုပေးချင်တာ နဲ့ ထုတ်ယူလာလိုက်တာ... ရော့ အမေပဲသိမ်းထားလိုက်"

အမေ့လက်ထဲသို့ ပိုက်ဆံထုပ်ကိုထည့်ပေးလိုက်ရပေ မယ့် စိတ်ထဲမှာတော့ ဘယ်လိုပြန်တောင်းယူရင်ကောင်းမလဲစဉ်း စားနေဖြစ်ပါသည်။

ဒါပေမဲ့ 'ညိုပြာ' မမျှော်လင့်သောစကားကို အမေက





ပြောလာခဲ့သည်။

"သမီးက အခုအိမ်မှာရှိနေသေးတာပဲကွယ်... သမီးပဲ သိမ်းထားစမ်းပါ... အမေတောင်မှ သမီးကိုပြန်ရထားတဲ့ပိုက်ဆံ တွေအပ်ထားမလို့... အမေဗီရိုအံဆွဲကသော့ပျက်နေတယ်လေ... သမီးသေတ္တာထဲသေချာသော့ခတ်သိမ်းထားလိုက်နော်"

"အင်း... သိမ်းထားပါ့မယ်... ငွေကဘယ်လောက်တောင် များနေလို့လဲ... ဘဏ်မှာအပ်ရင်လည်းအပ်ထားလိုက်ပါလား"

"မအပ်တော့ပါဘူး... ဒီကြားထဲလိုအပ်တာတွေလည်းရှိ ဦးမှာလေ... ဘဏ်ကနေသွား,သွားထုတ်နေရင် အလုပ်ရှုပ်ပါ တယ်... သမီး 'မဖြူ' တို့အိမ်ရောက်သွားတော့လည်း ပိုတဲ့ငွေတွေ ကို အမေကအတိုးပြန်ပေးထားဦးမှာဆိုတော့ ဘဏ်အပ်လည်း ဘာမှမထူးတော့ဘူး"

အမေက သူအလုပ်လုပ်ထားတဲ့ပိုက်ဆံထုပ်ကို 'ညိုပြာ' လက်ထဲသို့ လာထည့်ပေးပါသည်။ ပိုက်ဆံအားလုံးကိုအမေ့ရှေ့ မှာပဲ 'ညိုပြာ' က ရေတွက်ကြည့်လိုက်မိသည်။

နှစ်ဆယ့်ရှစ်သိန်းရှိပါသည်။ 'ညိုပြာ' ပိုက်ဆံနဲ့ပါပေါင်း လိုက်ရင်တော့ သိန်းသုံးဆယ်ကျော်သွားပါပြီ။ များပြားလှသော ငွေတွေကိုကြည့်ပြီး 'ညိုပြာ' ရဲ့စိတ်တွေက တက်ကြွသထက်



www.burmeseclassic.com

www.burmeseclassic.com



တက်ကြွလို့လာခဲ့ရပါသည်။

ချက်ချင်းကြီးလည်း ကိုယ်လုပ်ချင်ရာကို ထလုပ်လိုက်လို့မဖြစ်ချေ။ အချိန်တစ်ခုတော့ စောင့်စားရပါဦးမည်။ မောင့်ဘက်ကလည်း အဆင်သင့်ဖြစ်သေးတာမဟုတ်။

တိုက်ခန်းကိစ္စကို အရင်ပြီးပြတ်အောင်လုပ်ရမည်မဟုတ်လား။ မောင်နဲ့တွေ့ရင် လိုတဲ့ပိုက်ဆံကိုပေးပြီးမြန်မြန် စာချုပ်ချုပ်နိုင်းမှဖြစ်လိမ့်မည်။

'ညိုပြာ' ရဲ့စိတ်ကူးယဉ်ထားမှုတွေက အဆင်ပြေပြေဖြစ်နေတဲ့အတွက် အရာအားလုံးကချောမွေ့သလိုဖြစ်နေပါသည်။ တချို့လူတွေကပြောကြသည်၊ အချစ်စစ်တို့ရဲ့ဘဝလမ်းခရီးက မချောမွေ့ကြဘူးတဲ့။

'ညိုပြာ' နဲ့မောင်နဲ့ကျတော့ ဘယ်လိုလုပ်မလဲ။ ချစ်သူနှစ်ယောက်လျှောက်လှမ်းရမယ့် လမ်းခရီးက ချောမွေ့ကာအဆင်ကိုပြေလို့။

ကုသိုလ်ကံနဲ့ပဲဆိုင်သည်လား မပြောတတ်တော့ပါ။

ရုံးတက်လက်မှတ်မထိုးခင် သုံးရက်အလိုမှာ 'အန်တီဖြူ' တို့တစ်မိသားစုလုံး 'ညိုပြာ' တို့အိမ်ကိုရောက်လာကြပါသည်။ မြန်းစရာအဆင့်မဟုတ်တော့တာကြောင့် ပတ်ဝန်းကျင်ကလူတွေ





ကိုလည်းဖိတ်မနေတော့ပါ။

မိသားစုနှစ်စု ကိုယ့်ဖါသာကိုယ်တိုင်ပင်ခဲ့ကြတာဖြစ်သည်။ 'အန်တီဖြူ' က သားရှင်ပီပီ 'ညိုပြာ' ကိုတန်ဖိုးထားပြီး ငွေသားအပြင် စိန်တစ်ဆင်ဆာနဲ့ ပတ္တမြားတစ်ဆင်ဆာပါတင်တောင်းခဲ့လေသည်။

ရှင်းရှင်းပြောရလျှင် သူတို့တာဝန်ကျေပါတယ်၊ ဘယ်လောက်ချမ်းသာပါတယ်ဆိုတာကို 'ညိုပြာ' တို့မိသားစုသိအောင် ပစ္စည်းတွေနဲ့ ဖြားယောင်းခြင်းပဲဖြစ်ပါသည်။

'ညိုပြာ' ကတော့ တင်တောင်းတဲ့တန်ဖိုးများလေလေပိုပြီးသဘောကျလေလေပဲပေါ့။ မင်္ဂလာပွဲကိုတော့ 'ကိုညို' ဆန္ဒအရ ဟိုတယ်ကြီးတွေမှာမလုပ်တော့ဘဲ ဘုန်းကြီးကျောင်းမှာပဲသံဃာတော်တွေကိုဆွမ်းကပ်လှူပြီး ရက်ကွက်ထဲကနဲ့သိတဲ့မိတ်ဆွေအနည်းအကျဉ်းလောက်ကိုပဲ ဖိတ်ဖို့ဆုံးဖြတ်လိုက်လေသည်။

အမေတို့ကလည်း သဘောကျသည်။ ဟိုတယ်ကြီးတွေမှာဆိုရင် သူတို့လည်းမတက်ရဲတာကြောင့် ဘုန်းကြီးကျောင်းမှာ ဆွမ်းကျွေးတဲ့ကိစ္စကို သဘောတူကြပါသည်။

'ညိုပြာ' ကတော့ ကိုယ်မဆင်နွှဲရမယ့်ပွဲမို့လည်း စိတ်မဝင်စားမိပါ။ 'ညိုပြာ' စိတ်ဝင်စားနေတာက တောင်းရမ်းထား



www.burmeseclassic.com

www.burmeseclassic.com



သော ငွေသားနဲ့လက်ဝတ်လက်စားတွေကိုဝါပဲ။

'ကိုညီ' တို့ပြန်သွားတော့ တစ်မိသားစုလုံး ဝမ်းသာအားရနဲ့ စကားတွေဆူညံကုန်ရတော့သည်။ ဆားပတ်ဝန်းကျင်သိမှာလည်းစိုးတာကြောင့် လေသံတွေကိုလည်း အကျယ်ကြီးမပြောရဲကြချေ။

"မမကြီး... ကျွန်တော်တို့မောင်နှမနှစ်ယောက်ကို ဘာဝယ်ပေးမှာလဲ... မင်္ဂလာဆောင်ကျရင်ဝတ်ဖို့အဝတ်အစား ခုထက်ထိအမေကဝယ်မပေးသေးဘူး"

"ဒုတ်တယ်... 'ဖြူဖြူ' လည်းလိုချင်တာတွေတွေ့ထားတယ်... မမကြီးဈေးသွားရင် 'ဖြူဖြူ' တို့လည်းလိုက်ချင်တယ်"

"အေးပါ... နောက်နေ့ကျရင် နင်တို့ကိုခေါ်သွားပါ့မယ် အဲ့ဒီကျမှ ကြိုက်တာဝယ်ကျတော့... ငါပိုက်ဆံအများကြီးထည့်လာခဲ့မယ် သိရဲ့လား"

"ဟေး ..."

ပြုံးပျော်သွားကြသော 'ဖြူဖြူ' နဲ့ 'ဓာနည်' ကိုကြည့်ပြီး 'ညိုပြာ' လည်းရယ်လိုက်မိသည်။ ဪ သူတို့တွေစိတ်ထဲမှာ 'ညိုပြာ' နဲ့ 'ကိုညီ' လက်ထပ်မယ့်ကိစ္စက ပျော်ရွှင်စရာတစ်ခုလို့ သတ်မှတ်နေသည်နဲ့တူသည်။





"ပိုက်ဆံတွေနဲ့လက်ဝတ်လက်စားတွေကို သမီးကြီးသိမ်းထားဦးနော်... သေချာလည်းသော့ခတ်ထား... 'မဖြူ' ကမင်္ဂလာပွဲကျရင် အမေဝတ်ဖို့ဆိုပြီး သူ့ပစ္စည်းတွေပေးသွားသေးတယ်... အားလုံးသမီးပဲသိမ်းထားလိုက်တော့"

"သမီးကျောင်းသွားရင်တော့ အမေပဲသော့ကိုသိမ်းထားလေ... သမီးပေးခဲ့မယ်"

"အေး အေး"

အမေကတော့ ယောက်ျားပီပီ ဘာမှသိပ်မပြောဘဲသမီးဖြစ်သူရဲ့ဘဝကိုကျေနပ်နေပုံရသည်။

" 'မဖြူ' တို့အိမ်ကိုရောက်ရင်လည်း အစစအရာရာအလိုက်တသိနဲ့နေပေးလုပ်ပေးနော် သမီး... သူတို့ကသမီးကိုသိပ်ချစ်ကြတာ... သမီးမျက်နှာတစ်ခုတည်းနဲ့ အမေတို့တစ်မိသားစုလုံးကို ပေးနေကမ်းနေတာ... အမေ့သမီးကြီးပိုလိမ္မာမှဖြစ်မယ်"

"အခုကော သမီးကမလိမ္မာလို့လား... အမေတို့စိတ်တိုင်းကျအားလုံး နာခံနေခဲ့တာကြီးပဲမဟုတ်လား... ရသမျှပိုက်ဆံပေးသမျှလက်ဝတ်လက်စားတွေကိုလည်း အမေ့လက်ထဲထည့်နေတာပဲဥစ္စာကို"

"ဪ ပိုပြီးလိမ္မာစေချင် တော်စေချင်လို့အမေပြော



www.burmeseclassic.com

www.burmeseclassic.com



နေတာပေါ့... မိဘတွေအပေါ် ငါ့သမီးဒီလောက်သိတတ်နေတာ တစ်သက်လုံး ဘဝတလျှောက်လုံး စိတ်ဆင်းရဲရမယ်မထင်ပါဘူး အမေတို့လည်း သမီးဘဝအမြဲတမ်းကံကောင်းနေအောင် ဆုတောင်းပေးမယ်သိလား"

ညအိပ်ခါနီးအချိန်ကျတော့ 'ညိုပြာ' အဖေနဲ့အမေကို ကန်တော့လိုက်မိသည်။ စိတ်ထဲကတော့ 'ညိုပြာ' လုပ်ရပ်တွေမှားနေခဲ့တယ်ဆိုရင် ခွင့်လွှတ်ပေးပါလို့ ခွင့်တောင်းနေမိပါသည်။

'ညိုပြာ' ကန်တော့တာကိုမြင်တော့ အဖေကမျက်ရည်ဝဲသလို၊ အမေကလည်းဝမ်းနည်းသလိုမျိုးငိုလေသည်။ 'ညိုပြာ' ရင်ထဲမှာလည်း ဘာကြောင့်မှန်းမသိဘဲ ငိုချင်နေရသည်။

"ငါ့သမီးကြီးကျန်းမာပါစေ ချမ်းသာပါစေ... အမြဲတမ်းအခုလိုမျိုး မိဘအပေါ် မိသားစုအပေါ်သိတတ်လိမ္မာတဲ့ သမီးတစ်ယောက်ဖြစ်နေပါစေကွယ်"

ဆုတောင်းပေးတဲ့အဖေ့ရဲ့အသံတွေက တုန်နေသည်။

"သမီးဘဝအဆင်ပြေရင်ပြေသလို အဖေတို့ကိုကြည့်ရှုစောင့်ရှောက်ပါ့မယ်ဆိုတာ ကတိပေးပါတယ်အဖေရယ်... တကယ်လို့မိဘတွေအပေါ်မှာ သမီးလုပ်ခဲ့တဲ့အပြုအမူတွေလုပ်ရပ်တွေ မှားခဲ့မယ်ဆိုရင် အဖေတို့ခွင့်လွှတ်ပေးဖို့ကြိုတောင်းပန်ထား





ပါရစေနော်... သမီးကိုခွင့်လွှတ်ပေးကြပါ"

"ငါ့သမီးကအမှားလုပ်မယ့်သူမျိုးမဟုတ်ပါဘူး... လုပ်ခဲ့ရင်လည်း အဖေတို့ဘက်ကကိုယ့်သားသမီးဆိုတော့ ခွင့်လွှတ်ပေးရမှာပေါ့ကွယ်... သမီးကြီးစိတ်ချမ်းသာပါစေ"

"ပေးတဲ့ဆုနဲ့ပြည့်ပါစေ အဖေရယ်"

ထိုညက 'ညိုပြာ' တော်တော်နဲ့အိပ်လို့မပျော်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com

## ၇၇

အမေ

ညိုပြာကိုခွင့်လွှတ်ပါ... 'ကိုညို' နဲ့လက်မထပ်နိုင်လို့ ချစ်တဲ့သူနောက်ကိုလိုက်သွားပါပြီ... လိုက်လည်းမရှာပါနဲ့တော့... သမီးဘဝသမီးဖါသာ လျှောက်လှမ်းပါတော့မယ်...

သမီးဘဝအဆင်ပြေတဲ့တစ်နေ့ အမေတို့ကိုပြန်ပြီးကြည့်ရှု့စောင့်ရှောက်ပေးပါရစေနော်...

ချစ်သမီးကြီး

ညိုပြာ...

စာကိုဖတ်ပြီး 'ဒေါ်မိမိ' ရင်ပတ်ကိုဖိကာ အသက်ရှူတွေ





ပါကြပ်ကုန်ရတော့သည်။ ယောကျ်ားဖြစ်သူကိုလှမ်းအော်ပြောဖို့တောင် အားအင်မရှိတော့သလိုဖြစ်နေရလေသည်။

အံမယ်လေး၊ လှုပ်ရက်လိုက်တာ။

ယုံနိုင်ဖို့ပင်ခပ်ခက်ခက်ပါပဲ။ 'ညိုပြာ' ဒီလောက်တောင်ခဲမိုက်မဲပါ့မလား။ တစ်သက်လုံးလိမ္မာလာခဲ့တဲ့သမီးကြီးမို့ ဒီလိုလုပ်သွားလိမ့်မယ်ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ပါဘူး။

ရက်စက်လိုက်တာ၊ ရက်စက်လိုက်တာ၊ 'မဖြူ' တို့ကိုဘယ်လိုများရှင်းပြပြောပြရမလဲ။ စာကိုဖတ်ပြီးလူကတုန်တုန်ရီရီနဲ့ ရူးချင်သလိုလိုဘေးပတ်ဝန်းကျင်တွေကို လျှောက်ကြည့်နေမိပါသည်။

မျက်ရည်တွေကလည်း တားမရနိုင်အောင် ကျစီးလို့လာရသည်။ ငိုယိုကာတုန်ရီနေသော 'ဒေါ်မိမိ' အနားသို့ 'ဖြူပြာ' ရောက်လာခဲ့သည်။

"ဟင် အမေဘာဖြစ်နေတာလဲ... အမေ ဘာဖြစ်လို့လဲ"

'ဖြူပြာ' သည် တုန်တုန်လှုပ်လှုပ်ပုံစံနဲ့ မျက်ရည်တွေကျနေသော အမေ့ကိုကြည့်ပြီး ရင်ထဲမှာစိုးရိမ်သွားရသည်။ အမေက 'ဖြူပြာ' မေးတာကိုပြန်မဖြေဘဲ တဟီးဟီးနဲ့နေအောင်ငိုနေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"အမေ ဘာဖြစ်တာလဲ... ဖြေပါဦးအမေရဲ့"

အမေ့လက်ထဲမှာကိုင်ထားသောစာရွက်ကို 'ဖြူဖြာ'

လှမ်းယူကာဖတ်ကြည့်လိုက်မိသည်။

"အမေ မမကြီးယောကျ်ားနောက်လိုက်သွားပြီ ဟုတ်

လား... ဘယ်သူနဲ့လဲအမေရဲ့... ဘယ်သူနဲ့လဲ"

အမေကခေါင်းကိုခါပြသည်။

"ဟာ 'ကိုညီ' တို့ 'အန်တီဖြူ' တို့ကိုဘယ်လိုပြောမလဲ

မမကြီးမကောင်းဘူးကွာ... အားလုံးပျော်နေတာကိုသိရဲ့နဲ့ မလုပ်

သင့်ဘူး... မမကြီး ရက်စက်တယ်... အီး ဟီး ဟီး"

'ဖြူဖြာ' ကအမေ့လိုချုပ်ထိန်းမနေနိုင်တာကြောင့် အသံ

အကျယ်ကြီးနဲ့အော်ငိုမိလိုက်ပါသည်။ 'ဖြူဖြာ့' ငိုသံကိုအဖေနဲ့

မောင်လေးတို့ကြားပြီး အခန်းထဲသို့ပြေးဝင်လာကြသည်။

"စောစောစီးစီး ဘာဖြစ်တာလဲကွာ... ကောင်းကောင်း

ကိုမအိပ်ရဘူး... 'ဖြူဖြာ' နင်ဘာလို့ငိုရတာလဲ"

"အီး ဟီး... မမကြီးမရှိတော့ဘူး... သူ့ရည်းစားနောက်

ကိုလိုက်သွားပြီ... ဒီမှာစာရေးထားခဲ့တဲ့ ဖေဖေရဲ့"

'ဦးသာခဲ' အလန့်တကြား စာရွက်ကိုယူဖတ်ကြည့်လိုက်

မိသည်။ စာဆုံးသွားတာနဲ့ ခေါင်းကိုခါရမ်းပစ်လိုက်ပါသည်။





"မဖြစ်နိုင်ဘူး... လုံးဝမဖြစ်နိုင်ဘူး... သမီးကြီးဒါမျိုးလုပ်

မှာကိုမဟုတ်ဘူး... တစ်ယောက်ယောက်က ခြိမ်းခြောက်လို့များ

ပါသွားတာလား... ရဲစခန်းကိုအကြောင်းကြားမယ်ကွာ...

ငါအရက်ကွဲမခံနိုင်ဘူး... ဒီနေ့တရားရုံးမှာလက်မှတ်ထိုးဖို့ကိစ္စက

လည်း ရှိသေးတယ်... ရဲစခန်းကိုသွားတိုင်မယ်"

"ခဏနေပါဦး 'ကိုသာခဲ' ရယ်... ကျွန်မတို့စဉ်းစားကြ

သေးတာပေါ့"

"ဘာကိုစဉ်းစားမှာလဲ... မဖြစ်နိုင်တဲ့ကိစ္စကို မင်းလုံးဝ

စဉ်းစားနေစရာကိုမလိုဘူးကွ... ရဲစခန်းမှာအမှုဖွင့်လိုက်ရင်ပြီးနေ

ပြီပဲ... ငါအခုပဲသွားမယ်"

'ဦးသာခဲ' က ခြေလှမ်းကျဲဖြင့် အိမ်ပေါ်ကဆင်းဖို့ပြင်

သည်။ 'ဒေါ်မိမိ' အနောက်ကနေအပြေးလိုက်ကာ 'ဦးသာခဲ' ရဲ့

ခါးကိုခပ်တင်းတင်းဖက်ထားလိုက်ပါသည်။

"မသွားပါနဲ့ဦးရှင်... ကျွန်မတောင်းပန်ပါတယ်... ကျွန်မ

စကားကိုလည်းနားထောင်ပါဦး... အခုပစ္စည်းတွေအရင်စစ်ဆေး

ကြည့်ပါရစေဦး... ကိုယ့်မိသားစုအေးအေးဆေးဆေးလုပ်ရမယ့်

ကိစ္စကို ရပ်ကျော်ရွာကျော်ဖြစ်အောင်မလုပ်စမ်းပါနဲ့ရှင်... ရင်

စိတ်ကိုထိန်းစမ်းပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာကွာ... မဖြစ်နိုင်တဲ့ကိစ္စကိုဘာလို့အချိန်ဆွဲနေမှာလဲ မင်းက ကိုယ့်သမီးကိုယ်မယုံဘူးလား"

"ယုံချင်ပါတယ်... ဒါပေမဲ့ သူကိုယ်တိုင်ရေးသွားတဲ့စာ ကိုဘယ်လိုသတ်မှတ်မလဲ... သူကိုယ်တိုင်တိတ်တိတ်ကလေးအိမ် ကနေထွက်သွားခဲ့တာပဲ... ခြိမ်းခြောက်ပြီးခေါ်တယ်ဆိုရင် သူ့ အော်မှာပေါ့... ခုဘယ်သူမှတောင်မသိလိုက်ဘူး"

"ကျွတ်... ခက်တာပဲကွာ... ပစ္စည်းတွေဘာတွေစစ်ကြည့် ဦး... 'မဖြူ' တို့ပစ္စည်းတွေယူသွားသေးလားမသိဘူး"

သော့ခတ်ထားသောသေတ္တာအနားသို့ အားလုံးရောက် လာခဲ့ကြသည်။ သေတ္တာကတော့ သော့ခတ်လျက်သားပါပဲ။

"ဖေဖေ သေတ္တာကတော့ သော့ခတ်ထားလျက်ပဲ... မ ကတိုက်ကရိုက်ထွက်သွားရလို့ ဘာမှတောင်ယူမသွားနိုင်ဘူးနဲ့တူ တယ်"

"သော့ကိုဖျက်ပြီး ဖွင့်ကြည့်စမ်းကွာ"

ဘယ်အရာကိုမှ 'ဦးသာဓ' မယုံရဲတော့ချေ။ စိတ်ထဲမှ တစ်ခုပဲဆုတောင်းနေမိသည်။သမီးကြီးမိဘတွေကိုသူများတံတွေး ခွက်မှာ မျောသွားအောင် မလုပ်ပါစေနဲ့လို့ပဲဖြစ်သည်။

သေတ္တာသော့ကိုဖွင့်နေတဲ့ 'ဦးသာဓ' ရဲ့လက်တွေကတုန်





ရီနေရသည်။ တူကိုကိုင်ထားတဲ့လက်ကတုန်နေတာကြောင့် ရိုက် လိုက်တဲ့အခါမှာ လက်ကိုထိသွားခဲ့ရသည်။

သွေးတွေဖြာကနဲထွက်လာပေမယ့်လည်း ဂရုမစိုက်နိုင် အား။ သေတ္တာသော့ကိုသာ အားရှိပါးရှိဖျက်နေမိပါသည်။

"ဖေဖေ သားဖွင့်ပေးမယ်... ဖေဖေ့လက်ကိုဆေးထည့် လိုက်ပါဦး"

"နေစမ်း... သွေးထွက်တာထက် အရေးကြီးတာကိုငါသိ ချင်နေတယ်... မင်းဖယ်... ကဲ ကဲ"

တဒုန်းဒုန်းမြည်အောင် လေးငါးချက်ဆောင့်ရိုက်လိုက် တဲ့အခါမှာ ခတ်ထားတဲ့သော့က ပွင့်သွားရပါသည်။ သော့ပျက် ကိုပတ္တာကနေဖြုတ်ရင်း သေတ္တာကိုခပ်မြန်မြန်ဖွင့်ကြည့်လိုက်မိ သည်။

သေတ္တာထဲမှာအဝတ်အစားတွေ လျော့နေသလို၊ ပိုက်ဆံ ထုပ်၊ လက်ဝတ်လက်စားထည့်တဲ့ ဘူးတွေကိုလည်းမတွေ့ရချေ။ သေချာအောင် ထပ်ကာထပ်ကာ လှန်လှောရှာကြည့်သေမယ့် လည်း အချည်းအနှီးသာပင်။

"အံမယ်လေး... လုပ်ရက်လိုက်တာတော်... ကျွန်မဘယ် လိုလုပ်ရမလဲ... ကျွန်မလေ..."



www.burmeseclassic.com

www.burmeseclassic.com



'ဒေါ်မိမိ' တစ်ယောက်စကား ဆက်မပြောနိုင်တော့ဘဲ ပဲ ပက်လက်လှန်ကာ သတိလစ်ပြီးလဲကျသွားရပါတော့သည်။

"အမေ... အမေ... ထပါဦး... အဖေ အမေ့ကိုလုပ်ပါဦး အဖေရဲ့... အမေသတိလစ်သွားပြီ"

'ဦးသာဇံ' တစ်ယောက် ဇနီးဖြစ်သူကိုကြည့်ပြီး ဘာလုပ်လို့ဘာကိုင်ရမှန်းမသိဖြစ်နေမိသည်။ သူ့ရင်ထဲမှာလည်းကြေကွဲဝမ်းနည်းနေတာကြောင့် လူကကတုန်ကရီကို ဖြစ်နေခဲ့ရသည်လေ။

ခြေမကိုချိုး၊ သံပုရာသီးကိုရှူခိုင်းရင်းနဲ့ပဲ 'ဒေါ်မိမိ' သတိပြန်လည်လာခဲ့ပါပြီ။ 'ဖြူပြာ' နဲ့ 'ဇာနည်' ကတော့ဖြစ်ပျက်နေတဲ့အခြေအနေတွေကိုကြည့်ပြီး မျက်ရည်တွေသာကျနေကြသည်။

သူတို့တွေလည်း ဘာဆိုဘာမှကယ်တင်လို့ ရနိုင်တာမဟုတ်တဲ့အတွက် အားကိုးရမယ့်မိဘတွေကိုပဲ ထိုင်ကြည့်နေဖြစ်ကြသည်။

"ကျွန်မတို့ဘယ်လိုလုပ်ကြမလဲ... 'မဖြူ' တို့ပေးထားတဲ့ပစ္စည်းတွေကိုတော့ ပြန်လိုချင်တယ်... အိမ်ကငွေတွေကိုပြန်မပေးရင်နေပါစေ... သူများငွေတွေကိုတော့ ပြန်ရချင်တယ်... ရှာ





ဖို့ဖွေဖို့လုပ်ပါဦး 'ကိုသာဇံ' ရယ်... ရဲစခန်းတွေဘာတွေတော့ အကြောင်းကြားမနေပါနဲ့တော့... ကိုယ့်သမီးမလိမ္မာတာကိုယ် အသုံးမကျလို့ပဲမှတ်ပါတယ်... တွေ့တဲ့အခါကျရင် သူ့စိတ်ကလေးပြန်ပြောင်းရင်လည်း ပြောင်းလဲနိုင်တယ်လေ"

"တောက် မထင်ဘူးကွာ... ငါတို့ရဲ့ရိုးသမျှစည်းစိမ်းတွေကိုမ,သွားခဲ့တာပဲ... ဒင်း တော်တော်ရက်စက်တယ်... လုပ်ရက်တယ်... ငါတို့ကိုဒွေးဖြစ်အောင် လုပ်ရက်လွန်းတယ်"

"အခု ကျွန်မတို့ဘယ်လိုစုံစမ်းကြမလဲ... 'မဖြူ' တို့မသိသေးခင် ပြန်တွေ့လိုက်ချင်တယ်... 'မောင်ညို' နဲ့ကိစ္စမဖြစ်ရင်နေပါစေ... သူတို့တင်တောင်းထားတဲ့ငွေရယ်ပစ္စည်းတွေရယ် ငှားထားတဲ့လက်ဝတ်လက်စားတွေရယ် ပြန်ပေးလိုက်ချင်တယ်"

"ဒီကောင်မ လွတ်ရာကိုပြေးပြီပေါ့ကွ... ချက်ခြင်းရှာလို့ဘယ်တွေ့နိုင်ပါ့မလဲ... သတ်သာသတ်ပစ်လိုက်ချင်တယ်"

'ဦးသာဇံ' ဒေါသနဲ့ကြုံးဝါးနေပေမယ့်လည်း မျက်ဝန်းမှာမျက်ရည်ကြည်တွေက ဝဲလျက်ရှိနေသည်။ ရုတ်ခြင်း ယူကြုံးမရခြင်းတွေနဲ့ လူကပုံလဲကျချင်နေရသည်။

သမီးကြီးကိုမိမိ ရင်ထဲမှာ ဘယ်လောက်တောင်မျှော်မှန်းထားသလဲ၊ အထင်ကြီးထားသလဲ၊ သူ့အကြိုက်ဘယ်လောက်အ



www.burmeseclassic.com

လိုလိုက်ထားသလဲဆိုတာ မိမိပဲသိသည်။

သူ့ဘဝကောင်းစားရင် ကိုယ်တွေလည်းပဲကောင်းစားမယ်လို့တွက်ဆထားတာက ခပ်နည်းနည်းပါ၊ သမီးကြီးဘဝပြည့်စုံရင်ပဲ မိဘတွေရင်ထဲမှာကျေနပ်နေရပါပြီ။

မဘင်မှတ်ပဲလုပ်ရက်တာ ဘယ်လိုယုံကြည်ရမှန်းကို မသိနိုင်အောင်ပါ။ စခန်းမှာအမှုဖွင့်ရအောင် ဘယ်လိုနာမည်တပ်ပြီးဖွင့်ရမလဲ။

ကိုယ့်သားသမီးကို ပစ္စည်းတွေခိုးယူသွားတယ်ဆိုပြီး သူခိုးတစ်ယောက်လို အမှုဖွင့်လိုက်ရမလား။ စဉ်းစားတာနဲ့တင်ကြေကွဲရလွန်းလို့ ရင်ထဲမှာစို့တက်လာခဲ့ရပါပြီ။

အထင်ကြီးပြီးချစ်ရလွန်းတဲ့ သမီးတစ်ယောက်ကို ကိုယ်တွေကြောင့် အချုပ်ခန်းထဲမရောက်စေချင်ပါ။ ပြီးတော့ခုကိစ္စက သူ့သဘောနဲ့သူ ချစ်သူနောက်ကိုခိုးရာလိုက်သွားခဲ့တာပါ။

အသက်ပြည့်ပြီးတဲ့ မိန်းကလေးတစ်ယောက်ဖြစ်နေတာကြောင့်လည်း တရားစွဲရင် ကိုယ်တွေပဲရှုံးနိုင်ပါသည်။ မိဘနဲ့သားသမီးတရားရုံးမှာ သူနိုင်ကိုယ်နိုင် အနိုင်ပြိုင်ကျဲဖို့ သင့်တော်ပါ့မလား။

သူများမိဘတွေစိတ်ထဲ ဘယ်လိုတွက်ဆပြီးပြတ်သား





မည် ဆိုတာမခန့်မှန်းနိုင်ပေမယ့် သူကတော့ သမီးကိုစိတ်မဆင်းရဲစေချင်ပါ။

တွေ့အောင်လိုက်ရှာပြီး နားဝင်အောင်ပြောပြကာဖြစ်ချင်တာကိုဆွေးနွေးလိုက်ချင်သည်။ သမီးကြီးလိုလူမျိုးက မိဘတွေပြောတယ်ဆိုရင် နားမထောင်ဘဲနေမှာမဟုတ်ပါ။

အိမ်ထောင်ရေးကိစ္စကတော့ တစ်သက်တာအရေးမို့ သူဖြစ်ချင်တာကိုဖြစ်အောင် လုပ်သွားတာပဲဖြစ်ရပါမည်။ ခွင့်လွှတ်စိတ်ကိုမွေးရင်း 'သိုပြာ' ကိုတွေ့အောင်ရှာဖို့ပဲ ဆုံးဖြတ်လိုက်မိသည်။

"ငါ တွေ့အောင်လိုက်ရှာမယ်… ဘယ်နေရာမှာပဲပုန်းနေပုန်းမနေ မတွေ့တွေ့အောင်ရှာမယ်ကွာ.., ဖြစ်ချင်တာကိုသူနားလည်အောင် ရှင်းပြမယ်… ငါတို့သဘောရှင်းပြရင် သူနားလည်ပြီးပစ္စည်းတွေပြန်ပေးမယ်ထင်ပါတယ်"

"'မဖြူ' တို့ရောက်လာရင် ဘယ်လိုလုပ်ရမလဲ"

"ဖွင့်ပြောပြီး တောင်းပန်ရတော့မှာပေါ့ကွာ… ဖြစ်ပြီးသွားမှတော့ ဘယ်တတ်နိုင်တော့မလဲ… သူတို့ကျေနပ်အောင်တောင်းပန်ရတော့မှာပေါ့… ခြေထောက်ဖက်သင့်ရင်လည်းဖက်ရမှာပဲ… ငါတို့သမီးက မှားနေပြီးဆိုတော့ သူတို့ဘယ်လောက်



www.burmeseclassic.com

www.burmeseclassic.com



ပဲပြောပြော ခေါင်းငုံ့ပဲခံကြတာပေါ့"

"ကျွန်မတော့ 'မဖြူ' တို့နဲ့မျက်နှာချင်းတောင်မဆိုင်ရဲတော့ပါဘူးရှင်… ကျွန်မရှက်လွန်းလို့သေသာသေလိုက်ချင်တော့တာပါပဲ"

'ဒေါ်မိမိ' တစ်ယောက် ကြမ်းပြင်ပေါ်ကိုယ်ကိုပစ်လှဲချရင်း လူးလိမ့်နေအောင် ငိုပစ်လိုက်သည်။ ဖြေဖြူလို့လည်းရနိုင်တော့မယ့်မထင်။

စိတ်ထဲမှာတော့ ရက်စက်လိုက်တာလို့ပဲ တကြော်ကြော်ပြောနေမိပါသည်။ 'ဖြူပြာ' ကအမေဖြစ်သူကိုဖက်ရင်း…

"အမေရယ်… မမကြီးကိုပြန်ရှာတွေ့ရင် သမီးတို့လည်းပြောကြည့်ပါ့မယ်… သမီးတို့အားလုံးဝိုင်းပြောရင် နားလည်မယ်နဲ့တူပါတယ်"

"ဟုတ်တယ် အမေ… ကျွန်တော်လည်း မမကြီးနားလည်တောင် သေချာတောင်းပန်ပါ့မယ်… အမေစိတ်ကိုထိန်းပါနော် အရမ်းမငိုပါနဲ့အမေရယ်"

'ဒေါ်မိမိ' ခေါင်းကိုခါရမ်းရင်း…

"အမေ့ရင်ထဲမှာ မီးတောင်တွေအဆင့်ဆင့်ပေါက်ကွဲနေသလိုပဲ… အားလုံးထင်သလိုဖြစ်မလာရင် ဘယ်လိုလုပ်မလဲ…





လျော်ရမယ့်ပစ္စည်းတန်ဖိုးနဲ့ ငွေတွေကိုလည်းတွက်ကြည့်ကြပါဦး… အမေတို့ပြန်မလျော်ပေးနိုင်ဘူး… ဘာမှလုပ်မပေးနိုင်ဘူး… ကိုယ်ပိုင်ငွေတွေအကုန်လုံးလည်း ပါသွားခဲ့ပြီ… လှည့်ပတ်စရာတောင် အမေ့မှာမရှိတော့ပါဘူးကွယ်"

'ဒေါ်မိမိ' ငိုသံက ကျယ်လာလိုက်တိုးလာလိုက်နဲ့ ရင်ကွဲသလိုမျိုးဖြစ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com

၇၂

မိသားစုတွေပျော်ရွှင်ပြီး မျက်နှာပွင့်လန်းရမယ့်အချိန်မှာ 'ညိုပြာ' ကြောင့် မျက်ရည်စက်လက်နဲ့ 'မဖြူ' တို့အား ခယစွာ တောင်းပန်နေရလေသည်။

အံ့ဩသော၊ ဒေါသဖြစ်သော၊ ခွင့်မလွှတ်နိုင်သောမျက်လုံးအကြည့်တွေဖြင့် 'မဖြူ' တို့တစ်မိသားစုလုံးက စိုက်ကြည့်နေကြပေမယ့်လည်း ဖြေရှင်းပြစရာစကားတွေက ရှားပါးလို့နေရပါသည်။

'ဒေါ်မိမိ' က 'မဖြူ' ရဲ့ခြေသလုံးကိုဖက်ကာ ဖြစ်ပျက်နေတဲ့အခြေအနေကို ရှိုက်ငိုပြီးပြောပြနေမိသည်။





"ကျွန်မတို့တကယ့်ကို ထင်မထားပါဘူး 'မဖြူ' ရယ်... သူဒီလိုရက်ရက်စက်စက်လုပ်သွားလိမ့်မယ်လို့လည်း စိတ်ကူးထဲမှာတောင်မရှိဘူး... စာကိုဖတ်ပြီးပြီးချင်း ကျွန်မဖြင့်မယုံနိုင်လွန်းလို့လူကရူးချင်သလိုတောင်ဖြစ်သွားပြေါတယ်"

'ဒေါ်မိမိ' ရဲ့မျက်လုံးတွေလည်း ငိုရလွန်းလို့ နီရဲကာကျိန်းစပ်နေရပါပြီ။ လူကရှိုက်ငိုနေပေမယ့်လည်း မျက်ရည်တောင်မထွက်တော့သလိုပါ။

"'ညိုပြာ' ကတကယ်ပိရိပြီး အကျင့်ယုတ်လွန်းတယ်... သူ 'ကိုညို' နဲ့လက်မထပ်ချင်လည်း ပွင့်ပွင့်လင်းလင်းဖွင့်ပြောလို့ရသားပဲ... သူတို့ကိုဘယ်သူကရိုက်နှက်ပြီး ပေးစားနေလို့လဲ... သူကိုယ်တိုင်ကျေကျေနပ်နပ်သဘောတူတယ်ဆိုလို့ ဒီကိစ္စတွေကိုစီစဉ်ကြတာပဲ... ဒီကောင်မအကြံနဲ့ ပစ္စည်းတွေငွေတွေကိုလိုချင်လို့အချိန်ကိုစောင့်နေတယ်ဆိုတာ သိပ်ကိုပေါ်လွင်တာပဲ... ရဲစခန်းမှာအမှုဖွင့်လိုက်တာပဲကောင်းတယ်"

"ဟုတ်တယ် မေမေ... သည်းခံနေရင်ကိုယ်တွေအတယ်လို့ဖြစ်နေဦးမယ်... သူတောင်မှဒီဘက်မိသားစုကို အရှက်ခွဲရက်သေးတာ သူ့ကိုလည်းဘာမှပြန်ပြီးငဲ့ညှာပေးနေစရာမလိုဘူး... ပစ္စည်းတွေခိုးယူမှုနဲ့ ထောင်ကျအောင်ကိုလုပ်ပစ်ရမယ်... လုံးဝ



www.burmeseclassic.com

www.burmeseclassic.com



ခွင့်မလွှတ်နိုင်ဘူး"

'မူမူ' နဲ့ 'ခင်ခင်' ရဲ့ညီအစ်မနှစ်ယောက်အံ့သံက ဒေါသ ကြောင့်အကျယ်ကြီးထွက်လာသည်။ သူတို့မောင်ဖြစ်သူအတွက် ခံပြင်းနေကြပုံရသည်။

'ကိုညီ' ကတော့ မျက်နှာကိုအောက်ငုံ့ပြီး စိတ်ပျက်သလို ဘာစကားမှမပြောဘဲ တိတ်ဆိတ်၍သာနေသည်။ 'ကိုဟန်မောင်' နဲ့ 'မဖြူ' တို့ကလူကြီးတွေပီပီ တစ်ခုခုကိုပြောဖို့စဉ်းစားနေပုံရ သည်။

" 'ညိုပြာ' ကိုပြန်ရှာပြီး သူယူသွားတဲ့ပစ္စည်းတွေနဲ့ငွေ တွေကို ပြန်တောင်းပေးပါ့မယ် 'မဖြူ' ရယ်... ကျွန်မတို့ကိုအချိန် ကလေးတော့နည်းနည်းပေးပါနော်... 'မဖြူ' တို့ပေးထားတဲ့ငွေ တွေပစ္စည်းတွေ ပြန်ရပါစေမယ်လို့ ကျွန်မတို့အာမခံပါတယ်"

"ဟုတ်ပါတယ်ဗျာ... ကျွန်တော်တို့အတတ်နိုင်ဆုံးပြန်ရ အောင်ကြိုးစားပါ့မယ်... သမီးမကောင်းပေမယ့် ကျွန်တို့မိသားစု ကတော့ အရင်ကထက်ပိုပြီးကောင်းအောင်နေပေးဖို့ ဆုံးဖြတ် ထားပြီးကြပါပြီ... ကျွန်တော်တို့ တောင်းဆိုတာလေးကိုတော့ လိုက်လျောပေးကြပါဗျာ"

ကိုယ်တွေဘယ်လောက်ပဲ မျက်နှာငယ်ပြီးအောက်ကျို့





ပါစေ ကိစ္စတစ်ခုအဆင်ပြေဖို့ကိုပဲ ဦးစားပေးရပါမည်။ 'ဦးသာ ဖံ' ရင်ထဲမှာတော့ ရှက်ခြင်းဝမ်းနည်းခြင်းတွေဖြင့် ရင်ဘတ်တစ် ခုလုံးအောင့်မျက်လို့နေရသည်။

'ညိုပြာ' ကြောင့်သူတို့မိသားစုဟာ ပတ်ဝန်းကျင်တစ်ခု လုံးရဲ့စကားလုံးတွေမှာ စုတ်ပြတ်သပ်သွားတာတော့သေချာပါ သည်။

"ကဲ ကဲ ကျွန်တော်တို့လည်းရှည်ရှည်ဝေးဝေး ဘာမှမ ပြောချင်တော့ဘူး... ဖြစ်ပြီးသွားပြီဆိုတော့ ဘာမှပြန်လုပ်လို့လဲ ဖြစ်နိုင်တာမှမဟုတ်တော့တာ... ခင်ဗျားတို့ပြောထားတဲ့စကား အတိုင်းပဲ ငွေနဲ့ပစ္စည်းတွေကိုပြန်ပေးဖို့ပဲလုပ်ကြပေတော့... သမီး ကမိုက်လို့ခင်ဗျားတို့မျက်နှာမရသလို ခင်ဗျားတို့လည်းပြောထား တဲ့စကားအတိုင်းကတိတည်နိုင်အောင်ကြိုးစားပါ... ခင်ဗျားတို့ ပါဆက်မမိုက်စေနဲ့"

"ဟုတ်ကဲ့ပါဗျာ"

" 'မဖြူ' ကျွန်မတို့ပြန်ဦးမယ်နော်"

"ပြန် ပြန်... ရှင်းရှင်းပြောရရင် 'ညိုပြာ' ဒီလိုမိုက်ရိုင်း တာ ရှင်တို့မိဘတွေမှာလည်းအပြစ်ရှိတယ်... ကိုယ့်သားသမီးအ ခြေအနေကိုမသိဘဲ ဖွတ်ရွတ်ပြီးအထင်တွေကြီးနေတာကိုး... ရှင်



www.burmeseclassic.com

www.burmeseclassic.com



တို့ကောင်းကောင်းမွန်မွန်မဆုံးမလို့ ဒီကောင်မခုလိုလုပ်သွားတာလေ… သားသမီးမကောင်းတာ မိဘအသုံးမကျလို့ပဲမှတ်ထား”

‘ဒေါ်မိမိ’ မျက်နှာကပိုပြီး သိမ်ငယ်သွားရကာ ခေါင်းကလည်းပိုငုံ့သထက်ငုံ့သွားခဲ့ရပါသည်။

ပြောကြပါတော့။ ဖြစ်ပျက်သမျှကိစ္စတွေအားလုံး မိမိတို့အသုံးမကျလို့ပဲဖြစ်ရတယ်လို့ စွပ်စွဲပြီးပြောကြလိုက်ပါတော့။ ‘ညိုပြာ’ ရယ်…၊ ဘယ်လိုစိတ်ကူးအတွေးတွေဝင်ပြီးများ မိဘတွေအပေါ်နိုပ်စက်လိုက်ရတာလဲ။

ကိုယ်တွေကတော့ သမီးအကြီးဆုံးမို့ အလိုလိုက်ထားလိုက်ရတာ၊ ချစ်လိုက်ရတာ၊ အထင်တွေကြီးလိုက်ရတာ။ အခုတော့ သွားပါပြီ။ အချစ်တွေအားလုံးကို အဓော်ကားခံလိုက်ရပါပြီ။

“တော်ပါတော့ မေမေရာ… မပြောပါနဲ့တော့… အမိက က ‘ညိုပြာ’ နဲ့ပဲဆိုင်ပါတယ်… သူ မစဉ်းစားတတ်လို့ဒီလိုမျိုးအပြုအမူတွေကိုလုပ်သွားခဲ့တာ… ကျွန်တော့်ဘက်ကလည်းရှင်းရှင်းပြောရင် မင်္ဂလာပွဲတစ်ခုပျက်သွားတာကလွဲပြီး ကျန်တဲ့ဆုံးရှုံးမှုမျိုးမရှိပါဘူး… ချစ်လို့လက်ထပ်ကြတာမှမဟုတ်ဘဲ မေမေရယ် မိဘစကားကိုနားထောင်ချင်လို့ ကျွန်တော်ကလိုက်လျောခဲ့တာပဲ





ကျွန်တော်မခံစားရပါဘူး… ကံကောင်းတယ်လို့ပဲမှတ်ပါတယ်”

“သားကိုလည်း အန်တီတို့တောင်းပန်ပါတယ်ကွယ်… အန်တီ့သမီးကြောင့် နေရင်းထိုင်ရင်း သားမှာစိတ်ဒုက္ခရောက်ရတာပါ”

“ရပါတယ်… ကျွန်တော်အဖွက်က အရေးမကြီးပါဘူး ‘ညိုပြာ’ မိုက်တာကိုပဲ ဒေါသဖြစ်မိတယ်… အေးလေ သူရွေးချယ်တဲ့ချစ်သူကလည်း ကျွန်တော်တို့ထက်သာနေရင်လည်းသာနေမှာပေါ့… ‘အန်တီမိ’ တို့ဝမ်းသာကျေနပ်ရမယ့်လူမျိုးလည်း ဖြစ်ချင်ဖြစ်နေမှာပါ”

‘ကိုညီ’ ပြောသလိုမျိုးပဲဖြစ်ပါစေလို့ ဆုတောင်းရတော့သည်။ စိတ်ထဲမှာတော့ ‘ညိုပြာ’ နဲ့အမြန်ဆုံးကိုတွေ့ချင်နေရပါပြီ။



www.burmeseclassic.com

www.burmeseclassic.com

## ၁၇

ပတ်သက်ရာပတ်သက်ကြောင်းကော၊ 'ညိုပြာ' တက်နေ
တဲ့တက္ကသိုလ်အထိပါလိုက်ပြီး စုံစမ်းကြတဲ့အခါမှာ 'ကျော်ခန့်'
ဆိုတဲ့နာမည်တစ်လုံးကို သိလာရပါသည်။

'ညိုပြာ' နဲ့အများဆုံးတွဲနေတဲ့ယောကျ်ားလေးဆိုလို့ သူ
တစ်ယောက်ပဲရှိတာဆိုတော့ 'ကျော်ခန့်' ဟာ 'ညိုပြာ' ရဲ့ချစ်သူ
ဆိုတာကို ခန့်မှန်းလို့ရကြပါပြီ။

'ညိုပြာ' ပျောက်နေသလို၊ 'ကျော်ခန့်' လည်းပျောက်နေ
တဲ့အတွက် သူတို့နှစ်ယောက်ထွက်ပြေးကြတယ်ဆိုတာ သေချာ
သောအဖြေတစ်ခုပါ။





သူတို့ရဲ့သူငယ်ချင်းတွေကို မနည်းအစ်အောက်မေးမြန်း
ကြည့်တော့မှ 'ကျော်ခန့်' ရဲ့လိပ်စာကိုသိလာခဲ့ရသည်။ လိပ်စာ
စာရွက်လေးကိုကိုင်ကာ လိုက်လာကြည့်လိုက်တော့ အိမ်အခြေ
အနေကိုကြည့်ပြီး လင်မယားနှစ်ယောက်လုံး စိတ်ဓါတ်ကျသလို
ဖြစ်သွားခဲ့ပါသည်။

ပတ်ဝန်းကျင်မှာလည်း အရင်စုံစမ်းကြည့်မိကြသည်။
'ကျော်ခန့်' တို့ဒီတိုက်ခန်းကိုပြောင်းလာတာ သိပ်မှမကြာသေးပဲ။
တိုက်ခန်းအပိုင်မဟုတ်ဘဲ နှစ်ချုပ်နဲ့ငှားနေကြတာဖြစ်သည်။

ပြီးတော့ 'ကျော်ခန့်' ဟာ မိထွေးနဲ့နေတဲ့သူ။ ဖခင်ဖြစ်
သူနဲ့မတည့်သလို၊ မိထွေးကလည်းလုံးဝကိုကြည့်မရလို့ အိမ်ပေါ်
ကနေအမြဲတမ်းနှင်ချခံနေရသောသူဖြစ်ပါသည်။

မိန်းကလေးတွေနဲ့လည်း ရှုပ်ယှက်ခတ်ကာ စာရိတ္တပိုင်း
နဲ့ပတ်သက်ရင် သတင်းဆိုးထွက်တတ်တာကို ပတ်ဝန်းကျင်တစ်
ခုလုံးက သိရှိနေကြပါပြီ။

မိမိတို့လို 'ကျော်ခန့်' အကြောင်းစုံစမ်းရအောင်ရောက်
လာတဲ့ လူတွေအတော်များများရှိကြသည်ဆိုပဲ။ မိန်းကလေးငယ်
ငယ်တွေလည်းပါတတ်သည်တဲ့။

သူတို့တိုက်နဲ့မျက်စောင်းထိုးလောက်မှာရှိသော လက်



www.burmeseclassic.com

www.burmeseclassic.com



ဘက်ရည်ဆိုင်ကနေ သတင်းတွေကိုအလကားသိလိုက်ရတာမို့ လင်မယားနှစ်ယောက်ရဲ့မျက်နှာက အိုမင်းသွားကြသည်။

ဘယ်လိုစကားလုံးတွေကိုသုံးပြီး 'ညီပြာ' နဲ့ကိစ္စကိုတာဝန်ယူခိုင်းရမှာလဲ။ မိန်းကလေးရှင်ဖြစ်နေတာကြောင့် ပိုပြီးရှက်ဖို့လည်းကောင်းနေရသည်။

ဘယ်လိုပဲဖြစ်ဖြစ် 'ကျော်ခန့်' နဲ့ကိစ္စကိုပြောပြမှဖြစ်တော့မှာဆိုတော့လည်း စိတ်တွေကိုတင်းပြီး ရင်ဆိုင်ကြရပါတော့သည်။

'ကျော်ခန့်' ရဲ့အဖေ 'ဦးခန့်ထည်' က သားဖြစ်သူနဲ့ပတ်သက်ပြီးခါးခါးသီးသီးဖြစ်လို့နေသည်။

"ဒီကောင့်ကိုကျုပ် အိမ်ပေါ်ကနှင်ချထားတာကြာနေပြီဗျ... မိဘအတွက်လည်းအသုံးမကျသလို ပတ်ဝန်းကျင်အတွက်လည်း နည်းနည်းကလေးမှကို အသုံးမကျတဲ့ကောင်ပါဗျာ... အိမ်ကိုဒီကောင်ပြန်မလာတဲ့အတွက် ကျွန်တော်တို့ကစိတ်ချမ်းသာနေတာ... ပြောစကားနားမထောင်ဘဲလုပ်ချင်တာလုပ်တဲ့ကောင်မျိုးကို သားအဖြစ်မသတ်မှတ်နိုင်ဘူး"

"ဒီလိုတော့အပြတ်မပြောပါနဲ့ရှင်... အခုကိစ္စမှာရှင့်သားက ကျွန်မသမီးကိုခိုးပြေးသွားပြီလေ... သားရှင်တစ်ယောက်အနေနဲ့ဘာတွေများလုပ်ပေးနိုင်မလဲဆိုပြီးလာမေးတာ လာဆွေးနွေးတာပါ... မဆိုင်ဘူးဆိုပြီး အပြတ်ပြောလိုက်လို့တော့ဘယ်ဖြစ်မှာလဲ"

"ဟား ကျွန်တော်ကဘာလုပ်ပေးရဦးမှာလဲ... သူတို့ဘဝသူတို့ဈေးကွက်လှမ်းသွားကြတာ ကျွန်တော်နဲ့ဘာဆိုင်သလဲ"

"ဆိုင်တယ်လေ... ရှင်ကအဖေဖြစ်နေတာကိုး... ပြီးတော့ကျွန်မသမီးက ကျွန်မတို့မှာရှိသမျှစဉ်းစိမ်အားလုံးကိုမပြီး ရှင့်သားနောက်ကိုလိုက်သွားတာ... အဲ့ဒီကိစ္စတွေအတွက်လည်း ရှင်းစရာတွေရှိနေသေးတယ်"

"ဒါကကော့ သူတို့နဲ့တွေ့ရင် ရှင်းကြပေါ့... ကျုပ်တို့ကတော့ သူတို့နဲ့ပတ်သက်ပြီးတစ်ပြားစေ့ချပ်မှလည်း မစားရတဲ့အတွက်တာဝန်လည်းမယူနိုင်ဘူး စိတ်လည်းမဝင်စားဘူး... မကျေနပ်ရင် လုပ်ချင်တာလုပ်လို့ရတယ်... ကျုပ်သားကမိဘကိုတိုင်ပင်ပြီးလုပ်တယ်ဆိုရင်လည်းထားတော့ ကျုပ်သိတဲ့အတွက်တာဝန်ယူပေးနိုင်တယ်... အခုဟာက ခင်ဗျားတို့လာပြောမှမိန်းမခိုးပြေးတယ်ဆိုတာကိုသိတာ... ဒီကောင်ကရည်းစားတွေလည်းပွထနေတဲ့ကောင်... ဒီကောင်နဲ့ပတ်သက်ပြီး အိမ်ကိုလိုက်လိုက်လာတဲ့မိန်းကလေးတွေ တစ်ပုံကြီးပဲ... ဘယ်သူ့ကိုမှ ကျွန်တော်







www.burmeseclassic.com

www.burmeseclassic.com



တာဝန်မယူခဲ့ဘူး… ဒီကောင့်ကိုယ့်လို ဓာတ်လမ်းတွေ ရှုပ်ခဲ့ကြတာမဟုတ်လား… ကိုယ့်ဓာတ်လမ်းကိုယ့်ဖါသာရှင်းကြပေါ့”

“ထားပါတော့… တစ်ခုတော့ကူညီစမ်းပါ… ခင်ဗျားသား ရှိနိုင်တဲ့နေရာကို သိနိုင်မလား”

ညှိလို့မရမယ့်အတူတူ သိချင်တာကိုပဲ ‘ဦးသာခံ’ ကမေးလိုက်မိတော့သည်။ တာဝန်မယူနိုင်ပါဘူးလို့ အထပ်ထပ်အခါခါ ပြောနေတဲ့လူတစ်ယောက်ကို ဘာတွေများရှင်းပြလို့ရနေဦးမှာလဲ။

ကိုယ်လုပ်သင့်တာကိုပဲ လုပ်တာအကောင်းဆုံးဖြစ်မည်။

“မသိဘူး…”

ဖြေလိုက်တဲ့စကားကတိုးတိပေမယ့် တကယ်လည်းသိပုံမရတာကြောင့် ‘ဦးသာခံ’ စိတ်ကိုလျှော့ချလိုက်ပါသည်။ ကိုယ့်နည်းကိုယ်ဟန်နဲ့သာ ဆက်စုံစမ်းမှဖြစ်တော့မည်။

သူတို့သူငယ်ချင်းတွေကတစ်ဆင့်ပဲ ဘယ်မှာရှိနေသည်ဆိုတာကို မေးယူရပါတော့မည်။ အိမ်ကိုသာပြန်ရောက်လာကြသည် လင်မယားနှစ်ယောက်လုံး ငေးတိငေးငိုင်ဖြစ်နေကြသည်။

စကားလည်းမပြောမိကြသလို၊ ထမင်းလည်းစားဖို့မေ့နေကြပါသည်။ ရင်ထဲမှာအပူရှိနေတဲ့အတွက် အရာရာကိုမေ့နေကြသလိုပါပဲ။





‘ညိုပြာ’ နဲ့ပဲအမြန်ဆုံး တွေ့လိုက်ချင်တော့သည်။ ဒါမှလည်း ‘မဖြူ’ တို့မိသားစုအပေါ် မျက်နှာချင်းဆိုင်ရဲပါတော့မည်။ အခုချိန်မှာတော့ ကိုယ်တွေမိသားစု စကားသံတောင်ကျယ်ကျယ် မပြောရဲတဲ့ဘဝပါ။



www.burmeseclassic.com

www.burmeseclassic.com

# ၂၄

တစ်ဆင့်စကားတစ်ဆင့်နားဖြင့် လေးရက်မြောက်သော နေ့လောက်မှ 'ညိုပြာ' တို့နေတဲ့နေရာကို သိလာခဲ့ရပါသည်။

ကိုယ်တွေက ရန်ကုန်မြို့နဲ့ဝေးသော နေရာတစ်နေရာမှာ သူတို့ပုန်းခိုအောင်းနေမယ်လို့ထင်ထားမိပေမယ့် သူတို့က ရန်ကုန် မြို့တွင်းမှာပဲ ပျော်မြူးနေခဲ့ကြတာဖြစ်သည်။

မိဘတွေမှာတော့ ပူပြင်းသောဝေဒနာတွေကို ရင်ဝယ် ပိုက်ပြီး သမီးဖြစ်သူကိုမတွေ့တွေ့အောင်လိုက်ရှာနေရပေမယ့် သမီးဖြစ်သူကတော့ အချစ်နဲ့ထိတွေ့ပြီး အရာအားလုံးကိုမေ့နေ နိုင်သူဖြစ်ပါသည်။





ကိုယ့်မိသားစုဘယ်လိုဖြစ်ကျန်ခဲ့သည်၊ ဘယ်လိုပြဿနာတွေဖြေရှင်းနေရသည်ဆိုတာကို လုံးဝမစဉ်းစားဘဲ သူတစ်ကိုယ်စာအတွက်ပဲ ကြည်နူးနေတော့တာဖြစ်သည်။

သမီးနဲ့တွေ့ရင်ဘာတွေပြောလိုက်မည်၊ ဘယ်လိုတောင်းပန်ပြီး ပြန်ခေါ်မည်ဆိုတာတွေကိုစဉ်းစားပြီး 'ဦးသာခ' ကော 'ဒေါ်မိမိ' ပါညကတော်တော်နှင့်အိပ်လို့မပျော်။

အိပ်မပျော်ရတဲ့ညတွေလည်း များပါပြီ။ 'ညိုပြာ' လက်မထပ်ခင်တုန်းကလည်း ပျော်စရာကောင်းတဲ့ဘဝရှေ့ရေးကိုတွေးပြီးပီတိတွေနဲ့အိပ်မပျော်နိုင်သလို၊ အိမ်ကထွက်သွားပြီးနောက်မှာလည်း သောကတွေနဲ့အိပ်လို့မပျော်နိုင်ပါ။

ပတ်ဝန်းကျင်ရဲ့ရိုက်ခတ်သော စကားဒဏ်တွေကိုလည်း အတော်ခံနေရပါသေးသည်။ 'ဖြူပြာ' နဲ့ 'ဇာနည်' တို့မောင်နှမနှစ်ယောက်ရဲ့မျက်နှာတွေလည်းမကောင်းကြပါ။

"သားတို့ကျောင်းသွားကျောင်းပြန်တိုင်း မမကြီးနဲ့ပတ်သက်တဲ့သတင်းတွေကြီးပဲ ပြောနေကြတာပဲ... သားတို့ကိုမြင်မှတမင်ပဲပြောသလားတော့မသိဘူး... သူခိုးမကိုမမိသေးဘူးလားတဲ့... ဒီလိုတွေဖြစ်အောင် တစ်မိသားစုလုံးကပွင့်ဆင်ထားတာပဲနေမှာတဲ့... သူတို့သမီးကဖြင့် လည်လို့ပတ်လို့ပျော်လို့မြူးလို့



www.burmeseclassic.com

www.burmeseclassic.com



မြင်တဲ့သူတွေကမြင်တယ်တဲ့"

'ဖြူပြာ' ကငိုနေသလို၊ 'ဓာနည့်' ရဲ့အသံတွေကလည်း ငိုချင်စိတ်ကြောင့် တုန်ရီနေပါသည်။ ပြန်မပြောနိုင်တဲ့အခြေအနေမျိုးမှာ သူများပြောသမျှစကားတိုင်းကို ခေါင်းငုံ့ခံနေဖို့ပဲရှိပါသည်။

ဘေးလူတွေပြောသလို၊ သမီးဖြစ်သူက သူများပစ္စည်းနဲ့ ငွေတွေကို အလွဲသုံးစားလုပ်ပြီး ခိုးသွားခဲ့တာမဟုတ်လား။ သူလုပ်ရပ်ကြောင့် မိသားစုကိုပါမကောင်းမြင်ခံရသည်။

ရင်ထဲမှာတအားကိုရှက်ပြီး နာကျင်ရပေမယ့်လည်း ဝဋ်ကြွေးပါလာတဲ့အတွက် ကြိတ်မှိတ်ကာခံရဦးတော့မှာပေါ့။

"သည်းခံကြပါကွယ်... အမေတို့အခြေအနေကဒီလိုမျိုး အပြောခံရဖို့ဖြစ်လာပြီပဲ... ပြန်ပြောဖို့အခွင့်အရေးမှမရှိတော့ကာ တစ်ခုပဲအမေပြောချင်တယ်... သားနဲ့သမီး 'ညိုပြာ' လိုမျိုးစိတ်ဓါတ်မမွေးကြပါနဲ့"

"မမကြီး ကိုမုန်းတယ်"

"ဟုတ်တယ်... သူမကောင်းလို့ဒီလိုတွေဖြစ်ရတာ"

အစ်မတစ်ယောက်ကို ဒီလိုမပြောနဲ့လို့တားလိုက်ချင်ပေမယ့်လည်း သူလုပ်သွားတဲ့အခြေအနေက ပြောလောက်စရာဖြစ်





နေတာမို့ 'ဒေါ်မိမိ' မတားနိုင်ချေ။

မနက်ခင်းစောစောမှာပဲ လင်မယားနှစ်ယောက် 'ညိုပြာ' နေတဲ့လိပ်စာအတိုင်း လိုက်လာခဲ့လိုက်သည်။ တိုက်လှေကားထစ်တွေကိုတက်နေတဲ့အချိန်မှာ သမီးဖြစ်သူနဲ့တွေ့ရတော့မှာမို့ ရင်ခုန်သံတွေက တဒိုင်းဒိုင်းနဲ့နေအောင် အခုန်မြန်နေခဲ့ရသည်။

မိဘတွေကိုတွေ့ရင် ဘယ်လိုဖြစ်သွားမှာလဲ။ ဝမ်းနည်းစိတ်နဲ့ မိဘတွေရင်ခွင်ထဲပြေးဝင်ကာ ငိုယိုတောင်းပန်လိုက်ရင်တော့ တင်းထားတဲ့စိတ်တွေ အရည်ပျော်ကျသွားနိုင်ပါသည်။

ကိုယ်တွေရင်ထဲမှာလည်း ဒီလောက်တောင်ခံစားနေမှတော့ သူလည်း ကြေကွဲနေမှာသေချာပါသည်။ 'မဖြူ' တို့ကိစ္စတွေရှင်းပေးပြီးရင်တော့ သမီးဖြစ်သူရွေးချယ်တဲ့လမ်းကိုသာသာယာယာပဲလျှောက်လမ်းနိုင်အောင် ကြည်ဖြူပေးလိုက်မည်လို့လည်း စိတ်ထဲမှာတွေးထားမိသေးသည်။

'ကိုသာခဲ' ကျေနပ်အောင်လည်း ဖျောင်းဖျပေးဖို့ကြိုးစားရဦးမည်။ အဓိကက သမီးစိတ်ချမ်းသာဖို့ပဲမဟုတ်လား။ တံခါးဝကိုရောက်တော့ အပြင်သံပန်းတံခါးကသော့ခတ်ထားပါသည်။ လူရှိပုံမပေါ်။

"မရှိဘူးကွ... အပြင်သွားကြတယ်နဲ့တူတယ်"



www.burmeseclassic.com

www.burmeseclassic.com



"စောင့်ရမှာပေါ့… မုန့်ထွက်စားကြတယ်နဲ့တူတယ်"

အပြင်ခဏထွက်သွားတယ်ဆိုပြီးစောင့်လိုက်ကြတာ နေ့ခင်းထမင်းစားချိန်အထိကို ပေါ်မလာကြပါ။

လင်မယားနှစ်ယောက် အူတွေတကြုတ်ကြုတ်မြည်သည်အထိ ပြန်ရောက်လာလေမလားဆိုပြီး ထိုင်စောင့်နေကြပါသည်။

တွေ့ချင်ဇောနဲ့ စောင့်နေကြတာဆိုတော့လည်း အနီးအနားပတ်ဝန်းကျင်ကိုတောင် ထွက်မသွားခဲ့ကြပါ။ သူတို့အခန်းရဲ့အပြင်ဘက်အပေါ်တက်တဲ့လှေကားထစ်တွေမှာ ထိုင်ကာဖွဲ့ရှိရှိနဲ့စောင့်နေကြတာဖြစ်သည်။

မျှော်လင့်ချက်က စားဖို့သောက်ဖို့ကိုလည်း မေ့နေစေပါသည်။ 'ညိုပြာ' တို့စုံတွဲကိုတွေ့လိုက်ရတဲ့အချိန်က နေ့ခင်းနှစ်နာရီထိုးကာနီးမှပါ။

ကြည့်ပါဦး၊ သူတို့လင်မယားနှစ်ယောက် ခြောက်နာရီလောက်အချိန်ကို ကျဉ်းကျဉ်းကြုတ်ကြုတ်လှေကားထဲမှာ ဘယ်လိုများဖြတ်သန်းခဲ့ကြတာလဲ။

'ညိုပြာ' က မိဘတွေကိုတွေ့တော့ အံ့ဩသွားပုံရသည်။ သူ့ကောင်လေးရဲ့လက်မောင်းကို ခပ်တင်းတင်းဖက်တွယ်ထား





လိုက်လေသည်။

"သမီး…"

'ဒေါ်မိမိ' က ငိုသံကြီးဖြင့် 'ညိုပြာ' အနားကိုတိုးကပ်သွားလိုက်မိပါသည်။ ရုတ်တရက်ဆိုတော့ လွမ်းတဲ့စိတ်ဖြင့်သမီးဖြစ်သူကိုပွေ့ဖက်လိုက်ဖို့စဉ်းစားတာပါ။ ဒါပေမဲ့ တစ်ဖက်ကဘယ်လိုထင်သွားသည်မသိ။

"အမေ 'ညိုပြာ့' အနားကိုမကပ်နဲ့နော်… 'ညိုပြာ့' ဘဝကိုလာနှောင့်ယှက်ဖို့မစဉ်းစားပါနဲ့… 'ညိုပြာ' တို့နှစ်ယောက်လက်ထပ်ပြီးသွားပြီ… အမေတို့ခွဲလို့မရတော့ဘူး"

ရင်ထဲမှာစို့သွားလိုက်တာဆိုတာ ပြောပြလို့တောင်မရနိုင်ပါ။ 'ဦးသာခံ' က အခြေအနေကိုဝင်ထိန်းလိုက်ပါသည်။

"တံခါးကိုအရင်ဖွင့်စမ်းပါ့ကွယ်… အထဲရောက်မှအေးအေးဆေးဆေးပြောကြတာပေါ့… နေရာကျဉ်းကျဉ်းလေးမှာတို့အုပ်နဲ့ပဲပြည့်နေပြီ… သူများတွေအတွက်မကောင်းဘူး"

"အဖေတို့ ဘာလို့လိုက်လာတာလဲ…"

"ကိုယ့်သမီးကို စိတ်မချလို့လိုက်လာတာပေါ့… ဖွင့်စမ်းပါ 'ညိုပြာ' ရယ်"

'ညိုပြာ' သည်ဘာလုပ်ရင်ကောင်းမလဲဆိုပြီး ကောင့်ကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်မိသည်။ မောင်ကခေါင်းကိုညိတ်ပြပြီး တံခါးသော့ကို ဖွင့်နေတာမို့ ဘာမှမပြောချင်တော့ပါ။

'ညိုပြာ' ရင်ထဲမှာတော့ တင်းကျပ်ပြီးခေါင်းတွေပင်ကိုက်လာတဲ့အထိဖြစ်နေသည်။ အမေတို့မျက်နှာကိုမြင်လိုက်ရတာ မီးပုံကြီးကိုကြည့်နေရတဲ့အတိုင်း ပူလောင်လို့နေရသည်။

တကယ်ဆို လုပ်ချင်ရာလုပ်သွားတဲ့သမီးတစ်ယောက်ကို အမေတို့လိုက်ရှာဖို့မသင့်တော့ပါ။ သမီးအဖြစ်ကနေတောင်စွန့်လွှတ်လိုက်ဖို့ကောင်းနေပါပြီ။

မပတ်သက်ဘဲနေလိုက်ရင် ပြီးနေတဲ့ဟာကို ဘာလို့များထပ်ပြီးလိုက်ပတ်သက်နေရပါသလဲ။ 'ညိုပြာ' ကတော့မောင်နဲ့အတူတူနေရတဲ့ဘဝကို မက်မောတွယ်တာနေမိပြီဖြစ်သည်။

တစ်သက်လုံးအကျွေနေလာခဲ့တဲ့ မိဘတွေကိုလည်းမေ့နိုင်ပါသည်။ မောင်သည်သာ 'ညိုပြာ' ရဲ့ဘဝ၊ 'ညိုပြာ' ရဲ့ကိုးကွယ်ရာသာဖြစ်ပါတော့သည်။

အမေကအခန်းထဲရောက်တာနဲ့ 'ညိုပြာ' ကိုဖက်ကာဝမ်းပမ်းတနည်းအော်ငိုလိုက်လေသည်။

"အံမယ်လေး သမီးရယ်... အမေတို့ကိုထားခဲ့ရက်တယ်နော်... ရက်စက်လိုက်တာသမီးရယ်... အမေ့ရင်ထဲမှာသမီးအတွက်ဘယ်လောက်တောင် ပူပင်နေရသလဲသိလား... ရင်ပတ်ကြီးတောင်ကွဲထွက်ပါတော့မယ်... အမေတို့ဘဝကို ဘာလို့ဖျက်သွားတာလဲသမီးရယ်... အစစအရာရာအားလုံး အမေတို့ကိုဖွင့်ပြောရင် ဘာဖြစ်မှာမို့လို့လဲ... ဒီကမ္ဘာလောကကြီးမှာ အမေ့သမီးကြီးစိတ်ချမ်းသာဖို့က အဓိကပါကွယ်... ကျန်တာတွေကိုအမေဂရုမစိုက်ပါဘူး"

အမေဖက်ထားတာ တင်းကျပ်လွန်းတဲ့အတွက် 'ညိုပြာ' တစ်ယောက် အသက်ရှူပင်ကြပ်လာသလိုဖြစ်သွားရသည်။ ဖက်တွယ်ထားတဲ့အမေ့ရင်ခွင်တွင်းကနေရုန်းထွက်လိုက်ရင်း...

"သမီးလည်းစိတ်မကောင်းပါဘူး... ဒါပေမဲ့မောင်နဲ့အတူနေတဲ့ဘဝတစ်ခုကိုတော့ သမီးမဖျက်ပစ်လိုက်နိုင်ဘူး... ဘယ်လိုစကားတွေနဲ့မှ အမေသမီးကိုမစည်းရုံးပါနဲ့... အမေတို့နဲ့ပြန်လိုက်ဖို့ဆိုတာ လုံးဝကိုမဖြစ်နိုင်ဘူးနော်"

"သမီးရယ်..."

ဝမ်းနည်းစိတ်နဲ့ ခင်ပွန်းဖြစ်သူကိုကြည့်လိုက်မိသည်။

"အဖေတို့ကလည်းပြန်ခေါ်ဖို့လာတာ မဟုတ်ပါဘူး"

"ဒါဆို ဘာလို့လိုက်လာတာလဲ"

"'မဖြူ' တို့ကိစ္စတွေရှိသေးတယ်လေ... သူတို့မိသားစု







www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်အောင်လုပ်ပေးဖို့အတွက် သမီးဆီကိုလာခဲ့ရတာ"

"သူတို့မိသားစုနဲ့ သမီးနဲ့ဘာဆိုင်လို့လဲ... လုံးဝကိုကင်းရှင်းတယ်အဖေ... ပတ်သက်စရာဘာအကြောင်းမှမရှိဘူး"

'ညိုပြာ' အသံက ကျယ်ကျယ်လောင်လောင်ထွက်လာခဲ့သည်။

"ဘာလို့မရှိရမှာလဲ... လက်မထပ်ဖြစ်မှတော့ သူတို့တင်တောင်းထားတဲ့ပိုက်ဆံတွေ လက်ဝတ်လက်စားတွေကိုပြန်ပေးရမယ်လေ... ပြီးတော့ သမီးအမေဝတ်ဖို့ဆိုပြီး ငှားထားတဲ့ပစ္စည်းတွေကိုလည်းပြန်ပေးရဦးမယ်"

"မပေးနိုင်ပါဘူး"

"'ညိုပြာ' နင်စကားကိုပြီးစလွယ်မပြောနဲ့... နင့်ငွေမဟုတ်တာ နင့်ပစ္စည်းမဟုတ်တာကို နင်အသိဆုံးပဲ... တစ်ရပ်ကွက်လုံးကနင့်ကို သူခိုးမလို့ပြောနေကြပြီဆိုတာသိရဲ့လား... ငါတို့လည်းအရှက်ရတယ်"

"အို သူတို့မရလို့ပြောကြတာပဲ... ပြောကြစမ်းပါစေ... ရပြီးသားပစ္စည်းတွေကိုတော့ လုံးဝပြန်မပေးနိုင်ဘူး... သူတို့ကိုယ်တိုင်ဘာလို့အိမ်တိုင်ယာရောက် လာပေးသလဲ... လာပေးပြီးမှတော့ အဆုံးလို့ပဲမှတ်လိုက်တော့လို့ပြောပြလိုက်... 'ညိုပြာ' က





တော့လုံးဝကိုပြန်မပေးနိုင်ဘူး"

"သမီးရယ်... စကားကိုစဉ်းစားပြီးပြောစမ်းပါ... အမေတို့ရပ်ကွက်ထဲမှာ ဘယ်လောက်တောင်အရှက်ရနေပြီလဲဆိုတာသိရဲ့လား... ပြီးတော့ 'မဖြူ' တို့မို့လို့လည်း ဒီလောက်အထိသည်းခံပြီးနေပေးတာ... ဘယ်သူကငွေတွေပစ္စည်းတွေပါသွားတာကိုငြိမ်ပြီးစောင့်နေပေးမှာလဲ... အမေတို့ကတိပေးပြီးသွားပြီ... သူတို့ပစ္စည်းတွေငွေတွေအားလုံးကို ပြန်ပေးပါ့မယ်ဆိုတာ"

"ဟင့်အင်း... 'ညိုပြာ' တော့ပြန်မပေးနိုင်ဘူး..."

"သမီး"

"ဟုတ်တယ် အမေ... ဒါ 'ညိုပြာ' ဆုံးဖြတ်ပြီးပြောတာအိမ်ကနေစထွက်လာတည်းက ယူလာတဲ့ပစ္စည်းတွေငွေတွေကိုပြန်ပေးမယ်ဆိုတဲ့စိတ်ကူး လုံးဝကိုမရှိတော့ဘူး... သမီးတို့လူငယ်နှစ်ယောက်ရဲ့အရင်းအနှီးလို့ပဲသတ်မှတ်ထားတယ်... တစ်နေ့သမီးတို့လင်မယား အဆင်ပြေလာခဲ့ရင်တော့ အမေတို့ကိုပြန်ပြီးကျေးဇူးဆပ်မှာပါ"

"နင် မရှက်ဘူးလား... အရင်းအနှီးလို့ပြောရအောင်နင့်ကိုဘယ်သူပေးလိုက်လို့လဲ"

"အဖေတို့ပဲပေးတာလေ... သမီးပဲသိမ်းထားပါ သမီးပဲ



www.burmeseclassic.com

www.burmeseclassic.com



ယူထားပါဆိုလို့ ယူလာလိုက်တာပဲ... အခုမှအဖေတို့စကားကိုပြီး စလွှယ်ပြောင်းလဲပစ်လိုက်လို့ရမလား... အဖေ့စကားအတိုင်းငွေ နဲ့ပစ္စည်းတွေကို သမီးသိမ်းထားပေးတာ... တစ်နေ့ပြန်ပေးနိုင် အောင်ကြိုးစားပါ့မယ်... ဘယ်နေ့ဆိုတာတော့ သမီးလည်းမပြော နိုင်သေးဘူး"

" 'ညိုပြာ' နင် နင်"

"အဖေတို့စိတ်ဆိုးချင်လည်းဆိုးပါ... တစ်ခုတော့ရှိတယ် အဖေ... ဘယ်မိဘမဆိုကိုယ့်သားသမီးကို ပေးချင်ကမ်းချင်တာ သဘာဝတစ်ခုလိုပဲ... အဖေတို့ကျမှဘာလို့ဒီလောက်တောင်တွန့် တိုမှုတွေရှိနေရတာလဲ...မိဘတွေဖြစ်ပြီး သမီးတစ်ယောက်အပေါ် မှာတောင် စေတနာတွေမရှိနိုင်တော့ဘူးလား"

"သမီးရယ်... စဉ်းစဉ်းစားစားလည်းပြောပါ... အခုသမီး ယူသွားတဲ့ပစ္စည်းတွေနဲ့ငွေတွေက အမေတို့ကိုယ်ပိုင်ပစ္စည်းတွေ မဟုတ်ဘူးလေ... 'မဖြူ' တို့ပိုင်တဲ့ဟာတွေလေ..."

" 'ညိုပြာ' ကိုပေးပြီးသွားပြီပဲ"

"ပေးတယ်ဆိုတာ 'ကိုညီ' နဲ့လက်ထပ်မှလေ...အခုလက် ထပ်ပွဲကပျက်သွားပြီဆိုတော့ သူတို့ဘယ်ပေးတော့မှာလဲ... ပြန် ပေးရမှာက အမေတို့တာဝန်ပဲ... အမေတို့မိသားစုအပေါ်မှာသူ





တို့ကျေးဇူးတွေ ဘယ်လောက်တောင်များတယ်ဆိုတာလည်းသမီး သိပါတယ်... ကျေးဇူးကန်းတဲ့ပုံစံအချိုးမျိုးမလုပ်သင့်ပါဘူး သမီး ယူချင်ရင် အမေတို့ကိုယ်ပိုင်ငွေတွေကိုယူပါ... သူများဟာတွေကို တော့ပြန်ပေးမှဖြစ်မယ်"

"မပေးနိုင်ဘူး... ရှိလည်းမရှိတော့ဘူး"

" 'ညိုပြာ'...အမေတို့ကောင်းကောင်းပြောနေလို့ ညည်း မိုက်ရိုင်းမလာနဲ့... ယူသွားတဲ့ပစ္စည်းနဲ့ငွေတွေ ပြန်ပေးမလားမ ပေးဘူးလား တစ်ခါတည်းပြော"

"မပေးဘူးအမေ... အမေတို့မကျေနပ်ရင်လုပ်ချင်တာ လုပ်လို့ရတယ်... 'ညိုပြာ' အိမ်ကနေထွက်လာတည်းက လှည့် မကြည့်ဘူးဆိုပြီး ထွက်လာခဲ့တာ... ဘယ်သူနဲ့မှလည်းမပတ် သက်ချင်တော့ဘူး... ရှုပ်ရှုပ်ယှက်ယှက်စကားတွေလည်း မကြား ချင်တော့ဘူး... 'ညိုပြာ' ဘဝ 'ညိုပြာ' ဖါသာတည်ဆောက်ချင် ပါတယ်... အမေတို့ဝင်မရှုပ်ပါနဲ့တော့"

"မရက်စက်ပါနဲ့လို့ ထပ်ပြောပါရစေ သမီးရယ်... နင့် ကြောင့် ပတ်ဝန်းကျင်မှာအမေတို့ခွေးဘဝမရောက်ပါရစေနဲ့... စဉ်းစားစမ်းပါဦး... အမေပြောပြီးနေပြီပဲ... အမေတို့ကိုယ်ပိုင်ငွေ တွေကိုယူပါ... 'ကိုညီ' နဲ့ပတ်သက်တဲ့ငွေနဲ့ပစ္စည်းတွေကိုတော့



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပေးလိုက်ပါနော်”

“ဟင့်အင်း... မပေးနိုင်ဘူး... သူတို့လိုချင်ရင်သူတို့ကိုယ်တိုင်လာတောင်းလို့ အမေပြောလိုက်ပါ... ‘ကိုညီ’ နဲ့သမီးနဲ့ရှင်းလိုက်မယ်”

“‘ညိုပြာ’ ညည်းကိုဘယ်လိုပြောပြော မရတော့ဘူးလား ယောကျ်ားတစ်ယောက်ယူတာ မိန်းကလေးတန်မယ့်ဒီလောက်အထိပေးဆပ်ဖို့လိုလို့လား... အိမ်ထောင့်တာဝန်ကိုယူရမှာ ညည်းယောကျ်ားရဲ့တာဝန်မဟုတ်ဘူးလား”

“အဲဒါတွေ ‘ညိုပြာ’ မသိဘူး... မောင့်ကိုသိပ်ချစ်တာပဲသိတယ်”

“ညည်းအကောင်က ဘယ်လောက်တောင်ပျံလန်နေလို့လဲ... အကျင့်စာရိတ္တကလည်းကောင်းလွန်းလို့... တစ်နေ့ညည်းဒုက္ခကောင်းကောင်းရောက်မယ်ဆိုတာကိုကော သိလို့လား”

“ကိုယ့်သမိုင်းကိုယ်ရေးတာပါ အမေရယ်...ဘယ်သူတွေဘယ်လိုပဲပြောပြော မောင့်ကို ‘ညိုပြာ’ ယုံတယ်... မောင်ပေးတဲ့ဒုက္ခက ‘ညိုပြာ့’ အတွက်တော့သုခပဲအမေရဲ့... ဘယ်လိုဒုက္ခမျိုးပဲဖြစ်နေပါစေ ခံနိုင်ရည်ရှိမှာပါ”

တစ်ခွန်းမခံပြန်ပြောနေသော သမီးဖြစ်သူကိုကြည့်ပြီး





‘ဒေါ်မိမိ’ ဘာပြန်ပြောရမှန်းမသိအောင်ဖြစ်နေမိသည်။ ဒီလိုကက်ကက်လန်ပြန်ပြောလိမ့်မယ်လို့လည်း ထင်မှထင်မထားတာပဲ။

ရုတ်တရက်မို့ စိတ်တွေလှုပ်ရှားပြီး ဇွတ်ငြင်းနေသည်လားမပြောတတ်ပါ။ စိတ်ကိုလျှော့လိုက်ပြီး လေသံပျော့လေးနဲ့ထပ်ပြောလိုက်မိပါသည်...

“သမီးရယ်... အမေတို့ကိုသနားပါ... မရက်စက်ချင်စမ်းပါနဲ့ကွယ်... သမီးချစ်တဲ့သူနဲ့လက်ထပ်လိုက်တာကို အမေတို့ကအပြစ်ပြောနေတာမဟုတ်ပါဘူး... သူများအပေါ်တင်နေတဲ့အကြွေးကိုဆပ်လိုက်စေချင်တဲ့ဆန္ဒပဲရှိပါတယ်... သူတို့နဲ့ကင်းရှင်းသွားတော့လည်း သမီးတို့ဘဝလွတ်လွတ်လပ်လပ်နေချင်သလိုနေလို့ရတာပေါ့ကွယ် မဟုတ်ဘူးလား”

‘ညိုပြာ’ ကခေါင်းကိုခါရမ်းရင်း...

“တော်ပါတော့အမေရယ်... အမေတို့ပြန်လိုက်ပါတော့လေချိုလေးတွေနဲ့လည်း လာမစည်းရုံးပါနဲ့... ‘ကိုညီ’ ကိုဒီကိုပဲလာခိုင်းလိုက်ပါ... ကိစ္စအားလုံးကို ရှင်းပြလိုက်ပါ့မယ်”

“‘ညိုပြာ’... ညည်းတကယ်ပဲ အမေတို့ကိုပြန်စေချင်တာလား... မပတ်သက်ချင်တော့တာလား... ညည်းကြောင့်အမေတို့ဘဝအခြေအနေပျက်ပြားရမှာကိုရော မသိတာလား မသိချင်ဟန်

www.burmeseclassic.com

www.burmeseclassic.com



ဆောင်နေတာလား... ပြောစမ်းပါ"

"အားလုံးကိုနားလည်ပါတယ်... နားလည်လို့လည်းအိမ်အတွက်မပူတော့တာပေါ့... အဖေ့အလုပ်ကကောင်းနေတာပဲ... ပိုက်ဆံတွေပြန်စုနိုင်ပါတယ်... 'ညိုပြာ' တို့နှစ်ယောက်ရဲ့ဘဝကမှ အခုမှစရမှာ... ဘာလုပ်လို့ဘာကိုင်ရမှန်းလည်းမသိသေးဘူး... ဒါကြောင့်လက်ထဲမှာ အရင်းအနှီးသဘောမျိုးရအောင် ငွေတွေ ဆောင်ထားတာ... တစ်နေ့အဆင်ပြေတော့ ပြန်ပေးမယ်လို့ပြောထားပြီးနေပြီပဲ... ဒီလောက်တော့ အဖေနဲ့အမေလိုက်လျောပေးသင့်ပါတယ်"

"ဟင့်အင်း... မဖြစ်နိုင်ဘူး"

'ညိုပြာ' သက်ပြင်းကိုသာချလိုက်သည်။ အဖေနဲ့အမေ နားလည်အောင် ဘယ်လိုပြောပြရမှန်းပင်မသိတော့အောင်ပါ။ အဖေစဉ်းစားမိဖို့ကောင်းသည်။

လက်ရှိအခြေအနေမှာ အဖေ့ရဲ့အလုပ်ကအဆင်ပြေနေတဲ့အတွက် ငွေကိုဖန်တီးဖို့ရှာဖွေလို့လွယ်နေသည်မဟုတ်လား။ 'ညိုပြာ' နဲ့မောင်နဲ့ဘဝက အခုမှစရမှာပါ။

ဘာလုပ်လို့ဘာကိုင်ရမှန်းလည်း မသိကြသေး။ ကျောင်းတော့နှစ်ယောက်လုံး ဆက်မတက်ကြတော့ပါ။ အဝေးသင်ပဲယူ





ဖို့ဆုံးဖြတ်လိုက်သည်။

မောင်ကတော့ပြောသည်။ ပါလာတဲ့ငွေနဲ့ သူကြီးပွားတိုးတက်အောင် စီးပွားရေးတစ်ခုလုပ်ကြည့်မည်တဲ့။ အရင်းအနှီးများရင်များသလောက် အကျိုးအမြတ်များမယ်ဆိုတဲ့အတွက် 'ညိုပြာ' လည်းကျေနပ်နေရသည်။

ပိုက်ဆံများများရှိလာရင်တော့ အဖေတို့ဆီကယူတဲ့ငွေနဲ့ပစ္စည်းတွေကို ပြန်ပေးဖို့ဆုံးဖြတ်ထားပါသည်။ အခုအချိန်မှာတော့ဘယ်လိုလုပ်ပြီး ပြန်ပေးနိုင်ဦးမှာလဲ။

"'ညိုပြာ'... အမေသမီးကို ဘယ်လိုတောင်းပန်မှရမှာလဲ... ခြေသလုံးကိုဖက်ရမှာလား... ဒီလောက်အထိရက်စက်လွန်းတာတော့ မကောင်းပါဘူးသမီးရယ်... ကိုယ့်မိဘတွေဆိုတာကိုလည်း နားလည်စမ်းပါဦး"

အမေက 'ညိုပြာ' အနားကိုတိုးကပ်လာတာကြောင့်လန့်ပြီးအနောက်သို့ ရွှေ့ရပ်လိုက်မိသည်။ ဒီလိုမျိုးတော့လည်းအဖြစ်မခံနိုင်ပါ။

ငရဲကြီးမှာ၊ မြေမျိုမှာကြောက်ပါသည်။

တစ်ခုခုတော့ အဆင်ပြေအောင် ပြောပြမှပဲဖြစ်ပါတော့မည်။ နှင်မို့ဆို အိမ်ကနေပြန်ဖို့လမ်းစကိုမမြင်တော့ပါ။



www.burmeseclassic.com

"ဒီလိုလုပ်အမေရယ်... လောလောဆယ် 'ညိုပြာ' လက်ထဲမှာပစ္စည်းတွေရော ငွေတွေရောမရှိသေးလို့ပါ... ဘဏ်မှာအပ်ထားတယ်... မနက်ဖြန်ကျမှပဲ အမေတို့လိုချင်တယ်ဆိုရင်လိုက်ထုတ်ပေးပါတော့မယ်... အခုတော့ပြန်လိုက်ပါတော့"

"သမီး တကယ်ပြောတာလား"

"တကယ်ပြောတာ... 'ညိုပြာ' ဆက်ပြီးနားငြီးမခံချင်တော့ဘူး... ယူလာသမျှအားလုံး ပြန်ပေးလိုက်တော့မယ်... လိုချင်တာတွေ ပြန်ရပြီးရင်တော့ အမေတို့ 'ညိုပြာ' တို့နှစ်ယောက်ကိုထပ်ပြီး ဒုက္ခမပေးပါနဲ့တော့... ခပ်အေးအေးပဲ နေချင်တယ် 'ညိုပြာ' လည်း ဘယ်လိုဒုက္ခမျိုးပဲရောက်ပစေ မိဘတွေဆီဒုက္ခလာမပေးဘူးဆိုတာ ကတိပေးတယ်"

"အို သမီးရယ်... ဒီလိုစကားတွေမပြောပါနဲ့"

"ပြောရမယ် အမေ... အမေတို့ 'ညိုပြာ' ဘဝကိုစာနာမပေးနိုင်ဘဲ... ဒီလိုပဲပြောရတော့မှာပေါ့... စိတ်ချလက်ချနဲ့အမေတို့ပြန်ပါတော့... မနက်ဘဏ်ဖွင့်တဲ့အချိန် ကိုးနာရီလောက်အိမ်ကိုအရောက်လာခဲ့ပါ... 'ညိုပြာ' အဆင်သင့်စောင့်နေမယ်"

'ညိုပြာ' မျက်ဝန်းမှာမျက်ရည်တွေပြည့်အိုင်လာခဲ့သည်။ အမေကတော့ ဝမ်းနည်းစိတ်ကြောင့် ကျတယ်လို့ပဲမြင်မှာပါ။





အမေတို့ပြန်သွားတော့ မောင်က 'ညိုပြာ' အနားကပ်လာခဲ့သည်။

"'ညိုပြာ' တကယ်ပဲယူလာတဲ့ပစ္စည်းတွေကို ပြန်ပေးတော့မလို့လား"

'ညိုပြာ' သည် ပါးပြင်ပေါ်ကမျက်ရည်စတွေကိုသုတ်ပစ်လိုက်ရင်း တဟားဟားအော်ရယ်ပစ်လိုက်သည်။

"ရှုံးလိုက်တာမောင်ရယ်... မနက်ဖြန် 'ညိုပြာ' တို့ဘယ်သွားဖို့စီစဉ်ထားသလဲ"

"ချောင်းသာလေ"

"ဒါပဲပေါ့... ချောင်းသာသွားမယ်... ပြီးရင်မန္တလေးမှာသွားရှောင်နေလိုက်မယ်... တစ်လလောက်နေမှ ဒီအိမ်ကိုပြန်လာကြတာပေါ့ မဟုတ်ဘူးလား"

"ကောင်းတယ်ကွာ"

မောင်က 'ညိုပြာ' ကိုခပ်တင်းတင်းဖက်ရင်း ပါးပြင်ကိုနမ်းလိုက်တာကြောင့် ရင်ခုန်သံတွေမြန်သွားရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## ၁၅

'ညိုပြာ' တို့နှစ်ယောက်ချောင်းသာမှာ အချစ်တွေနဲ့စိတ်တိုင်းကျပျော်မြူးနေချိန်မှာ 'ဒေါ်မိမိ' ဘက်မှာတော့ ကမ္ဘာပျက်နေချိန်ဖြစ်ပါသည်။

သော့ခတ်ထားတဲ့အိမ်တံခါးကိုကြည့်ပြီး 'ဦးသာဖေ' က တန်းပြောလိုက်သည်။

"မင်း,သမီးတော့လစ်ပြေးပြီနဲ့တူတယ်... ငါတို့ကိုချွေးဖြစ်အောင်ရက်စက်သွားပါပြီကွာ"

"အို အပြင်လေးဘာလေးခဏတဖြုတ် သွားတာလည်းဖြစ်ချင်ဖြစ်မှာပေါ့... နည်းနည်းပါးပါးစောင့်ကြည့်ပါဦးလား..."





ပါးစပ်ပုပ်ကြီးနဲ့မပြောစမ်းပါနဲ့ရှင်"

'ဒေါ်မိမိ' က ခင်ပွန်းဖြစ်သူကိုဟန့်လိုက်ပေမယ့် ရင်ထဲမှာတော့ မပျော်ရွှင်နိုင်တော့ချေ။ စိုးထိတ်မှုတွေက အလုံးအရင်းနဲ့ဝင်ရောက်လို့နေပါပြီ။

အချိန်တွေသာတဖြည်းဖြည်းကုန်ဆုံးလာသည်၊ 'ညိုပြာ' တို့အရိပ်အယောင်ကို မြင်တွေ့ရခြင်းမရှိသေးပေ။ လင်မယားနှစ်ယောက် စကားတွေသာ တိုးတိုးကျိတ်ကျိတ်များနေမိသည်။

မျက်နှာချင်းဆိုင်နေသော အခန်းကလူတစ်ယောက်ထွက်လာကာ...

"ဒီအခန်းကိုလာတဲ့ဧည့်သည်နဲ့တူတယ်... သူတို့မရှိကြဘူး... မနက်အစောကြီးကပဲ ခရီးထွက်သွားကြပြီ"

'ဒေါ်မိမိ' တုန်လှုပ်သွားရရင်း...

"ဟုတ်ရဲ့လားငါ့တူရယ်... အဒေါ်တို့ကိုဒီနေ့မနက်လာခဲ့ဖို့ချိန်းထားလို့ပါ"

"သေချာပါတယ်... ခရီးထွက်တာကြာမှာမို့လို့ သူတို့အခန်းကိုတောင် ကြည့်ပေးထားဖို့ပြောသွားကြသေးတယ်"

"ဒုက္ခပါပဲ... ကျွန်မတို့ဘယ်လိုလုပ်ကြမလဲ... 'မဖြူ' တို့ကိုဒီနေ့လာပေးမယ်ဆိုပြီး ချိန်းထားမိပြီ... ပြဿနာတွေတော့



www.burmeseclassic.com

www.burmeseclassic.com



တက်တော့မှာပဲ... ကျွန်မတို့တော့လူလိမ်တွေဖြစ်ပါပြီရှင်”

“တော်က်... ဘယ်တတ်နိုင်တော့မလဲ... ပြောပြရှင်းပြယုံပဲရှိတော့တာပေါ့... မကျေနပ်တော့လည်း ငါပဲထောင်ထဲဝင်လိုက်မယ်ကွာ... အေးရောပေါ့”

“အို... သူတို့ကိုတွေ့အောင်လိုက်ရှာရမှာပေါ့”

“မတွေ့ချင်လို့ရှောင်ပြေးတဲ့သူကို မင်းဘယ်လိုလိုက်ရှာမှာလဲ... တွေ့ရင်လည်းမင်းလိုချင်တာတွေ ပေးမယ်ထင်မနေနဲ့ ပေးမှာကိုမဟုတ်ဘူး... ဒီကောင်မမိုက်သွားပြီ... ငါတို့ကိုရက်စက်သွားပြီ”

အိမ်ပြန်လာရာလမ်းတလျှောက်လုံး ‘ဒေါ်မိမိ’ ငိုယိုပြီးပါလာခဲ့သည်။ ယောက်ျားဖြစ်သူက တိတ်ပါလို့ပြောလည်းမျက်ရည်တွေက ကျနေဆဲပါပဲ။

ရင်ထဲမှာနာကျင်နေတာ ဘယ်လိုနည်းနဲ့မှဖြေသိမ့်လို့ရနိုင်အောင်ပါ။ လုပ်ရက်လွန်းသော၊ ရက်စက်လွန်းသော ‘ညိုပြာ’ လုပ်ရပ်တွေအတွက် အံ့အားသင့်လို့သာနေတော့သည်။

‘မဖြူ’ တို့အိမ်ကိုလင်မယားနှစ်ယောက် သွားရမှာဝန်လေးနေမိကြသည်။ ရှက်ရလွန်းတာကြောင့် မျက်နှာချင်းဆိုင်ဖို့တောင်အနိုင်နိုင်ရယ်ပါ။





ဒါပေမဲ့မသွားလို့လည်းမဖြစ်။ ကိစ္စတစ်ခုကမှဖြေရှင်းသွားလိုက်လို့ရတာမှမဟုတ်ဘဲ။ ခေါင်းငုံ့ကာရောက်လာသော ‘ဒေါ်မိမိ’ တို့ကိုကြည့်ပြီး ‘ကိုညီ’ ကအရင်လှမ်းပြောလိုက်ပါသည်။

“‘ညိုပြာ’ တို့ကိုမတွေ့ခဲ့ဘူးမဟုတ်လား”

‘ဒေါ်မိမိ’ က ခေါင်းညိတ်ကာ ငိုရှိုက်ရင်းနဲ့...

“ဟုတ်တယ်... သူတော်တော်ရက်စက်လွန်းပါတယ်... အယုံသွင်းပြီးလစ်ပြေးသွားကြပြီ... ‘ကိုညီ’ တို့တစ်မိသားစုလုံးကို ဘယ်လိုမျက်နှာပြရမှန်းတောင်မသိတော့ဘူးကွယ်... မင်းဦးလေးကတော့ သူ့သမီးလုပ်သွားတဲ့အပြစ်ကို သူပဲခံမယ်တဲ့... ထောင်ထဲဝင်ရရင်လည်းဝင်ရပါစေတော့တဲ့”

‘ဦးသာဇံ’ တစ်ယောက် ယောက်ျားကြီးတန်မဲ့မျက်ရည်တွေကျနေရပါပြီ။ ဆုံးရှုံးသွားတဲ့ငွေကြေးတန်ဖိုးကို သူတို့ဘယ်လိုနည်းနဲ့မှပြန်ဆပ်လို့ကျေနိုင်မယ်မထင်ပါ။

နေနေတဲ့ခြံနဲ့အိမ်လေးကိုရောင်းတောင်မှ ပြန်ပေးရမယ့်တန်ဖိုးရဲ့တစ်ဝက်ကိုတောင် ကျေပါ့မလားမသိ။ ခြံနဲ့အိမ်ကိုအဆုံးခံပြီးပြန်ဆပ်မယ်ဆိုရင်တောင် မိမိတို့မိသားစုဘယ်မှာသွားနေကြမလဲ။



www.burmeseclassic.com

www.burmeseclassic.com



တွေးလိုက်တိုင်းတွေးလိုက်တိုင်း ရင်ဘတ်တစ်ခုလုံးကျိန်းစပ်လာရတာကြောင့် စိတ်ထဲနာကျင်လာရကာမျက်ရည်ပါကျလာရတာဖြစ်သည်။

ဘဝတစ်သက်တာမှာ ဒီတစ်ကြိမ်လောက်တစ်ခါမှစိတ်ဆင်းရဲဖူးခြင်းမရှိသေးပါ။ မိဘတွေမျက်ရည်ကျနေရပြီဆိုတည်းက 'ညိုပြာ' ရဲ့ဘဝလည်းကောင်းစားပါဦးမည်လား။

စိတ်နာပေမယ့်လည်း သမီးဖြစ်နေတဲ့အတွက် ကံဆိုးမှုတွေကိုမကြုံတွေ့စေချင်ပါ။ ဒါပေမဲ့ မျက်နှာချင်းတောင်မဆိုင်ချင်တော့တဲ့အထိ ခံစားနေရတာဖြစ်သည်။

"ဦးလေးနဲ့ဒေါ်ဒေါ်ကို ကျွန်တော်ပြောစရာရှိတယ်… ဖြစ်ပြီးသွားတဲ့ကိစ္စတစ်ခုကို စိတ်ထဲမှာတွေးပြီး ခံစားမနေပါနဲ့တော့ ကျွန်တော်တို့တစ်မိသားစုလုံးလည်း တိုင်ပင်ဆွေးနွေးပြီးသွားပြီ ပစ္စည်းဥစ္စာဆိုတာ ပြန်ရှာလို့ရသလိုတည်မြဲတဲ့အရာလည်းမဟုတ်ဘူးလေ… ဒီတော့ ကျွန်တော်တို့ကိုပြန်ပေးရမယ့် ငွေကြေးဥစ္စာတွေကို ခေါင်းထဲကနေထုတ်လိုက်တော့… အလှူလို့ပဲသတ်မှတ်လိုက်တော့မယ်… 'ညိုပြာ' သူ့အပြစ်သူခံရဦးမှာပါ… ဒီနေ့ဒီအချိန်ကစပြီး ကျွန်တော်တို့ဘဝမှာ 'ညိုပြာ' ဆိုတာမရှိတော့ဘူး… သူနဲ့မပတ်သက်ခဲ့ဖူးသလိုပဲနေမယ်… ဦးလေးတို့လည်း သူ့ကို





စိတ်ထဲကနေထုတ်ပစ်လိုက်ပါတော့… သမီးတစ်ယောက်ဖြစ်ပြီး မိဘတွေအပေါ် ဒီလောက်ရက်စက်နိုင်မှတော့ သံယောဇဉ်ဆိုတာလည်းထားနေစရာမလိုတော့ဘူးလေ… သူ့ဘာသာပဲဖြစ်နေနေလှည့်ကိုမကြည့်ပါနဲ့တော့… ကျွန်တော်တို့မိသားစုနဲ့ဆက်ပတ်သက်ချင်သေးတယ်ဆိုရင်တော့ 'ညိုပြာ' ကိုမိသားစုစာရင်းထဲကနေပယ်ဖျက်လိုက်မှပဲဖြစ်လိမ့်မယ်… ကျွန်တော်ပြောတာသဘောပေါက်ပါတယ်နော်"

ထင်မှတ်မထားတဲ့စကားတွေကို ကြားလိုက်ရတာမို့ရုတ်တရက်ဘာပြန်ပြောရမှန်းမသိအောင်ဖြစ်နေမိသည်။ သူတို့တွေဒီလောက်အထိ သဘောထားကြီးပေးကြမယ်လို့လည်း မထင်ထားပါ။

ကျွန်တော့်မိမိတို့မိသားစုအပေါ် သံယောဇဉ်ကြီးလိမ့်မည်စေတနာထားလိမ့်မယ်လို့လည်း မစဉ်းစားဖြစ်ခဲ့ပါ။ ရန်ပွဲအကြီးအကျယ်ဖြစ်ကာ ဘယ်လိုတောင်းပန်ဖြေရှင်းရမလဲဆိုတာကိုပဲတွေးနေမိကြတာဖြစ်သည်။

'ဒေါ်မိမိ' သည် ရင်ထဲမှာ လှိုက်လှဲပြီးဝမ်းသာလွန်းတာကြောင့် 'ဒေါ်ဖြူဖြူ' ထိုင်နေတဲ့နေရာဆီလှမ်းလာခဲ့လိုက်သည်။ ပြီးတော့ခြေထောက်ကိုဖက်ကာ ထိုင်ကန်တော့ရင်း…



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်လိုက်တာ 'မဖြူ' ရယ်... တစ်သက်လုံး ကျေးဇူးကိုမမေ့ပါဘူး... 'ညိုပြာ' ရက်စက်ပေမယ့် ကျွန်မတို့တစ် မိသားစုလုံး 'မဖြူ' တို့မိသားစုအပေါ်မှာ ရှိသေခယပြီးဖြစ်ချင် တာမှန်သမျှဖြစ်အောင်လုပ်ပေးဖို့ ကြိုးစားပါ့မယ်... ကျွန်တော့ လေးနှစ်ယောက်ကိုလည်း ဆုံးမပါ့မယ်... သေတဲ့အထိ ကျွန်မ ပြောတဲ့စကားတွေကို တည်အောင်ကြိုးစားပါ့မယ်ရှင်"

ငိုယိုကာပြောရင်းအကြိမ်ကြိမ်ဦးချနေသော 'ဒေါ်မိမိ' ကို 'ဒေါ်ဖြူဖြူ' က တားလိုက်ပါသည်။

"ရှင်းရှင်းပြောရရင် ကျွန်မစိတ်ထဲမှာ 'ညိုပြာ' နဲ့ပတ် သက်ပြီးခွင့်လွှတ်ချင်စိတ်ကိုမရှိသေးဘူး... ဒါပေမဲ့ 'ကိုညီ' ရော သူ့အဖေရောက နားချတယ်... ငွေနဲ့ပတ်သက်ပြီးရုံးရောက်ဂ ရောက်လည်းမဖြစ်ချင်ဘူးတဲ့... ပြီးတော့ 'ကိုသာစံ' အလုပ်ကြိုး စားတာသစ္စာရှိတာတွေအတွက် တစ်ခါလောက်တော့ခွင့်လွှတ် ပေးသင့်တယ်ထင်လို့ ကျွန်မလိုက်လျောလိုက်တာပဲ... ဆုံးရှုံးသွား တဲ့ပစ္စည်းတန်ဖိုးနဲ့ငွေကြေးဆိုတာ တန်ဖိုးဖြတ်လို့ရပါတယ် တန်ဖိုးဖြတ်လို့မရတာက လူတစ်ယောက်ရဲ့စာရိတ္တနဲ့သိက္ခာပဲ 'ညိုပြာ' ဆိုတဲ့မိန်းကလေးဘယ်လောက်ကောင်းစားမလဲ ဘ လောက်အထိလူ့လောကမှာ အဆင်ပြေပြေနေနိုင်မလဲ စော





ကြည့်လိုက်ပါဦးမယ်... တစ်နေ့ သူမျက်ရည်ကျရတဲ့အချိန်မှာ ကယ်တင်မယ့်သူပဲရှိပါစေဦး"

"သူနဲ့ပတ်သက်ပြီး ကျွန်မတို့စိတ်ထဲမှာလည်းနာကြည်း ပါတယ်... သူ့ကိုခေါင်းထဲကနေထုတ်ထားလိုက်ပါပြီ... မိဘတွေ အပေါ်ဒီလောက်ရက်စက်တဲ့သမီး ဘေးဒုက္ခမတွေ့ပါစေနဲ့လို့ပဲ ဆုတောင်းပါတယ်"

'ဒေါ်မိမိ' ရင်ထဲမှာမကောင်းနိုင်တော့ပါ။ ခွင့်လွှတ်တဲ့ သူတွေက ဘယ်လောက်ပဲခွင့်လွှတ်ခွင့်လွှတ် တစ်ကနေပြန်စရ တဲ့ဘဝအခြေအနေက ဘယ်လောက်တောင်ခက်ခဲကြမ်းတမ်းမ လဲ။

ခင်ပွန်းဖြစ်သူလည်း စီးပွားရှာရလွန်းလို့ လူလည်းအိုလှ ပါပြီ။ သမီးဖြစ်သူအိမ်ထောင်ကျသွားရင်တော့ သူလည်းအလုပ် နဲ့ပတ်သက်ပြီး အနားယူကာအေးအေးဆေးဆေးပဲ လုပ်တော့မည် လို့ဆုံးဖြတ်ပြီးထားကာမှ အခုတော့ ခုသေမချင်းရှာရတော့မယ့် အတိုင်းပါပဲ။

ဘာလို့များ မိမိတို့ကုသိုလ်ကံတွေက ဒီလောက်တောင် ဆိုးဝါးခဲ့ရတာလဲ။ 'ညိုပြာ' လိုသမီးမျိုးကိုလည်း ဘာလို့များမွေး လာခဲ့ရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ကျန်တဲ့နှစ်ယောက်ကလည်း 'ညိုပြာ' လိုမျိုးအချိုးမျိုးချိုး ရင်တော့ လူ့လောကကြီးထဲက ဓာဓာစီးစီးထွက်သွားလိုက် တာမှကောင်းပါဦးမည်။

'ဒေါ်မိမိ' ရင်ထဲစိုးထင့်နေပေမယ့် 'ဖြူပြာ' နဲ့ 'စာနည်' က ထင်ထားတာထက်ကို လိမ္မာနေကြပါသည်။ ကျောင်းစာနဲ့ ပတ်သက်ရင်ပြောစရာမလိုအောင် သူတို့ဖါသာသူတို့ကြိုးစားကြ သလို၊ 'ကိုညီ' တို့မိသားစုအပေါ်မှာလည်း ကျေးဇူးရှင်တွေဆိုပြီး လိုတာထက်ကိုပိုကာ အလိုက်သိတတ်ကြလေသည်။

အမေဖြစ်သူက ဘာလုပ်ပေးလိုက်ပါလို့ ပြောနေစရာ မလိုအောင် သူတို့စိတ်ခါတ်နဲ့သူတို့ အလိုက်တသိလုပ်ပေးနေကြ တာဖြစ်သည်။

'ညိုပြာ' ဆိုရင် ရစရာရှိမှ၊ 'မဖြူ' တို့အိမ်ကိုသွားပေမယ့် 'ဖြူပြာ' ကတော့ အိမ်အလုပ်တွေပြီးတာနဲ့ 'မဖြူ' တို့အိမ်ကိုထွက် သွားခဲ့တာဖြစ်သည်။

စစချင်းတော့ 'ညိုပြာ' ရဲ့ဒဏ်တွေကို 'ဖြူပြာ' ခံစားရ ပါသေးသည်။ လူပဲလေ၊ တစ်ခါခံထားရဖူးတော့နောက်လူတစ် ယောက်ကို ချက်ခြင်းကြီးဘယ်ယုံကြည်ရပါ့မလဲ။

'အန်တီဖြူ' ကအစ၊ 'မမူမူ' 'မခင်ခင်' နဲ့ခိုင်းတဲ့သူတွေ





အဆုံး 'ဖြူပြာ' ကိုဟက်ဟက်ပက်ပက်မဆက်ဆံကြပေ။ အိမ်ကို လာပြီးအရှုပ်ထုပ်လုပ်နေတဲ့ ကောင်မလေးတစ်ယောက်လို့ပဲ သတ်မှတ်ထားကြလေသည်။

'ကိုညီ' ကတော့ယောကျ်ားလေးဖြစ်နေတဲ့အတွက် ဖြစ် ပြီးခဲ့တာတွေကို မေ့မေ့ပျောက်ပျောက်ထားလိုက်သည့်အလား 'ဖြူ ပြာ' အပေါ်ယခင်ကအတိုင်း ခင်မင်စွာဆက်ဆံခဲ့ပါသည်။

'ညိုပြာ' နဲ့ပတ်သက်လို့တော့ ဘာတစ်ခွန်းမှမပြောတာ ချွင်းချက်တစ်ခုပဲထားလိုက်ပါ။ 'ဖြူပြာ' သည်ကိုယ်နဲ့မဆိုင်ပေ မယ့်လည်း မမကြီးလုပ်ခဲ့တဲ့အပြစ်တွေအတွက် ကျန်တဲ့မိသားစု ဝင်တွေအပေါ် အထင်မလွဲရအောင် 'အန်တီဖြူ' တို့တစ်အိမ်လုံး ကို ကျေးဇူးရှင်တွေအလား လိုအပ်တာမှန်သမျှ တတ်နိုင်တဲ့ဘက် က ကူညီလုပ်ကိုင်ပေးသည်။

'အန်တီဖြူ' အနားသွားကာ အမြဲလိုလိုနှိပ်နယ်ပေးတတ် သည်။ ရှင်းရှင်းပြောရလျှင် 'ဖြူပြာ' သည် သည်အိမ်ကြီးနဲ့စိမ်း ပါသည်။

လူချင်းခင်ပေမယ့် မမကြီးလောက် ဤအိမ်ကြီးကိုဝင် ထွက်ပတ်သက်ခွင့်ရတာမဟုတ်ပါ။ မမကြီးပြောတဲ့စကားတွေကို သာနားထောင်ပြီး အားကျနေခဲ့ရတာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ 'ဖြူပြာ' ကိုမခေါ်ပေမယ့်လည်း စေတနာနဲ့ ကူညီလုပ်ကိုင်ပေးသည်။ ဘယ်သူပဲအော်အော်ဆူဆူ 'ဖြူပြာ'မျက်နှာမပျက်ဘဲ သူတို့ခိုင်းတာကိုလုပ်ပေးလိုက်သည်။

ကြာလာတော့လည်း အပြုံးမပျက်တဲ့ 'ဖြူပြာ'အပေါ်သူတို့တွေခင်မင်လာကြပါသည်။ 'အန်တီဖြူ'ဆိုရင် 'ဖြူပြာ'သူတို့အိမ်ကိုအရောက်နောက်ကျတာနဲ့ ဘာဖြစ်လို့လဲဆိုပြီး ခေါ်ခိုင်းတဲ့အဆင့်ကိုပင်ရောက်လာခဲ့ပါသည်။

အမြင်ပြန်ကြည်လင်လာတဲ့ 'အန်တီဖြူ' တို့မိသားစုကြောင့် 'ဖြူပြာ' ရင်ထဲပျော်ရပေမယ့် ယိုင်နဲ့နေသောအိမ်ရဲ့စီးပွားရေးအတွက် စိတ်တော့ညစ်နေရပါသည်။

ဖြစ်နိုင်ရင်ဒီနှစ်ဖြေရမယ့် ဆယ်တန်းစာမေးပွဲတောင် 'ဖြူပြာ' ဖြေချင်စိတ်မရှိပါ။ အမေကဖြေရမယ်လို့ပြောထားတဲ့အတွက် စာတွေကိုကြိုးစားကျက်မှတ်နေရပါသည်။

'ဖြူပြာ' အလုပ်တစ်ခုလောက်လိုချင်သည်။ အဖေလုပ်တဲ့အလုပ်ကိုပဲ ကူလုပ်တာပဲဖြစ်ဖြစ် 'ဖြူပြာ' လုပ်ချင်သည်။ ဝင်ငွေတစ်ခုတိုးတော့ အိမ်အတွက်ပိုပြီးချောင်လည်နိုင်သည်မဟုတ်လား။

'ဇာနည်' ကိုတော့ မောင်အငယ်ဆုံးလေးမို့ ပညာရေးနဲ့





ပတ်သက်ပြီး ဖြစ်ထွန်းစေချင်ပါသည်။ 'ဇာနည်' ကလည်းစာတော်တဲ့အတွက် မျှော်မှန်းမိခြင်းပါ။

မောင်လေးအရွယ်ကောင်းရောက်မှ စီးပွားရေးယိုင်နဲ့သလိုဖြစ်လာရတဲ့အတွက်လည်း စိတ်ထဲမှာမကောင်းလှ။ ခုဆိုရင် 'ဖြူပြာ' ဟာ အိမ်ရဲ့သမီးကြီးနေရာမှာရောက်နေပါပြီ။

အဖေ့ကိုလည်းပူသည်။ စိတ်တွေညစ်ပြီးအသက်ကြီးမှ အရက်သောက်တတ်လာတဲ့အတွက်လည်း စိုးရိမ်မိသည်။ အရက်ဟာလူတစ်ယောက်ကို ကောင်းကျိုးပေးတာမှမဟုတ်ဘဲ။ အိမ်ထောင်ဦးစီးတစ်ယောက်က အရက်သောက်နေတဲ့အတွက် ဤအိမ်ထောင်စုဟာလည်း ဘယ်လိုတိုးတက်မှုမျိုးရှိလာနိုင်မှာလဲ။

ဒါပေမဲ့ တစ်သက်လုံးအပြစ်မရှိအောင် ရှာဖွေကျွေးမွေးလာခဲ့တဲ့ အဖေ့ကိုအပြစ်တော့မတင်ရက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

## ၁၆

ဘဝရဲ့အိမ်ထောင်ဦးအစက ပျားရည်ဆမ်းထားသလိုမှိုး ချိုမြလို့နေခဲ့ပေမယ့် ကြာလာတာနဲ့အမျှ ခါးသီးလာခဲ့ရတာဘာ ကြောင့်များလည်းမသိပါ။

မောင်နဲ့ပတ်သက်ပြီး ရင်ထဲမှာအချစ်တွေပဲအမြဲရှိချင်ခ တဲ့ 'ညိုပြာ' လိုလူတောင်မှ အချစ်တွေပျောက်ကာ စိတ်ပျက်ခြင် တွေရောက်လာတတ်ခဲ့တာ ကြာနေပါပြီ။

တခြားယောကျ်ားတွေ အိမ်ထောင်ကျသွားတဲ့အခါဘယ် လိုပြုမူနေထိုင်သည်ဆိုတာ 'ညိုပြာ' မသိပေမယ့် မောင်ကတော့ တကယ့်ကိုတစ်ကိုယ်ကောင်းဆန်လှသော ယောကျ်ားမျိုးပါ။





မောင့်ရင်ခွင်မှာစခိုလှုံတုန်းက အချစ်စိတ်တွေသိပ်ကို ပြင်းထန်နေတဲ့အချိန်ဆိုတော့ အိမ်ကိစ္စတွေလုပ်ရတာပင်ပန်း တယ်လို့ကိုမထင်။

'ညိုပြာ' က အိမ်ထောင်ရှင်မဆိုတော့ အိမ်ထောင့်တာ ဝန်တွေကို မိန်းမဖြစ်သူကပဲလုပ်ရမယ်လို့တွက်ဆကာ အရာခပ် သိမ်းအားလုံးကို ကိုယ်တစ်ယောက်တည်းကပဲတာဝန်ယူကာခြေ ရှင်းလုပ်ခဲ့သည်ချည်းပါပဲ။

မောင်ကလည်း သူ့တာဝန်သူကျေရမယ်ဆိုပြီး အိမ်တစ် အိမ်ရဲ့ဝင်ငွေကို ဖန်တီးဖို့ကြိုးစားခဲ့လေသည်။ မိုးလင်းပြီ ဆိုတာ နဲ့ 'ညိုပြာ' ဆီကနေပိုက်ဆံတောင်းကာ ထွက်သွားလိုက်သည်မှာ ညမိုးချုပ်မှပဲ မောင့်မျက်နှာကိုပြန်မြင်ရပါတော့သည်။

မောင့်လက်ထဲမှာ ငွေတွေများစွာပါလာတဲ့နေ့ရှိသလို တစ်ခါတလေ တစ်ပြားတစ်ချပ်မှတောင်မကျန်လို့ 'ညိုပြာ' က မောင်ငှားစီးလာတဲ့ တက္ကစီကိုငွေရှင်းပေးရတဲ့အဖြစ်တွေကလည်း မနည်းမနောပါ။

မောင်ဘာလုပ်နေသည်ဆိုတာ 'ညိုပြာ' မသိ။

သိရအောင်လည်း မောင်က 'ညိုပြာ' ကိုရေရေရာရာဘာ မှသေချာအောင်မပြောပြခဲ့ပါ။ မောင်ပြောဖူးတာကတော့ ဖွဲ့စား



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေသည်လို့ပြောတာပါပဲ။

ပါလာတဲ့ငွေတွေတဖြည်းဖြည်း လျော့နည်းလာပေမယ့်လည်း လက်ထဲမှာပစ္စည်းတွေကျန်နေသေးတဲ့အတွက် 'ညိုပြာ' ရဲ့စိတ်က ပူပင်မှုတော့သိပ်မရှိလှပေ။

ဒါပေမဲ့ မောင့်ကိုတည်ငြိမ်သောကိုယ်ပိုင်အလုပ်ကလေးတစ်ခုတော့လုပ်စေချင်နေမိသည်။ မောင်ပြောတဲ့ပွဲစားအလုပ်ဆိုတာ ဘာများသေချာရေရာလို့လဲ။

ပြီးတော့ 'ညိုပြာ' စိတ်ထဲ ဘဝင်မကျတာတစ်ခုရှိနေသေးသည်။ ပွဲစားဆိုတာကကိုယ့်အိတ်ထဲကပိုက်ဆံမပါဘဲနဲ့ နှုတ်ကထွက်သောလေကလေးနဲ့ပဲ လုပ်ကိုင်စားသောက်ကြတာမဟုတ်လား။

မောင့်ရဲ့ပွဲစားကတော့ တစ်မျိုးကြီးပါလား။ အိမ်ကငွေတွေလည်းပါသေးသည်၊ မြတ်တဲ့အချိန်ကတော့ထားပါတော့၊ ကုန်လာတဲ့အခါတွေဆို ယူသွားတဲ့ငွေတွေကို မောင်ဘာများလုပ်ပစ်လိုက်တာလဲ။

မေးလိုက်ရင်မောင့်စိတ်ထဲ တစ်မျိုးဖြစ်သွားမှာစိုးတာကြောင့် 'ညိုပြာ' ကသိချင်စိတ်ကို အောင့်အီးမြိုသိပ်ထားလိုက်ပါသည်။





တစ်နေ့တစ်နေ့မောင်က အပြင်ထွက်လိုက်၊ 'ညိုပြာ' တစ်ယောက်တည်း အိမ်မှာယောင်ချာချာနဲ့ကျန်နေခဲ့လိုက်ဆိုတော့ ဘဝကကြာလာတော့ ပျင်းစရာကောင်းလာခဲ့ရပါသည်။

'ညိုပြာ' လည်းအလုပ်တစ်ခုခုတော့ လုပ်မှဖြစ်ပါမည်။ ပါလာတဲ့ပိုက်ဆံတွေကိုထိုင်စားနေရင် စည်းစိမ်ပြုတ်ပြီးမွဲသွားဖို့ပဲရှိတော့မည်။

မောင့်ကိုတိုင်ပင်ကြည့်လိုက်တော့...

"မောင်တစ်ယောက်လုံး ရှာဖွေနေတာပဲကွာ... အချစ်က အပြင်ထွက်ပြီး ဘာလုပ်မှာလဲ... မောင်စိတ်မချပါဘူး... အိမ်မှာပဲနေနေ... အလုပ်ထွက်မလုပ်ရဘူး... မောင်မကြိုက်ဘူး"

မောင်က 'ညိုပြာ' ကိုခပ်တင်းတင်းဖက်ကာ အနမ်းတွေနဲ့ပြောခြင်းဖြစ်သည်။ 'ညိုပြာ' သက်ပြင်းကိုချလိုက်ရင်း—

"မောင်ကလည်းကွာ... မောင်လုပ်နေတဲ့အလုပ်ကအမြဲတမ်း ဝင်ငွေကောင်းနေတာမှမဟုတ်တာ... 'ညိုပြာ' က ပုံမှန်ဝင်ငွေလေးတစ်ခုရစေချင်လို့ပြောနေတာ... ပုံမှန်ဝင်ငွေလေးရှိနေတော့ ရှေ့ရေးအတွက်ဘာမှပူပင်စရာမလိုဘူးလေ— 'ညိုပြာ' ပြောတာသဘောပေါက်လား"

မောင်က စဉ်းစားသလိုလုပ်ရင်း...



www.burmeseclassic.com

www.burmeseclassic.com



"ပုံမှန်ဝင်ငွေလိုချင်တယ်ဆိုရင်တော့ ငွေတိုးပေးစားလိုက်ပေါ့... မောင့်သူငယ်ချင်းတွေလည်း ဒီလိုမျိုးလုပ်စားထားကြတာပဲ... အချစ်စိတ်ဝင်စားတယ်ဆိုရင်တော့ မောင်ပြောပေးမယ်"

"မောင့်လူပေွကမိတ်ချရရဲ့လား... တချို့တွေကအစက လေးပဲအတိုးပေးတာမှန်တာ... နောက်ပိုင်းကျရင် မပေးတော့ဘဲ ပေးထားတဲ့ငွေရင်းကိုပါ ဘတ်ပစ်လိုက်ကြတာ... 'ညိုပြာ' ကတစ်ခုခုကိုယ်ပိုင်စီးပွားရေးပဲလုပ်မလားလို့ စဉ်းစားနေတာ... ဆိုင်ကလေးပဲဖြစ်ဖြစ် ဖွင့်မလို့လေ"

"အပြင်ထွက်ပြီးအလုပ်လုပ်ရမှာကို မောင်ခွင့်မပြုပါဘူးကွာ... မလုပ်ရဘူး... ပြီးတော့မောင်နဲ့တွဲနေတဲ့လူတွေကလည်းတကယ့်ကိုဒိတ်ဒိတ်ကျဲလူတွေကြီးပဲ... အချစ်ပြောသလိုမျိုးဖြစ်မှာကိုမဟုတ်ဘူး... အချစ်ကဘယ်လောက်လောက် ထည့်ချင်လို့လဲ"

"သြော် လက်ထဲမှာပစ္စည်းလေးနည်းနည်းပါးပါးချန်ထားပြီး ကျန်တာတွေကိုထုပြီး အကုန်ထည့်ထားလိုက်မှာပေါ့... ငွေများများထည့်တော့ အတိုးများများရတာပေါ့"

"ဘယ်တော့လောက် ထည့်မှာလဲ"

"မောင်အားတဲ့တစ်နေ့ ပစ္စည်းတွေသွားထုတ်ကြမယ်





လေ... ပြီးမှထည့်လို့ရမှာပေါ့"

"အချစ်လုပ်ချင်တယ်ဆိုရင် မောင်ဒီနေ့အပြင်မထွက်တော့ဘူးလေ... အဲ့ဒီကိစ္စတွေအပြီးလုပ်လိုက်တာပေါ့... မကောင်းဘူးလား"

"ကောင်းတယ်... ဒီနေ့တစ်နေ့လုံး မောင်အပြင်မထွက်နဲ့တော့... အပြင်မှာပဲနှစ်ယောက်လျှောက်လည်လိုက်တော့မယ် ထမင်းလည်းအပြင်မှာပဲစားမယ်နော်"

"အချစ်သဘောပဲကွာ"

ချိုမြနေတဲ့မောင့်မျက်နှာကိုကြည့်ပြီး 'ညိုပြာ' ရင်ထဲကျေနပ်လိုက်တာ မပြောပါနဲ့တော့။ သြော် မိဘတွေနဲ့လည်းဝေးခဲ့ရပြီဆိုတော့ 'ညိုပြာ့' ဘဝရဲ့အားကိုးရာသည် မောင်တစ်ယောက်တည်းပဲရှိတော့သည်မဟုတ်လား။

'ညိုပြာ' နဲ့မောင်နဲ့ ရွှေဘုံသာလမ်းသို့လာခဲ့လိုက်ကြသည်။ ပစ္စည်းဆိုတာ ကိုယ်ဝယ်ရင်တန်ဖိုးကြီးကြီးပေးရပေမယ့်ပြန်ရောင်းတဲ့အခါဆိုရင်တော့ အနိမ့်ဆုံးဈေးကို ပေးဝယ်ကြတာဈေးသည်တွေရဲ့ ထုံးစံပဲထင်ပါရဲ့။

'ညိုပြာ' က ငွေကိုပိုလိုချင်တာကြောင့် ဆိုင်ပေါင်းနှံ့အောင်လိုက်မေးကာ ဈေးကိုညှိနေမိသည်။ မောင်က စိတ်ရှည်စွာမရှ



www.burmeseclassic.com

www.burmeseclassic.com



"'ညိုပြာ' ကကွာ... ဆိုင်တကာလျှောက်သွားပြီး ဘာတွေမေးနေမှန်းကိုမသိဘူး... ရောင်းမယ်ဆိုတာဆုံးဖြတ်ပြီးနေမှတော့ တစ်ခါတည်းနဲ့စိတ်ဖြတ်ပြီး ရောင်းလိုက်တာမဟုတ်ဘူး... ပစ္စည်းတွေကိုင်ပြီး ဟိုဆိုင်ပြဒီဆိုင်ပြနဲ့ကိုယ့်ပစ္စည်းနဲ့ကိုယ်သိက္ခာတောင်ကျသေးတယ်"

"အို ကိုယ့်ပစ္စည်းကိုယ်ရောင်းတာပဲမောင်ရဲ့... ဘာ့ယ်သူကိုအားနာနေရမှာလဲ... ဈေးပိုရတဲ့ဆိုင်မှာရောင်းမှာ ငွေပိုထွက်လာမှာပေါ့... အခုပဲကြည့်လေ... ဆိုင်လေးဆိုင်လောက်သွားတာဈေးလေးမျိုးထွက်နေတယ်မဟုတ်လား... ပိုပေးတဲ့ဆိုင်မှာရောင်းမှာပေါ့... မောင်ကိုယ်တိုင်လည်း ပွဲစားလုပ်နေတာပဲ... ဒီလောက်လေးသွားရတာကို မောင်ကသိက္ခာကျတယ်လို့ပြောတယ်ဟုတ်လား"

'ညိုပြာ' မောင့်လေသံတွေကို နားထောင်ပြီး အံ့ဩနေမိတာပါ။ ပွဲစားဆိုတဲ့လူမျိုးက ကိုယ်ပွဲခရဖို့အတွက် နေရာပေါင်းစုံသွား၊ စကားမျိုးစုံပြောကာ အလုပ်လုပ်နေရတဲ့သူတွေမဟုတ်လား။

ဒီလိုလူမျိုးက အခု 'ညိုပြာ' ဈေးစုံစမ်းနေတာကိုသိက္ခာကျတယ်လို့ပြောတာ ဆန်းပြားမနေဘူးလား။ မောင်လုပ်တာဘာ





ပွဲစားများလဲ။ 'ညိုပြာ' မျက်နှာက ခပ်မှုန်မှုန်လေးဖြစ်လာခဲ့ရသူ့အများကို သူပြန်တွေ့သည်လားမပြောတတ်၊ မောင့်လေသံက ပြန်ပျော့ပျောင်းလာသည်။

"မောင်ပြောချင်တာက အချစ်ပင်ပန်းမှာစိုးလို့ပြောလိုက်တာ... ငွေကိုတော့မောင်လည်းပိုလိုချင်တာပေါ့... ကဲ ကဲအချစ်မကျေနပ်သေးရင်လည်း တခြားဆိုင်တွေရှိပါသေးတယ်... သွားမေးကြည့်ကြတာပေါ့"

"နေပါစေတော့... အခုဒီဆိုင်ပေးတဲ့ဈေးကို 'ညိုပြာ' သဘောကျပါတယ်... ဒီဆိုင်မှာပဲရောင်းလိုက်တော့မယ်"

'ညိုပြာ' ဝတ်ဖို့အတွက် တစ်စုံစာလောက်ပဲချန်ပြီး ဝါလာတဲ့ပစ္စည်းတွေမှန်သမျှကို ရောင်းလိုက်တာဖြစ်သည်။ သိန်းငါးဆယ်ကျော်ကျော်ရပါသည်။

ပစ္စည်းတွေရောင်းလို့ရတဲ့ ငွေထုပ်ကြီးကိုကိုင်ပြီးမောင့်မျက်နှာက ကျေနပ်မှုတွေနဲ့ဝင်းပလို့နေလေသည်။ 'ညိုပြာ' ကတော့ စဉ်းစားနေမိသည်။

အိမ်ကပါလာတုန်းက ဒီ့ထက်မကပိုတဲ့ ငွေတွေနဲ့အခါး

မန္တလေးမှာ 'ညိုပြာ' တို့နှစ်ယောက်သွားလျှောက်ကြတုန်းကလည်း မင်္ဂလာဦးအစရက်တွေမို့ အပျော်လွန်ပြီးသုံးခဲ့



www.burmeseclassic.com

www.burmeseclassic.com



တွေကို သုံးလိုက်ဖြုန်းလိုက်ကြတာ မနည်းမနောပါ။

ဟိုတယ်ပေါင်းစုံမှာတည်းပြီး ခရီးပေါင်းစုံကိုထွက်ပစ်လိုက်တာ ပါလာတဲ့ငွေတွေအတော်လျော့သွားခဲ့ပါပြီ။ အခုတစ်ခါငွေတွေကုန်သွားလို့ ပစ္စည်းတွေကို ထုတ်ရောင်းလိုက်ရပြန်ပြီဆိုတော့ ရှေ့ရေးအတွက် စဉ်းစားရတော့မည်။

ဒီငွေတွေကုန်ရင် ထပ်ပြီးရောင်းချစရာမရှိတော့ပါ။

လက်ထဲမှာရှိနေတဲ့ငွေကို ပွားများအောင်ပဲ ဖန်တီးနိုင်မှဖြစ်တော့မည်။ 'ညိုပြာ' ကတော့စိတ်ကူးထားသည်။ ဒီငွေတွေအကုန်လုံးကို မောင့်လက်ထဲထည့်ပြီး အတိုးပေးစားဖို့စိတ်မကူးပါ။

တစ်ဝက်လောက်ကို 'ညိုပြာ' ပြန်ယူထားပြီး စီးပွားရေးတစ်ခုခုလုပ်ဖို့ဆုံးဖြတ်ထားသည်။ မောင့်ဘက်ကမကျေနပ်တော့လည်း ချော့ပြောရတော့မည်ပေါ့။

'ညိုပြာ' နဲ့မောင် တစ်ယောက်လက်တစ်ယောက်ဆုပ်ကိုင်ပြီး ကားလမ်းကိုဖြတ်ကူးလိုက်စဉ် တစ်ဖက်ပလက်ဖောင်းမှာရှိတဲ့ လူတွေအုံနေသောဆေးခန်းတစ်ခုအတွင်းကနေ 'ဖြူပြာ' ကိုတွေ့လိုက်ရလေသည်။

ဒီလမ်းတလျှောက်လုံး ဆေးခန်းတွေအတော်များလှ၏။





လူနာတွေလည်း တန်းစီနေကြသည်။ 'ဖြူပြာ' ဆေးခန်းထဲက ထွက်လာတယ်ဆိုတော့ ဘယ်သူများဘာဖြစ်လို့လဲမသိပါ။

စိတ်ထဲကသိချင်ပေမယ့် မောင်ပါနေတာကြောင့်မေးမြန်းချင်ဟန်ဆောင်ပြီး ထွက်သွားဖို့စိတ်ကူးထားလိုက်ပေမယ့် တံဆိုးမှာဖြင့် 'ဖြူပြာ' က 'ညိုပြာ' ကိုမြင်သွားခဲ့ပါသည်။

တစ်နှစ်ကျော်ကျော် နှစ်နှစ်အတွင်း 'ဖြူပြာ' သည်လည်း အပျိုကြီးဖြစ်ကာ အလှသွေးတွေကြွယ်နေခဲ့ပြီပဲ။ ညီမဆိုတော့လည်း 'ညိုပြာ' ချက်ချင်းကြီးတော့ သံယောဇဉ်ပြတ်စွာလှည့်ထွက်လို့မသွားနိုင်ပါ။

မောင်က ရှေ့သို့ခြေလှမ်းဆက်မတိုးတော့တဲ့ 'ညိုပြာ'ကို စောင်းငဲ့ကြည့်ကာ...

"ဘာဖြစ်လို့လဲ... သွားမယ်လေ"

"ဟိုမှာ ညီမလေးကိုတွေ့လို့"

မောင်က 'ညိုပြာ' ကြည့်နေတဲ့ဆီကို လှမ်းကြည့်လိုက်ရင်း...

"တွေ့လည်းဘာဖြစ်လဲကွာ... ကိုယ့်လမ်းကိုယ်ဆက်သွားရမှာပေါ့...သူတို့တွေစိတ်ထဲ အချစ်ကိုပြတ်နိုင်လို့အဆက်အသွယ်မလုပ်ဘဲနေတာ နှစ်ပဲချီနေပြီဥစ္စာ... သံယောဇဉ်ကိုဖြတ်ထားပါ



www.burmeseclassic.com

www.burmeseclassic.com



ကွာ... အဓိကက မောင်နဲ့အချစ်နဲ့ပဲ... ဘယ်သူကမှမောင်တို့ဘဝ ကိုကယ်တင်မှာမဟုတ်ဘူး"

မောင်ပြောတဲ့စကားတွေ မှန်တယ်မှားတယ်ဆိုတာမသိ သေးခင် 'ညိုပြာ' ခြေလှမ်းတွေက မောင်ဆွဲခေါ်တဲ့နောက်သို့ပါ နေရပြီဖြစ်သည်။

'ဖြူပြာ' က 'ညိုပြာ' တို့နှစ်ယောက်ဆီ အပြေးကလေး လှမ်းလာခဲ့ပါသည်။

"မမကြီး... မမကြီး... "

'ညိုပြာ' ခြေလှမ်းကိုရပ်ပစ်လိုက်ပါသည်။ မောင်ကဆွဲ ခေါ်နေပေမယ့်လည်း ကိုယ်ခန္ဓာကိုရွှေ့မသွားအောင် တောင့်ထား လိုက်မိသည်။

"'ဖြူပြာ'... နင်ဘယ်ကိုလာတာလဲ"

"ဖေဖေ့ကိုဆေးခန်းလာပြတာ..."

"ဟင် အဖေဘာဖြစ်လို့လဲ"

"ကျန်းမာရေးမကောင်းတာကြာနေပြီပဲ... မမကြီးဖေဖေ ကိုတွေ့သွားလိုက်ပါလား... အားရင်လည်းတစ်ခါတည်းအိမ်ကို လိုက်ရင်လည်းလိုက်ခဲ့လေ"

"ဟင့်အင်း..."





'ညိုပြာ' အဖေ့ကိုမတွေ့ချင်လို့မဟုတ်ပါ။ **မျက်နှာချင်း** မဆိုင်ရဲလို့ပါ။ လူချင်းမတွေ့ဘဲနေနေရရင် 'ညိုပြာ' **စိတ်ထဲသ** ယောဇဉ်ပြတ်နိုင်သလိုဖြစ်ပေမယ့် မျက်နှာချင်းဆိုင်တွေ့**လိုက်ရ** ရင်တော့ ငိုမိမယ်ထင်ပါရဲ့။

'ညိုပြာ' မိုက်ခဲ့တာ၊ စော်ကားခဲ့တာ၊ ရက်စက်ခဲ့တာကို ကိုယ်ကိုယ်တိုင်ပဲအသိဆုံးမဟုတ်လား။ အဖေ့ကို 'ညိုပြာ' မတွေ့ ရဲပါဘူး။

အဖေနေမကောင်းဘူးဆိုတဲ့အတွက် စိတ်ထဲမှာတော့ထိ ခိုက်သွားခဲ့ရသည်။ သမီးကြီးတစ်ယောက်အနေနဲ့ 'ညိုပြာ' ဘာ များလုပ်ပေးနိုင်တာရှိလို့လဲ။

တတ်နိုင်သလောက်တော့ 'ညိုပြာ' လုပ်ပေးချင်ပါသည်။ အဖေဘာများလိုအပ်သလဲမသိပါ။

"ခဏလေးပဲ လိုက်တွေ့လိုက်ပါ မမကြီးရယ်... **အဖေ့ကို** မြင်ရင် မမကြီးမှတ်မိမှာတောင်မဟုတ်ဘူး... အဖေလေပိန်သွား တာ အရိုးပေါ်အရည်တင်ပဲကျန်တော့တယ်... မမကြီးအိမ်ကထွက် သွားပြီးတည်းက အရက်တွေလည်းအရမ်း**သောက်တယ်** အမေလည်း တအားအိုတာပဲ... မမကြီး လိုက်ကြည့်**လိုက်ပါလား** မမကြီးကိုတွေ့ရင် အဖေတို့ဝမ်းသာမယ်နဲ့တူပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



'ညိုပြာ' စဉ်းစားနေဖြစ်သည်။

ဘာလုပ်ရင်ကောင်းမလဲ။ အဖေနဲ့လည်းတွေ့ချင်နေမိသည်။ 'ညိုပြာ' လက်ထဲမှာအခုငွေတွေရှိနေတဲ့အတွက် အဖေ့ကိုငွေနဲ့လည်း ကန်တော့လိုက်ချင်ပါသေးသည်။

ရှင်းရှင်းပြောရရင် 'ညိုပြာ' သုံးစွဲနေတဲ့ ငွေတွေသည် အဖေတို့ကြောင့်ရလာတဲ့ငွေတွေပါ။ 'ညိုပြာ' ရဲ့အစွမ်းအစနဲ့ပတ်သက်ပြီး ရလာတဲ့ငွေတွေမဟုတ်။

အခုကျန်းမာရေးချို့တဲ့နေတဲ့အချိန်မှာ 'ညိုပြာ' ဘက်ကတတ်နိုင်သလောက် အဖေ့ကိုငွေဆယ်သိန်းလောက်ပေးလိုက်ချင်သည်။

"ငါ့ကိုတွေ့ရင် အဖေဝမ်းသာပါ့မလားဟင်"

'ညိုပြာ' အသံတွေ တုန်နေရသည်။

"ဝမ်းသာမှာပေါ့ မမကြီးရဲ့... ဘယ်မိဘမဆိုကိုယ့်သားသမီးကိုမတွေ့ချင်မမြင်ချင်ဘဲနေပါ့မလား... စိတ်ဆိုးလည်းခဏပေါ့... အခုလိုကျန်းမာရေးမကောင်းတဲ့အချိန်မျိုးဆို ပိုပြီးတောင်တွေ့ချင်ဦးမှာ လာ လိုက်ခဲ့"

'ဖြူပြာ' ဆွဲခေါ်တဲ့နောက်ကိုလိုက်ဖို့ပြင်ရင်း 'ညိုပြာ' ကမောင့်လက်ထဲက ငွေထုပ်ကိုပါ လှမ်းဆွဲယူလိုက်ပါသည်။





မောင်က 'ညိုပြာ' ကိုခပ်တင်းတင်းစိုက်ကြည့်ထား—

"ဘာလုပ်တာလဲ... အဖေကိုသွားတွေ့တာ ဒီဟာတွေ လုပ်ဖို့လဲ"

'ဖြူပြာ' ရှိနေတာကြောင့် မောင့်ဆီကနေငွေပေးပါဆိုပြီး တောင်းဖို့ခက်ခဲနေရလေသည်။ တွန့်တိုနေပုံရသောမောင့်ရဲ့လုပ်ရပ်အတွက်လည်း ဘေးလူသိမှာကို ကြောက်နေတာလည်းပါသည်။

"မောင်ကလည်း... အဖေ့ကိုကန်တော့မလို့လေ...အကုန်မဟုတ်ပါဘူး"

'ညိုပြာ' လေသံကတကယ့်ကို တိုးတိုးကလေးနဲ့ခယယကလေးဖြစ်သည်။ မောင်က ခေါင်းကိုခါရင်း...

"မလိုပါဘူး... မင်းကိုတွေ့ရင်တောင် ရိုက်မလွှတ်ရင်ကံကောင်း... သွားပဲသွားတွေ့ကြည့်ပါဦး... အဆင်ပြေရင်လာပြန်ယူ နင်မို့ဆိုလူတွေအများကြီးရှေ့မှာ အရှက်ကွဲနေလိမ့်မယ်"

'ဖြူပြာ' က ဖြစ်ပျက်နေတဲ့အခြေအနေတွေကို ရိပ်မိပုံရပါသည်။

"ငွေမလိုပါဘူး မမကြီးရယ်... လူပဲလိုတာပါ... ငွေရေးကြေးရေးနဲ့ပတ်သက်လို့လည်း မပူရပါဘူး... 'ကိုညီ' တို့ပဲအားလုံး



www.burmeseclassic.com

www.burmeseclassic.com



အဆင်ပြေအောင်လုပ်ပေးနေပါတယ်... အခုလည်း အမေ့နားမှာ 'ကိုညို' ရှိနေတယ်"

"ဟင် 'ကိုညို' ပါပါတယ်"

"ပါတယ်လေ... အမေ့ကိုတွဲဖို့အတွက် 'စာနည်' နဲ့အတူ 'ကိုညို' ကပါအဖော်လိုက်လာပေးတာ"

'ညိုပြာ' စိတ်ကိုလျှော့ချလိုက်မိသည်။ အမေ့ကိုတွေ့ဖို့ဆိုတာ မဖြစ်နိုင်တော့ပါ။ 'ကိုညို' နဲ့ဘယ်လိုရင်ဆိုင်ရမှာလဲ။

'ညိုပြာ' ဘက်က ဒီလောက်အထိတော့ မျက်နှာပြောင်မတိုက်ရဲတာသိပ်ကိုသေချာပါသည်။ 'ဖြူပြာ' ဆုပ်ကိုင်ထားတဲ့လက်ကိုဖြုတ်လိုက်ရင်း...

"ငါမလိုက်တော့ဘူး... နောက်ကြုံမှပဲအမေနဲ့တွေ့တော့မယ်... အခု ငါတို့သွားတော့မယ်"

"မမကြီး... ကြုံမယ်ဆိုတာဘယ်တော့လဲ... အမေ့အခြေအနေမကောင်းဘူးလို့ 'ဖြူပြာ' ပြောနေတယ်နော်... ခဏလေးလိုက်တွေ့ရမှာကို မမကြီးဘာဖြစ်နေတာလဲ"

"ဟင့်အင်းဟာ"

"တကယ်ဆို အမေကအပြစ်လုပ်ထားတာမဟုတ်ပါဘူး မမကြီးပဲ စိတ်တိုင်းကျလုပ်သွားခဲ့တာပါ... မိသားစုဆိုတဲ့စိတ်က





လေးရှိသေးရင် ခဏကလေးပဲဖြစ်ဖြစ် မမကြီးအမေနဲ့ဝင်တွေ့လိုက်ပါ... ကျန်တာတွေကို ခေါင်းထဲမှာထည့်မထားပါနဲ့"

'ဖြူပြာ' မျက်ဝန်းမှာမျက်ရည်တွေ ဝေ့သီလာသလိုလေသံတွေကလည်း တုန်လာရသည်။ 'ညိုပြာ' လည်းအမေနဲ့သိပ်ကိုတွေ့ချင်ပါသည်။

ဒါပေမဲ့ 'ကိုညို' ပါလာတယ်ဆိုတဲ့အတွက်ကြောင့် တွေ့ဖို့မဖြစ်နိုင်တော့ပါ။ 'ဖြူပြာ' ကိုလည်းသနားသည်။

"လာပါ မမကြီးရဲ့... ခဏကလေးပဲဟာကို"

"ဟင့်အင်းဟာ ငါသွားတော့မယ်... ငါမတွေ့ချင်တော့ဘူး"

'ညိုပြာ' သည် 'ဖြူပြာ' ရဲ့လက်ကိုဆောင့်ဖြုတ်ချလိုက်ကာ မောင့်လက်ကိုဆွဲပြီး ခပ်မြန်မြန်ထွက်ချလာခဲ့လိုက်သည်။ မောင်ကလည်း ဘယ်လောက်တောင် ဒီနေရာကနေသွားချင်နေသည်မသိ။

မပြေးရုံတမယ်ခြေလှမ်းတွေဖြင့် 'ညိုပြာ' လက်ကိုဆွဲပြီးသွားနေပါသည်။ ခပ်ဝေးဝေးရောက်မှ သံယောဇဉ်မပြတ်နိုင်စွာဖြင့် 'ညိုပြာ' အနောက်သို့ပြန်လှည့်ကြည့်လိုက်မိသည်။

'ဖြူပြာ' တစ်ယောက် ရှုပ်ယှက်ခတ်နေတဲ့လူတွေကြား



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ ကြောင်ပြီးရပ်နေဆဲပဲဖြစ်သည်။ သူ 'ညိုပြာ' တို့ကိုလိုက်ကြည့်နေတာပါ။

သူ့မျက်ဝန်းတွေက ဝမ်းနည်းမှုအစား စိမ်းလက်နေတာဘာကြောင့်များလဲမသိပါ။



## ၁၇

အဖေကိုစိုက်ကြည့်ပြီး တသိမ့်သိမ့်ရှိုက်ငိုနေသော 'ဖြူပြာ' ကို 'ကိုညီ' က စိတ်မကောင်းသလိုငေးကာကြည့်နေလေသည်။ ကြည့်နေယုံပဲတတ်နိုင်ပါသည်။

'ဖြူပြာ' ဖြစ်ချင်တာကို ကိုယ့်ဘက်ကမလိုက်လျောပေးနိုင်တဲ့အတွက် စိတ်တော့လည်းမကောင်းပါ။ ဒါပေမဲ့လည်းဘယ်တတ်နိုင်ပါ့မလဲ။

'ဦးသာဖ' ကတော့ ကုတင်ပေါ်မှာ မှိန်းနေလေသည်။

"အဖေ့အခြေအနေမကောင်းတော့ဘူး 'ကိုညီ' ရယ်...သူ့ရင်ထဲမှာဘာဖြစ်ချင်နေတယ်ဆိုတာ 'ဖြူပြာ' သိတယ်... 'ဖြူပြာ'



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလုပ်ပေးရမလဲ… အဖေ့အနားမှာလည်းနေချင်တယ်… သူ့ဖြစ်ချင်တဲ့ဆန္ဒကိုလည်းဖြည့်ဆည်းပေးချင်တယ်… 'ဖြူဖြူ' ဘာလုပ်ရမလဲ"

'ဖြူဖြူ' မှာခဏခဏငိုနေရလွန်းလို့ မျက်လုံးတွေလည်း ဖောင်းမို့နေပြီ။ အမေနဲ့မောင်လေးကတော့ 'ဖြူဖြူ' ဖြစ်ချင်တဲ့ဆန္ဒကိုလိုက်လျောချင်ပုံမရ။

အဖေ့အတွက်လိုအပ်မယ်ထင်တဲ့ ခရောတွေကိုသာသူတို့ ဖါသာလုပ်ကိုင်ပေးနေကြသည်။ 'ဖြူဖြူ' ကတော့ ပါးစပ်ကဖွင့် မပြောပေမယ့် အဖေ့ရင်ထဲကဖြစ်ချင်နေတဲ့ဆန္ဒကိုသိနေတဲ့အတွက်ဖြည့်ဆည်းပေးချင်မိတာဖြစ်သည်။

မမကြီးကို အဖေသိပ်တွေ့ချင်နေသည်။ သူ့သမီးကြီး ဘယ်မှာရှိနေတယ်၊ ဘယ်လိုနေထိုင်နေသည်ဆိုတာကို မသိရမချင်း လောကကြီးကနေ စိတ်ဖြောင့်ဖြောင့်နဲ့ အဖေထွက်သွားလို့ မရဘူးလားမသိပါ။

ရောဂါပြင်းထန်နေသည့်ကြားထဲကနေ စိတ်ဓါတ်ကို တင်းထားဆဲပဲဖြစ်သည်။ ဖြစ်နိုင်ရင် 'ဖြူဖြူ' ကိုယ်တိုင်မမကြီး နေတဲ့နေရာအထိကို သွားလိုက်ခေါ်ချင်ပါသည်။

ပထမနေတဲ့နေရာကို သွားစုံစမ်းကြည့်ပြီးပြီ။ ပြောင်းသွားတာကြာပြီဆိုတဲ့သတင်းစကားကိုပဲ ကြားရပြီး ဘယ်ရောက်နေသည်ဆိုတာကို ဘယ်သူ့ကမှ ရေရာသေချာစွာမပြောနိုင်ကြပါ။

'ဖြူဖြူ' ဘက်ကတတ်နိုင်သလောက် စုံစမ်းမေးမြန်းခြင်း ပြုပေမယ့်လည်း မမကြီးနဲ့ပတ်သက်လို့ သတင်းအစအနလေး တောင်မရတာမို့ စိတ်ဓါတ်တွေကျနေရသည်။

'ကိုညီ' ကိုလည်းအကူအညီတောင်းလို့မကောင်းပါ။

တစ်ခါဆိုတစ်ခါဆိုသလောက် မမကြီးနဲ့ပတ်သက်ပြီး ဒဏ်ရာတွေရထားတဲ့သူဆိုတော့ 'ဖြူဖြူ' နှုတ်ကပြောလို့မထွက်ချေ။

စိတ်မနာကြည်းနိုင်ဘဲ 'ဖြူဖြူ' တို့မိသားစုအပေါ်ဆက် လက်ကူညီနေတာကိုပဲ ကျေးဇူးတွေတင်နေရတဲ့အဖြစ်ပါ။မမကြီး ကလည်း ရက်စက်လွန်းပါသည်။

ဟိုအရင်တစ်ခါ အဖေ့ကိုဆေးခန်းပြတုန်းက လိုက်တွေ့ လိုက်ရင် အဖေ့အနေနဲ့လည်း သမီးကြီးနဲ့တွေ့လိုက်ရတဲ့အတွက် စိတ်ထဲအနည်းငယ်ဖြေသာနိုင်သေးသည်။

ထိုအဖြစ်အပျက်ကို အမေ့တို့အားပြောပြတော့ ထွက် ပြေးသွားတယ်ဆိုတဲ့လုပ်ရပ်ကို အတော်ကလေးမုန်းတီးသော မမ







www.burmeseclassic.com

www.burmeseclassic.com



ကြီးကို ထပ်မှန်းသွားကြပြန်သည်။ အမေ့စကားကပြတ်သားပါသည်။ အဖေဆုံးသွားရင်လည်း အကြောင်းကြားစရာမလိုသလို သူဆုံးသွားရင်လည်း သူ့အလောင်းကိုလာမ ကန်တော့ပါစေနဲ့တဲ့။

အမေ့ရင်ထဲ ဘယ်လောက်တောင် ကြေကွဲထိခိုက်နေသည်ဆိုတာကို စကားတွေနားထောင်ကြည့်ယုံနဲ့သိသာလှသည်။ 'ဖြူပြာ' လည်း ပြေရာပြေကြောင်းဝင်မပြောရဲချေ။

အဖေ့ရောဂါဆိုးသထက်ဆိုးပြီး နောက်ဆုံးအချိန်ရောက်လာတဲ့အခါမျိုးမှာတော့ မမကြီးအားလာတွေ့စေချင်ပါသည်။

'ဖြူပြာ' ဘယ်လိုလုပ်ရမလဲမသိ။ ဖြစ်ချင်ရာဖြစ်ဆိုပြီး အမေတို့မသိရအောင် သတင်းစာထဲကနေ မမကြီးနာမည်နဲ့တပ်ပြီး အဖေအသည်းအသန်ဖြစ်လို့ဆက်သွယ်ပါဆိုတဲ့ကြော်ငြာကို သုံးရက်ဆက်တိုက်ထည့်ထားတာ ဒီနေ့နဲ့ဆို သုံးရက်ပြည့်မြောက်သောနေ့ပေါ့။

မမကြီးဆီက ဘာဆက်သွယ်မှုမျိုးမှရောက်မလာတာ အံ့ဩဝမ်းနည်းဖို့တော့ကောင်းပါသည်။ 'ဖြူပြာ' လုပ်ရက်ကိုသိနေတဲ့ 'ကိုညီ' ကတော့ နှစ်သိမ့်ရှာသည်။

"လောကကြီးမှာ ကိုယ်ဖြစ်ချင်တိုင်းသာဖြစ်ခွင့်ရမယ်ဆိုရင် ဒုက္ခတို့သောကတို့ဆိုတဲ့စကားလုံးတွေတောင် ဖြစ်လာစရာ





အကြောင်းမရှိဘူး 'ဖြူပြာ' ရဲ့... စိတ်ကိုလျှော့ထားစမ်းပါ... မလာချင်တဲ့လူတစ်ယောက်ကို ဘာလို့မျှော်နေမလဲ... ဖြစ်နေတဲ့အခြေအနေကိုပဲအကောင်းဆုံးဖြစ်အောင် ကြိုးစားစမ်းပါ... နင့်ကိုကြည့်ရတာ အရမ်းရင်မောဖို့ကောင်းတယ်သိလား"

"'ဖြူပြာ' ရင်မောနေတာ 'ဖြူပြာ' အတွက်မဟုတ်ပါဘူး 'ကိုညီ' ရယ်... အဖေ့အတွက်ပါ... အဖေစိတ်ချမ်းသာသွားစေချင်လို့ပါ... မမကြီးလည်းအပြစ်တွေလျော့သွားစေချင်တယ်... သူ့ဘဝနဲ့သူဖြစ်နေပေမယ့် အဖေတစ်ယောက်လုံးသေသွားတာကိုတောင်မသိလိုက်ဘူးဆိုတဲ့အဖြစ်မျိုး မရောက်စေချင်လို့ပါ"

'ဖြူပြာ' ပြောရင်းဝမ်းပမ်းတနည်း ငိုချလိုက်မိသည်။ အခန်းထဲမှာဆိုရင် အဖေကြားပြီးစိတ်မကောင်းဖြစ်မှာစိုးလို့ အခန်းအပြင်သို့ထွက်နေမိခြင်းဖြစ်သည်။

'ကိုညီ' က ခေါင်းကိုခါရမ်းရင်း...

"တကယ်ဆိုရင် သူသိတတ်ရမှာပေါ့... မိဘတွေဘယ်မှာနေနေတယ် ဘယ်လိုတွေဖြစ်နေတယ်ဆိုတာကို သမီးကြီးတစ်ယောက်အနေနဲ့ သူအမြဲတမ်းစုံစမ်းနေရမယ်... အပြစ်လုပ်သွားတဲ့လူတစ်ယောက်က အမြဲတမ်းသူ့အပြစ်တွေကျေအောင်အဖို့ကြိုးစားနေရမှာမဟုတ်ဘူးလား... နင့်အစ်မက အဖေ့ဆေးခန်းပြ



www.burmeseclassic.com

www.burmeseclassic.com



တာကိုတောင်မှ ပူပင်စိတ်နဲ့မကြည့်နိုင်ဘဲ ထွက်ပြေးသွားသေးတာ သေသွားရင်လည်းလာဖို့စိတ်ကူးမယ်မထင်ပါဘူး… မျှော်နေရင် နင်ပဲပင်ပန်းယုံပဲရှိမယ်"

"အဲ့ဒီလောက်အထိတော့ မမကြီး စိတ်ပြတ်နိုင်မယ် မထင်ပါဘူး… သူလာချင်ရင်လာချင်လိမ့်မယ်… 'ကိုညီ' တို့နဲ့ရင်မဆိုင်ရဲလို့ဖြစ်လိမ့်မယ်"

"လုပ်ချင်ရာလုပ်သွားတဲ့လူတစ်ယောက်က ရင်မဆိုင်ရဲတာတို့ဘာတို့ဖြစ်မတဲ့လား… ဝေးပါသေးတယ်… နင်အခုလုပ်ရမှာက ကိုယ့်အဖေနားကိုယ်နေပြီးသေချာပြုစုနေ… နင့်အစ်မကိုမျှော်နေလို့ဘာမှအကျိုးမရှိဘူး"

'ကိုညီ' ပြောသလိုပဲအဖေ့အနားပြန်လာကာ ဘုရားစာတွေရွတ်ပေးနေမိသည်။ အဖေ့ရဲ့အသက်ရှူသံပြင်းပြင်းက နားထဲမှာ စိတ်ထိခိုက်စရာကောင်းလှအောင် ကြားနေခဲ့ရသည်။

အမေလည်းငိုနေသလို၊ 'ဇာနည်' လည်းအဖေ့ကိုနှိပ်နယ်ပေးရင်း မျက်ရည်တွေကျနေလေသည်။ အဖေကသူ့ဘေးမှာရှိသောလူတွေကိုလိုက်ကြည့်နေပြီး တစ်စုံတစ်ယောက်ကိုရှာနေသလိုမျိုး မျက်လုံးကလေးက လှုပ်ရှားနေသည်။

အဖေရယ်၊ ရှာမနေပါနဲ့၊ အဖေရှာနေတဲ့သူက ရောက်





လာမှာမဟုတ်ပါဘူး။ အဖေရှာနေရင် အဖေဝဲရင်ခေါ်ရထဲ့ပဲရှိတော့မှာပေါ့။

" 'ကိုသာဓ' ရှင်ဘာပြောချင်တာလဲ… ပြောချင်တာရှိရင်ပြောလေ… ကျွန်မတို့အတွက်ဘာမှမပူနဲ့သိလား… အားလုံးအဆင်ပြေပြေနေသွားနိုင်တယ်… 'ဖြူဖြူ' လည်းသူ့အလုပ်နဲ့သူအဆင်ပြေနေပြီလေ… 'ဇာနည်' လည်းရှင်ဖြစ်ချင်တဲ့ဆရာဝန်ဖြစ်မှာပါ… ရှင်စိတ်ပူစရာမရှိဘူးနော်"

အဖေက ခေါင်းခါပြသည်။ အဖေစိတ်ပူနေတာတခြားတစ်ယောက်ဆိုတာ အမေသိပေမယ့်လည်း အမေ့နှုတ်ကထွက်မလာချေ။

"အဖေပြောလေ… 'ဖြူဖြူ' နားထောင်ပေးမယ်… အဖေဘာဖြစ်ချင်တာလဲ…"

အဖေ့ပါးပေါ်မျက်ရည်တွေ စီးကျလာခဲ့သည်။ အို အဖေဘာလို့များငိုနေရတာလဲ။ ဘာတွေများတွေးပြီး ဝမ်းနည်းနေရတာလဲ အဖေရယ်။

'ဖြူဖြူ' ကြိုးစားပါသေးတယ်။ အဖေဖြစ်ချင်တဲ့ဆရာတစ်ခုပြည့်ဝအောင် ကြိုးစားပါသေးတယ်။ ခုချိန်ထိလည်းလွင့်နေဆဲပါပဲ အဖေရယ်။



www.burmeseclassic.com

www.burmeseclassic.com



ရောက်မလာတဲ့သူတစ်ယောက်ကို 'ဖြူဖြာ' ဘယ်နေရာကနေ သွားဆွဲခေါ်လာပေးရမလဲ။

"အဖေ..."

အဖေ့မျက်လုံးရုတ်တရက်မှိတ်သွားကာ အသက်ရှူတာလည်းရပ်တန့်သွားချိန်မှာတော့ 'ဖြူဖြာ' ငိုသံကြီးကအကျယ်ကြီးထွက်သွားရပါတော့သည်။

"အမယ်လေး... အဖေ့ကိုကြည့်ပေးကြပါဦး... လုပ်ပါဦး 'ကိုညီ' ရဲ့... အဖေအသက်လည်းမရှူတော့ဘူး... 'ဖြူဖြာ' တို့ကို ကယ်ပါဦး... အဖေဖြစ်ချင်တဲ့ဆန္ဒတစ်ခုမပြည့်သေးဘဲနဲ့ အဖေ့ကိုမသေစေချင်သေးဘူး... မမကြီး... မမကြီး ဘယ်ရောက်နေလဲ အဖေသေပြီ မမကြီးရဲ့... အီးဟီး ဟီး"

'ဖြူဖြာ' အော်ဟစ်နေတာကို အမေကတားသည်။

"မခေါ်နဲ့... သူ့ကိုမခေါ်နဲ့... သူ့ကြောင့်ညည်းအဖေသေရတာသိရဲ့လား... မခေါ်စမ်းပါနဲ့ 'ဖြူဖြာ' ရယ်... အမေ့ရင်ထဲနာလွန်းလို့ပါ... 'ကိုသာခံ' ရှင့်စိတ်ထဲမျှော်လင့်မနေပါနဲ့... မလာတဲ့လူတစ်ယောက်ကို ရင်တမ်းတပြီးရှူးမသွားစမ်းပါနဲ့... ကျွန်မဘဝမှာသူမရှိတော့ဘူး"

အမေဘယ်လောက်ပဲပြောပြော ချစ်ခဲ့ဖူးတဲ့၊ အားကိုးခဲ့ဖူး





တဲ့ သမီးကြီးဖြစ်သူကို တွေ့ချင်နေတယ်ဆိုတာ 'ဖြူဖြာ' သိပါသည်။

'ဖြူဖြာ' လည်းတွေ့ချင်ပါသည်။ အိမ်ကိုနာရေးသတင်းမေးတဲ့ဧည့်သည်တွေများရောက်လာရင် မမကြီးများပါလာလေမလားဆိုတဲ့မျှော်လင့်ချက်ဖြင့် ကြည့်နေမိတတ်သည်။

ဒါပေမဲ့ မျှော်လင့်နေသူရဲ့အရိပ်အယောင်ကတော့ နည်းနည်းကလေးတောင် ပေါ်ထွက်လာခြင်းမရှိခဲ့ပါ။ အသုဘချတဲ့နေ့မှာတော့ အမေဟန်ဆောင်လို့မရတော့ဘူးနဲ့တူသည်။

အဖေ့အလောင်းကိုကြည့်ရင်း ရှိုက်ကာရှိုက်ကာငြာလေသည်။

"ရှင့်သမီးကြီးခုထက်ထိ ရောက်မလာသေးဘူး 'ကိုသာခံ' ရဲ့... ရက်စက်တယ်ဆိုတဲ့စကား သူ့အတွက်များထားခဲ့လေသလားမသိပါဘူး... ရှင့်ရဲ့နောက်ဆုံးခရီးကိုတော့ သမီးကြီးတစ်ယောက်အနေနဲ့ သူရောက်လာသင့်ပါတယ်လေ... အဖေဖြစ်တဲ့သူကိုယ်တောင် ကန်တော့ဖို့သတိမရတော့ဘူးလားမသိဘူး— ကျွန်မရင်တွေ ကွဲတော့မယ်ရှင့်"

အမေ့ကိုမနည်းဆွဲထားရပါသည်။ 'ဖြူဖြာ' ကတော့[illegible] လွန်းလို့ မျက်ရည်တွေခမ်းခြောက်သွားပြီလားမသိ[illegible]။ အ



www.burmeseclassic.com

ဖွေအလောင်းကိုသာ ငေးငေးကြီးစိုက်ကြည့်ပြီး ကြောင်နေမိ၏။

ငိုလည်းမငို၊ စကားလည်းမပြော၊ ကျောက်ရုပ်တစ်ရုပ်လိုဖြစ်နေတဲ့ 'ဖြူပြာ' ကို 'ကိုညီ' က ဘေးကနေဖြေသိမ့်စကားတွေပြောနေပေမယ့်လည်း နားထဲဝင်တယ်မထင်။

" 'ဖြူပြာ' စိတ်ကိုတင်းမထားနဲ့လေ… ငိုချင်ရင်လည်း ငိုချလိုက်ပါဟားကွာ… ဦးကိုကန်တော့ရင်လည်းကန်တော့ခလ တော်ကြာနေသယ်သွားကြတော့မှာ"

'ဖြူပြာ' ငေးကြောင်ကာသာ ရုပ်ကြည့်နေဆဲဖြစ်သည်။

တစ်ခါတစ်ခါ 'ဖြူပြာ' မျက်ဝန်းမှာ မမကြီးကိုရောက်လာတာကို မြင်သလိုရှိနေသည်။

အမေအော်ငိုနေတာ၊ 'စာနည်' ငိုယိုနေတာကိုကြည့်ပြီး အမြင်တွေမှုန်ဝါးကာ လူ့ကမ္ဘာမှူးနောက်လာသလိုရှိသည်။ အဖေ့ကိုလည်း မစွန့်လွှတ်လိုက်ချင်ပါ။

'ဖြူပြာ' ရင်ထဲစို့တင်းကျပ်ကာ လူကကတုန်ကရီဖြစ်လို့လာခဲ့ရသည်။

အဖေ့အလောင်းကို လူတွေသယ်မပြီးခေါင်းထဲထည့်စဉ်မှာတော့ 'ဖြူပြာ' ရဲ့အသံက အကျယ်ကြီးတိုးထွက်လာခဲ့သည်။

"အဖေ… အဖေထွက်မသွားပါနဲ့… 'ဖြူပြာ' တို့ကိုမထား





ခဲ့ပါနဲ့"

'ကိုညီ' ဆွဲထားတဲ့ကြားမှ 'ဖြူပြာ' အတင်းကာရောရုန်းထွက်နေမိသည်။ အားအင်တွေလည်း ဘယ်ကနေဘယ်လိုရောက်လာမှန်းလည်းမသိတော့ပါ။

'ဖြူပြာ' အသိစိတ်က အဖေ့ကို မမကြီးနဲ့ပေးတွေ့ချင်တာပါပဲ။ ဒါပေမဲ့ 'ဖြူပြာ' ဆန္ဒမပြည့်ဝခဲ့ပါ။ 'ကိုညီ' ရင်ခွင်ထဲမှာ ပျော့ခွေကာလဲကျပြီး သတိလစ်သွားခဲ့ရပါပြီ။



www.burmeseclassic.com

www.burmeseclassic.com

## ၁၈

အဖေဆုံးပြီးလေးလလောက်နေမှ အဖေဆုံးတယ်ဆိုတာကို 'ညိုပြာ' သိလိုက်ရပါသည်။ သိလိုက်တာကလည်း မြို့ထဲထွက်ရင်းနဲ့ အမှတ်မထင် 'ဒေါ်တင့်' နဲ့ဆုံလိုက်လို့ပါ။

'ဒေါ်တင့်' က 'ညိုပြာ' ကိုမမှတ်မိပေမယ့် 'ညိုပြာ' က တော့မှတ်မိပါသည်။ ဘတ်စ်ကားဂိတ်မှာကားစောင့်နေရင်း ကား ပေါ်ကဆင်းလာတဲ့ 'ဒေါ်တင့်' ကို 'ညိုပြာ' က စလှမ်းခေါ်လိုက် မိတာဖြစ်သည်။

'ဒေါ်တင့်' က 'ညိုပြာ' ကိုရှုးနေအောင်စိုက်ကြည့်ရင်း

" 'ညိုပြာ' မဟုတ်လား... ညည်း 'ညိုပြာ' လား"





"ဟုတ်တယ်လေ... 'ဒေါ်တင့်' ကိုမေးစရာလေးတွေရှိလို့ 'ဒေါ်တင့်' အချိန်ရရဲ့လား"

"ရပါတယ်... လာ အအေးဆိုင်တစ်ဆိုင်ထိုင်ပြီးစကား ပြောကြရအောင်"

'ဒေါ်တင့်' က 'ညိုပြာ' ကိုမမြင်ဖူးတဲ့လူတစ်ယောက် အလား အကဲခတ်ကာကြည့်နေသည်။ ဘြော် သူ မမှတ်မိလောက် အောင်လည်း 'ညိုပြာ' ရဲ့အလှနဲ့ဘဝက ပြောင်းလဲသွားခဲ့ပြီ မဟုတ်လား။

ဘဝမှာဖိမ်ကလေးနဲ့ နေနေရရင်တော့ 'ညိုပြာ' လှနေ နိုင်ဦးမှာဖြစ်ပေမယ့် ရုန်းကန်ရတဲ့လူတစ်ယောက်အဖို့ ဘယ်လို လုပ်ပြီး လှနိုင်ဦးတော့မှာလဲ။

'ညိုပြာ' အသားတွေနေလောင်ကာ ညိုမည်းသွားသလို စိတ်ညစ်မှုတွေများတဲ့အတွက် ရုပ်ရည်ကလည်း ရှိရင်းစွဲထက်ပို မိုရင့်ရော်ကာအိုသွားမည်ဆိုတာကို 'ညိုပြာ' သိနေပါသည်။

'ညိုပြာ' အခုဈေးထွက်ရောင်းနေသည်။ ဈေးပေါ်မှာ ကိုယ်ပိုင်ဆိုင်တစ်ဆိုင် ဖွင့်နိုင်တဲ့အရင်းအနှီးမရှိတော့တဲ့အတွက် လမ်းဘေးမှာပဲ အထည်ဆိုင်တစ်ဆိုင်ကို ဖွင့်ထားခဲ့ရသည်။

ထိုဆိုင်မှရသောအမြတ်ကလေးတွေနဲ့ပဲ အိမ်ရဲ့စရိတ်ကို



www.burmeseclassic.com

www.burmeseclassic.com



'ညိုပြာ' ဖန်တီးနေရသည်။ မောင့်ဆီကငွေကိုတော့ မမျှော်လင့်ချင်တော့ပါ။

သူတောင်မှ သူ့ဝင်ငွေနဲ့သူအနိုင်နိုင်သုံးစွဲနေရတဲ့သူဆိုတော့ 'ညိုပြာ' တောင်းလည်းမရမယ့်အတူတူ စိတ်မောပြီးဘယ်တောင်းချင်တော့မလဲ။

ဖြစ်ချင်နေတဲ့စိတ်တွေကိုလျှော့ချကာ ဖြစ်လာတဲ့အခြေအနေပေါ်မှာပဲ 'ညိုပြာ' ဘဝတစ်ခုကို အဆင်ပြေအောင်တည်ဆောက်နေမိတာဖြစ်သည်။

မျှော်လင့်ထားတာတွေဖြစ်မလာတဲ့အခါ ဘယ်လောက်ရင်မောရသည်ဆိုတာကို လက်တွေ့ခံစားရမှပဲ 'ညိုပြာ' သိတော့သည်။ အဲ့ဒီအတွက် 'ညိုပြာ' အပေါ်မှာမျှော်လင့်ချက်တွေထားခဲ့ဖူးတဲ့ မိဘတွေကိုသတိရကာ ပြန်ကိုယ်ချင်းစာမိပြီး သနားနေရသည်။

မောင့်ကိုယူလိုက်မိတာသည် မီးတောင်တစ်ခုကိုယူလိုက်မိတာနဲ့အတူတူပဲဆိုတာကို အချိန်အတော်ကြီးကြာမှ 'ညိုပြာ' သိလိုက်ရတဲ့အတွက် ပြန်ပြင်လို့လည်းမရတော့ပါ။

နောင်တဆိုတာမျိုးနဲ့လည်း ဘဝတစ်ခုကိုပြန်ပြင်ပြီး မတည်ဆောက်ချင်တော့ပြေ။ ကိုယ်လျှောက်ခဲ့တဲ့လမ်း ကိုယ်ရေးခဲ့





တဲ့သမိုင်းကို ကိုယ့်ဖါသာပဲဖန်တီးပစ်လိုက်ချင်တော့သည်။

စိတ်ဆင်းရဲတာကို ဂီတသံစဉ်တစ်ခုလို စိတ်ထဲမှာထားကာ 'ညိုပြာ' တစ်ယောက်တည်းစားဝတ်နေရေးအတွက် ရုန်းကန်လှုပ်ရှားနေမိသည်။

'ညိုပြာ' ဘဝမှာနေစရာရှိရင်၊ စားစရာရှိရင်၊ ပြီးတော့မောင်တစ်ယောက်ရှိနေရင် အားလုံးပြည့်စုံသည်လို့မှတ်ကာ မိဘတွေကိုလည်း အတင်းမေ့ပစ်ထားလိုက်မိသည်။

တစ်ခါတစ်ခါ စိတ်တွေအရမ်းညစ်လို့ အမေနဲ့အဖေဆီအပြေးသွားကာသူတို့ရင်ခွင်ထဲမှာ ငိုချလိုက်ချင်ပေမယ့် ကိုယ့်ကိုယ်တိုင်က သူတို့ရင်ခွင်ထဲကနေ စုံကန်ကာထွက်လာခဲ့ပြီးမှတော့ ပြန်ဝင်တော့လည်းဘာထူးတော့မှာလဲ။

ကိုယ့်အပြစ်ကိုယ်ခံဆိုတဲ့စိတ်မျိုးနဲ့ ကျနေတဲ့မျက်ရည်တွေကို ခေါင်းအုံးနဲ့ဖိသုတ်ပစ်ခဲ့ရတဲ့ အကြိမ်ကြိမ်တွေ ရေတွက်လို့တောင်ရနိုင်ပါဦးမလား။

ဘဝရဲ့ဒဏ်တွေများပြားနေတဲ့အချိန်မှာ အချစ်ဆိုတာသည်လည်း အလကားဖြစ်သွားသလို၊ နွေးထွေးမယ်လို့ထင်ထားတဲ့မောင့်ရင်ခွင်ဟာလည်း ရေခဲပြင်လိုပဲ အေးစက်လို့သွားခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'ညိုပြာ' အရမ်းကိုပင်ပန်းနေပါပြီ။ နေပူမိုးရွာမရှောင် လမ်းဘေးမှာ အော်ဟစ်ကာဈေးရောင်းရတဲ့ဘဝမျိုး ရောက်ရလိမ့်မယ်လို့ အိပ်မက်တောင်ယောင်လို့မမက်ဖူးခဲ့ပါ။

တကယ်ဖြစ်လာတော့လည်း ဘဝရဲ့ဒဏ်ကို ကြံ့ကြံ့ခိုင်အောင်ကြိုးစားနေခဲ့ရသည်။ 'ညိုပြာ' တစ်ယောက်တည်းဈေးဗန်းခင်းရသည်၊ ဈေးသိမ်းရသည်။

လက်မောင်းတွေပြုတ်ထွက်မတတ် အထည်တွေခေါက်နေပေမယ့်လည်း 'ညိုပြာ' အားကိုးတဲ့မောင်က ဘယ်ရောက်လို့ ဘယ်ပေါက်နေသည်မသိပါ။

မောင့်ကိုအားကိုးလို့မရတဲ့အတွက် ကောင်လေးတစ်ယောက်ကို နေ့စားသဘောမျိုးနဲ့ ဆိုင်မှာ 'ညိုပြာ' ခေါ်ထားလိုက်ရတော့သည်။

'ညိုပြာ' ဘယ်လိုလုပ်ကိုင်စားသောက်နေသည်၊ ဘယ်လိုပြုမူနေထိုင်နေသည်ဆိုတာကို မောင်နည်းနည်းကလေးတောင် စိတ်ဝင်စားပုံမရချေ။

မောင်စိတ်ဝင်စားတာသည် ဖဲရိုက်တာနဲ့အရက်သောက်တာပဲဖြစ်သည်။ ဖဲဝိုင်းဘယ်နေရာမှာပဲရှိရှိ မောင့်လိုလူကရောက်အောင်သွားသည်။ ဖဲဝိုင်းကပြန်လာရင် အရက်ဆိုင်ကိုဝင်သည်။





တစ်ခုပဲ 'ညိုပြာ' ကံကောင်းသည်။ မောင်ဟာအရက်သောက်ပြီးရင် မူးရူးပြီးမရမ်းကားတတ်ခြင်းပါပဲ။ သွေးမဆိုးတာတစ်ခုကိုပဲ 'ညိုပြာ' ဘက်က ပြန်ပြီးကျေးဇူးတင်နေရတဲ့အဖြစ်ပါ။

ကိုယ့်အကြောင်းကိုယ်ပြန်စဉ်းစားပြီး ငိုင်နေတဲ့ 'ညိုပြာ' ကို 'ဒေါ်တင့်' က စကားစလာသည်။

"ညညီးပုံစံကလည်း ဘယ်လိုဖြစ်တာလဲအေ... မည်းပြီး ပိန်သွားလိုက်တာ... ရုပ်တောင်မမှတ်မိတော့ဘူး... အဆင်မပြေဘူးလား"

"ပြေပါတယ်... ဆိုင်ထွက်ရတော့နေဒဏ်လေဒဏ်နဲ့ဖြစ်သွားရတာ... 'ညိုပြာ' မေးပါဦးမယ်... အဖေတို့နေကောင်းရဲ့လား အိမ်ရဲ့စီးပွားရေးကိုအဆင်ပြေရဲ့လား"

"ညည်းဘာမှမသိဘူးလား"

"ဟင့်အင်း... 'ညိုပြာ' မသွားရဲလို့မသွားဘဲနေနေတာ... မသိလို့ 'ဒေါ်တင့်' ကိုတွေ့တုန်းမေးနေတာလေ... 'ညိုပြာ' နဲ့ တွေ့တယ်လို့လည်းပြန်မပြောနဲ့နော်"

"ခက်တော့တာပဲ... ညည်းအဖေဆုံးတာပဲဘယ်လောက်ကြာနေပြီလဲ... လေးငါးလလောက်တောင်ရှိနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ အဖေဆုံးသွားပြီ"

"ဟုတ်တယ်လေ… ညည်းတကယ်မသိတာလား မသိ ချင်ဟန်ဆောင်နေတာလား… သတင်းစာအစောင်စောင်မှာညည်း ကိုပြန်လာခဲ့ဖို့အကြောင်းကြားခဲ့တာပဲ… ညည်းအဖေဆုံးတော့ လည်း နာရေးထည့်သေးတယ်လေ… ညည်းမတွေ့ဘူးလား"

"ဟင့်အင်း မတွေ့ဘူး… တကယ်မသိပါဘူး 'ဒေါ်တင့်' ရယ်… 'ညိုပြာ' မယုံနိုင်ဘူး… အဖေဘာလို့ဒီလောက်မြန်မြန်ကြီး ဆုံးသွားရတာလဲ… မဖြစ်နိုင်ပါဘူး"

"ငါက လိမ်ပြောပါ့မလားအေ"

'ညိုပြာ' ခေါင်းခါကာ ပါးစပ်ကလျှောက်ပြောနေမိ သည်။

"မဖြစ်နိုင်ဘူး… ဘယ်လိုလုပ်ပြီးဖြစ်နိုင်မှာလဲ… 'ညိုပြာ' အဖေ့ကိုတွေ့ချင်သေးတယ်… 'ညိုပြာ' နဲ့မတွေ့ရဘဲအဖေသေ သွားတယ်ဆိုတာ လုံးဝမဖြစ်နိုင်ပါဘူး… မသေရဘူး အဖေမသေ ရဘူး အဟင့် ဟင့် ဟင့်"

'ညိုပြာ' သည်ရုတ်တရက် ရင်ထဲစို့တက်လာကာ ပတ် ဝန်းကျင်ကိုတောင် ဂရုမစိုက်နိုင်တော့ဘဲ ငိုချပစ်လိုက်မိသည်။ 'ဖြူပြာ' နဲ့မြို့ထဲမှာတွေ့လိုက်တုန်းက အဖေ့ကိုဝင်တွေ့လိုက်ရင်





'ညိုပြာ' ခုလောက်နောင်တရရမယ်မထင်။ အခုတော့ အဖေဆုံး သွားတာတောင် မသိလိုက်ရတဲ့ဘဝ။

'ညိုပြာ' လောက်မိုက်မဲတဲ့ သမီးမျိုးဒီလောကမှာရှိကော ရှိသေးရဲ့လားမသိပါ။ 'ညိုပြာ' အဖေ့အတွက်ဘာမှတောင်လုပ် မပေးလိုက်ရပါဘူး။

သမီးတစ်ယောက်အနေနဲ့ အဖေ့ကိုမပြုစုရ၊ ကျေးဇူးမ ဆပ်လိုက်ရဘဲ ဒုက္ခနဲ့သောကတွေပဲ ပေးခဲ့ဖူးသည်။ အဖေ 'ညို ပြာ' ကိုခွင့်လွှတ်နိုင်ပါ့မလားမသိ။

"'ညိုပြာ' တကယ်မသိလို့ပါ… သိရင် 'ညိုပြာ' အဖေ့ ဆီကိုအပြေးလာခဲ့မှာပေါ့… 'ညိုပြာ' အဲ့ဒီလောက်အထိမမိုက်မဲ ပါဘူး 'ဒေါ်တင့်' ရယ်… အမေတော့ 'ညိုပြာ' ကိုပိုပြီးမုန်းတီးနာ ကြည်းနေပြီနဲ့တူပါတယ်"

"ဖြစ်ပြီးသွားမှတော့ ညည်းနောင်တရမနေနဲ့တော့ပေါ့ အဖေဆုံးသွားပေမယ့် အမေတစ်ယောက်လုံးကျန်နေသေးတယ် လေ… ကျန်နေခဲ့တဲ့အမေကို ညည်းပြုစု…သူတို့တွေဘယ်လောက် ပဲစိတ်နာစိတ်နာ ညည်းကိုအမြဲသတိရနေသေးတယ်ဆိုတာတော့ ငါတို့တွေလည်းသိပါတယ်… 'ဇာနည်' လည်းဆေးတက္ကသိုလ် တက်ရတော့မယ်လို့ကြားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား... ဝမ်းသာလိုက်တာ"

'ညိုပြာ' တကယ်ပဲဝမ်းသာပါသည်။ ကိုယ့်အတွက်နဲ့ကိုယ် အဆင်မပြေပေမယ့်လည်း ကျန်နေခဲ့တဲ့မိသားစုအဆင်ပြေပြေ ဖြစ်နေတယ်ဆိုရင် 'ညိုပြာ' ဝမ်းသာပါသည်။

"အခုဘာစီးပွားရေးလုပ်နေသလဲ... ညည်းယောကျ်ား ကော"

"'ညိုပြာ' အထည်ရောင်းနေတယ်... မင်္ဂလာဈေးနဲ့ယုဇ နပလာဇာကြားကလမ်းဘေးမှာ... လမ်းဘေးမှာပေမယ့်ရောင်းရ ပါတယ်... ယောကျ်ားကတော့ ပွဲစားလုပ်တယ်... သူ့ဝင်ငွေနဲ့ လည်းစားလို့တော့လောက်ပါတယ်... ဒါပေမဲ့ 'ညိုပြာ' ကိုယ်တိုင် အိမ်ထဲမှာအောင်းမနေချင်တာနဲ့ ဈေးထွက်ရောင်းရတာ... စိန် မိုက်ကယ်တွေရောင်းတယ်... 'ဒေါ်တင့်' လမ်းကြုံရင်ဝင်ခဲ့လေ... လက်ဆောင်လည်းပေးချင်လို့"

"အေးပါ အေးပါ"

အိမ်အပြန်ခရီးမှာတော့ 'ညိုပြာ' ရဲ့မျက်နှာက ရွှင်လန်း မှုမရှိနိုင်တော့ပါ။ အဖေဆုံးသွားတယ်ဆိုတာကို ဘယ်လိုယုံရမှန်း မသိအောင်ဖြစ်နေမိသည်။

လက်တွေ့ဆိုတာလည်းသိနေတဲ့အတွက် 'ညိုပြာ' ရင်ထဲ





တင်းကြပ်နေအောင် ခံစားနေရသည်။ တာဝန်မကျေခဲ့တဲ့သမီး တစ်ယောက်ကို သေသည့်တိုင်အောင် ခွင့်လွှတ်နိုင်ရဲ့လားမသိ။

'ညိုပြာ' သည် စိတ်ထဲထိခိုက်လွန်းရတာကြောင့် အိပ် ယာထက်မှာပဲခွေနေမိသည်။ မောင်ပြန်ရောက်လာတာကိုတောင် ထွက်မကြိုဖြစ်ပါ။

ကြိုချင်စိတ်လည်းမရှိ၊ ရှင်းရှင်းပြောရလျှင် မောင်ဟာ နေစရာမရှိလို့၊ သူ့ကိုအိပ်စရာနေရာပေးမယ့်သူမရှိလို့ အိမ်ကို ပြန်လာတာသာဖြစ်ပြီး နေစရာအိပ်စရာများရှိရင် အိမ်ကိုတောင် ပြန်ရောက်လာမယ်မထင်ပါ။

ကျောခိုင်းကာအိပ်နေတဲ့ 'ညိုပြာ' အနားသို့မောင်ရောက် လာတယ်ဆိုတာကို သိလို့နေရသည်။

"မိန်းမ ဘာဖြစ်နေတာလဲ... မောင့်ကိုတောင်မကြိုတော့ ပါလား... နေမကောင်းဘူးလား"

"ကောင်းတယ်"

"ကောင်းရင်ဘာဖြစ်လို့ ခွေနေသလဲ... ဘာချက်ထား သလဲ... မောင်ဗိုက်ဆာလာတယ်"

"မချက်ထားဘူး... "

"မချက်ထားရင် ဘာစားရမှာလဲ..."



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူးရှင်... တွေ့တာသာကောက်စားပေတော့ ချက်ဖို့လည်းစိတ်မပါဘူး... စားချင်စိတ်လည်းမရှိဘူး... စိတ်ထဲမှာမွန်းကြပ်နေလွန်းလို့ လူကလှုပ်တောင်မလှုပ်ချင်တော့ဘူး"

"ဘာဖြစ်လာတာလဲ... ဈေးဗန်းရဲဖမ်းခံထိလို့လား"

"မဟုတ်ဘူး"

'ညိုပြာ' ဖွင့်တာကလမ်းဘေးမှာဆိုတော့ တစ်ခါကစ်ခါ စည်ပင်ကလာဖမ်းတာမျိုးလည်း ကြုံရပါသည်။ စိမ်ချက်ရှိတဲ့အချိန်မျိုးလောက်မှာပဲ လာဖမ်းတတ်တာမို့ ဈေးသည်အချင်းချင်းနားတော့စွင့်ထားရတတ်သည်။

"ဒါဖြင့် ဘာလဲ"

"အဖေ အဖေဆုံးသွားပြီ... ဆုံးတာလေးငါးလလောက်တောင်ရှိသွားပြီတဲ့... သူများပြောမှသိရတာ... မဆုံးခင် 'ညိုပြာ' နဲ့တွေ့ချင်လို့ သတင်းစာထဲမှာတောင်ထည့်သေးတယ်တဲ့... ဘာဖြစ်လို့များမသိလိုက်ရတာလဲ... အဟင်း"

'ညိုပြာ' အသံကမကျေနပ်စိတ်နဲ့ ငိုသံစွက်သွားခဲ့ရ၏။ မောင်များအံ့ဩမလားဆိုပြီး 'ညိုပြာ' ကပြောလိုက်တာဖြစ်ပေမယ့် မောင့်ဆီကဘာစကားသံမှ ထွက်မလာတာကြောင့် အိပ်နေရာကနေလှည့်ကြည့်ဖြစ်သွားရသည်။





"မောင်လည်းမသိဘူးမဟုတ်လား"

မသိဘူးဆိုတဲ့အဖြေစကားကြားရလိမ့်မယ်လို့ ထင်ထားပေမယ့် ထကယ်တမ်းတော့...

"သိသားပဲ... သတင်းစာထဲမှာ ကြေငြာတာကိုလည်း တွေ့သားပဲ"

"ဘာပြောတယ်... မောင်ဘာပြောလိုက်တယ်"

"ဟုတ်တယ်... တွေ့တယ်... 'ညိုပြာ' စိတ်ထိခိုက်မှာစိုးလို့အသိမပေးဘဲနေလိုက်တာ... လူလည်းစိတ်ပင်ပန်းငွေလည်းကုန်မယ့်ကိစ္စမို့လို့ တမင် မောင်မပြောဘဲနေတာ"

'ညိုပြာ' သည် အိပ်နေရာကနေ ဝုန်းကနဲထလိုက်ကာ မောင့်အား နာနာကြည်းကြည်းပြောလိုက်သည်။

"အဖေတစ်ယောက်လုံး သေတော့မယ့်အဖြစ်ကို ဘယ်လိုစိတ်မျိုးနဲ့မြိုသိပ်ထားနိုင်တာလဲ... ရက်စက်လှချည်လား နင့်မှာမိဘမရှိလို့ ဒီလိုမျိုးလုပ်တာလား ဟင်"

"စကားတွေက ရိုင်းလှချည်လား"

"ရိုင်းရမယ်... ငါ့အဖေတစ်ယောက်လုံး သေသွားတာကို မသိလိုက်ရတဲ့အဖြစ် ဘယ်လောက်နာကြည်းဖို့ကောင်းသလဲ နင်သိရဲ့သားနဲ့ မြိုသိပ်နေတာသိပ်အံ့ဩတယ်... လူယုတ်မာ



www.burmeseclassic.com

www.burmeseclassic.com



မကလို့ဘာပဲဖြစ်ဖြစ် ငြီးတော့ငွေကုန်တော့လည်းဘာဖြစ်လဲ— နင့်ငွေကုန်တာမှ လို့လား... ငါ့ငွေငါကုန်တာလေ...အိမ်ကစထွက်လာတည်းက ငါ့မိဘဆီမှာရှိသမျှစည်းစိမ်တွေကို မိုက်ရိုင်းပြီးငါအကုန်မ,ခဲ့တာလေ... သူတို့ကိုပြန်ပေးတော့ဘာဖြစ်သလဲ"

'ညိုပြာ' သည်ခံစားရတာတွေများလွန်းသဖြင့် အခုမှစပြုံပြီးအံ့ကြွပေါက်ကွဲနေမိသည်။ ခုချိန်မှာချစ်တာလည်းမသိ၊ ခံစားနာကျင်နေတာပဲသိသည်။

"မင်းစကားပြောတာ မမိုက်ရိုင်းနဲ့နော်... မင်းအိမ်က မ,ခဲ့ရမှာပေါ့... မင်းကိုယ်တိုင်ငါ့ကို စပြီးမြူဆွယ်ခဲ့တာပဲလေ မင်းနိုးပြေးခိုင်းလို့ငါပြေးခဲ့တာပဲ... ဒီတော့ငွေဆိုတာကို မင်းဖန်တီးရမှာပဲ... မကျေနပ်ရင် အခုချက်ချင်းငါနဲ့ကွာရှင်းလိုက်လို့ရတယ် မင်းကိုလည်း သိပ်ပြီးမက်မောနေတယ်မထင်နဲ့"

"ဪ ခုတော့လည်းပြောပြီပေါ့... ငါ့စည်းစိမ်တွေကို နင်ကဖျက်ဆီးလို့ဝသွားပြီကို... စည်းစိမ်တွေရှိတုန်းကတော့ နင့်လောက်တောက်တဲ့လိုတွယ်ကပ်တဲ့ကောင်မျိုး မတွေ့ဖူးဘူး...အခုစည်းစိမ်မရှိတော့ နင့်ပါးစပ်ကချွေးစကားမျိုးပြောတာဆန်းသလား"

"တောက်... ကောင်မ သေစမ်း"





'ညိုပြာ' ရဲ့မျက်နှာတစ်ခုလုံး ပြတ်ထွက်သွားပြီလားထင်ရအောင် မောင့်ရဲ့ရိုက်ချက်က ပြင်းထန်လှသည်။ ပါးစပ်ထဲကလည်းသွေးတွေထွက်ကျလာသည်။

'ညိုပြာ' သည်နာကျင်လွန်းတာကြောင့် ကျားသစ်မတစ်ကောင်လို မောင့်ဆီခုန်အုပ်ပစ်လိုက်သည်။ သူ့တောင်မှရက်ရက်စက်စက် ရိုက်ရက်သေးတာ၊ ကိုယ်ကဘာလို့ သည်းခံပြီးငြိမ်သက်နေမလဲ။

မောင့်ရဲ့ပါး၊ မောင့်ရဲ့ဆံပင်၊ ရင်ပတ်တွေ၊ လက်မောင်းတွေစသော နေရာအနှံ့ကို ကုတ်ခြစ်ထုရိုက်ပစ်လိုက်သည်။ ဘယ်လိုပဲဖြစ်ဖြစ် ယောကျ်ားတစ်ယောက်ရဲ့အားကို 'ညိုပြာ' ယှဉ်ပြိုင်ပြီးမတိုက်နိုင်ပါ။

မောင်ကကိုယ်ထိလက်ရောက်စော်ကားယုံတင်မဟုတ် စကားတွေနဲ့လည်း နှိပ်စက်နေပါသေးသည်။

"မင်းလိုကောင်မကို ပေါင်းချင်လို့ပေါင်းနေတယ်မထင်နဲ့... နောက်တစ်ယောက်ကိုယူဖို့ အဆင်သင့်မဖြစ်သေးလို့မှတ်ထား... ငါ့ဘဝအတွက် မိန်းမမလိုဘူး... ငွေပဲလိုတယ်— ငွေရှာပေးနိုင်တဲ့မိန်းမတိုင်းကို ငါယူဖို့ဝန်မလေးဘူးမှတ်ထား"

"သွား သွား အခုသွားယူ"



www.burmeseclassic.com

www.burmeseclassic.com



"ယူမှာပါ... မင်းဆီကယူစရာလေးကျန်သေးလို့... ချွတ်ပိုက်စမ်း... နောက်ဆုံးကျန်သေးတဲ့ လက်ကောက်နဲ့ဆွဲကြိုး"

'ညိုပြာ' လည်ပင်းကိုညှစ်ကာ ဆွဲကြိုးကိုဆောင့်ဆွဲယူ ်စ်လိုက်သည်။ လက်ကောက်ကိုကျတော့ ချွတ်ရတာမလွယ်သ ခွင့် လက်ကိုကျိုးမတတ် လိမ်ပစ်ပြီး ဖြုတ်ပစ်နေသည်။

"လွှတ် လွှတ် သေချင်းဆိုး လူယုတ်မာ... နင်နဲ့မပေါင်း ိုင်တော့ဘူး နင့်ကိုငါသတ်မယ်... နင့်ကြောင့်ငါ့စည်းစိမ်တွေ ည်းကုန်ပြီ... အဖေလည်းသေရပြီ... ကျန်တဲ့မိသားစုအတွက် ါပြန်ပေးဆပ်ရမယ်"

'ညိုပြာ' သည် ရှိသမျှအားကိုစုစည်းကာ သူ့ကိုဆောင့် ွန်းထုတ်လိုက်ပြီး မီးဖိုချောင်ဆီအပြေးဝင်လာခဲ့လိုက်သည်။

ကြောင်အိမ်ပေါ်မှဓါးကိုယူကာ သူရှိရာဆီပြန်ပြေးထွက် ခဲ့လိုက်သည်။'ညိုပြာ' စိတ်ကူးထားတာကသူ့ကိုဓါးနဲ့ခြိမ်းခြောက် ပြီး အိမ်ကနေထွက်ပြေးဖို့ကိုပါ။

အမေတို့ဆီကိုရောက်ရင် ဘယ်လိုနည်းနဲ့ပဲအောက်ကျို့ ကာတောင်းပန်ရတောင်းပန် တောင်းပန်ပြီးနေလိုက်မည်။ တစ် သက်လုံးလည်း အမေစိတ်ချမ်းသာအောင် နေထိုင်သွားမည်၊ မ ိုက်တော့ဘူးလို့ ဆုံးဖြတ်ထားလိုက်ပါသည်။



BURMESE CLASSIC



သူက 'ညိုပြာ' ပုံစံကိုကြည့်ပြီး ရယ်နေသည်။

"မင်းလုပ်ရဲလို့လား... မင်းငါ့ကိုတကယ်ကော ဓါးနဲ့ထိုးရဲလို့လား 'ညိုပြာ' ရဲ့... မင်းထိုးရဲတယ်ဆိုရင် ထိုးလိုက်စမ်း... ငါ့ရင်ပတ်ကိုဖွင့်ပေးထားလိုက်မယ်"

မောင်က 'ညိုပြာ' နားကိုခပ်ရဲရဲပဲလျှောက်လာသည်။

မောင်အနားရောက်လာလေ 'ညိုပြာ' ပိုကြောက်ရလေပါပဲ။ ဓါးကိုကိုင်တဲ့လက်တွေက တုန်ရီလို့နေရသည်။

"နင် ရှေ့မတိုးနဲ့နော်... ငါတကယ်ထိုးမှာ... ငါ့ဘဝမှာ မိုက်မဲပြီးမှတော့ ဆက်မိုက်ဖို့ဝန်မလေးတော့ဘူးမှတ်ထား... လူသတ်လို့ထောင်ကျလည်း ငါထောင်ထဲဝင်လိုက်မယ်... အဓိကက နင့်လိုလူလောကမှာမရှိဖို့ပဲ... နင့်လိုလူယုတ်မာ သေမှကောင်းတယ်"

"လေပြောတွေ မကြီးနဲ့... နင်ငါ့ကိုသတ်ကောသတ်နိုင်လို့လား"

"နင် ရှေ့မတိုးနဲ့နော်"

'ညိုပြာ' သည် မျက်စိကိုမှိတ်ကာ ဓါးကိုရှေ့သို့ဆော့ယမ်းပစ်လိုက်သည်။ တကယ်ပဲထိုးမိချင်လည်း ထိုးမိပါစေတော့ ဒါပေမဲ့ 'ညိုပြာ' ထင်သလိုဖြစ်မလာခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



လူကအရာတစ်ခုကို ခလုတ်တိုက်မိသွားရကာ ကိုယ်ခန္ဓာကမြောက်တက်သွားရင်း မောင်နဲ့လုံးထွေးသွားရလေသည်။ အသည်းထဲအေးသွားရတဲ့အဆုံး ရင်ပတ်တစ်ခုလုံးပူထူအောင့်မျက်သွားရတော့သည်။

ဒီလိုမျိုးနာကျင်ရတဲ့ ဝေဒနာမျိုးတစ်သက်နဲ့တစ်ကိုယ်မခံစားခဲ့ရဖူးပါ။ 'ညိုပြာ' ရင်ဝမှာ ဓါးကတန်းလန်းဖြစ်လို့နေသည်။

သွေးတွေလည်းထွက်နေတာ မြင်လို့မကောင်း။

အား...။ နာလိုက်တာ အဖေရေ။ အမေရေ...၊ သမီးကိုကယ်ပါဦး။ လောကကြီးထဲကနေ သမီးထွက်မသွားပါရစေနဲ့။

အဖေ့ကိုကျေးဇူးမဆပ်လိုက်ရင်တောင်မှ ကျန်နေခဲ့တဲ့အမေ့ကို ကျေးဇူးပြန်ဆပ်ပါရစေ။ အမေနဲ့ ညီမလေးနဲ့မောင်လေးနဲ့ကိုတွေ့ပါရစေ။

နောက်ဆုံးအကြိမ်နဲ့ပဲဖြစ်ဖြစ် ကိုယ့်ရဲ့မိသားစုနဲ့တွေ့လိုက်ချင်သေးသည်။

"မောင်... 'ညိုပြာ' ကိုပွေ့ပြီး အိမ်ကိုပို့ပေးပါလား..."

မောင်ကကြောက်လန့်တကြား 'ညိုပြာ' အားကြည့်နေလေသည်။ သူ့ကြောင့်ဖြစ်သွားရတဲ့အခြေအနေကို ယုံကြည်နိုင်





ပုံမရ။

"မောင်..."

ခေါ်ရတာမောဟိုက်ပင်ပန်းလို့လာခဲ့ရသည်။ လေသံကလေး သဲ့သဲ့မျှပင်မထွက်နိုင်တော့လောက်အောင် နာကျင်ခံစားရလေသည်။

အို...။

မောင် ဘာလို့များထွက်ပြေးသွားရတာလဲ။ 'ညိုပြာ' ကိုတစ်ယောက်တည်း ဘာလို့များထားခဲ့ရတာလဲ။ 'ညိုပြာ' တောင်းဆိုထားတဲ့အရာတစ်ခုကိုတော့ မောင်ဖြည့်ဆည်းပေးဖို့ကောင်းပါသည်။

မရက်စက်ပါနဲ့။ 'ညိုပြာ' အမေတို့နဲ့တွေ့ပါရစေ။

'ညိုပြာ' မျက်လုံးတွေလေးလံလာကာ ပတ်ဝန်းကျင်တစ်ခုလုံး အရိပ်မည်းကြီးတွေကသာ လှုပ်ရှားနေသလိုဖြစ်နေသည်။ ပြီးတော့ အဖေ့ရဲ့အသံ အမေ့ရဲ့အသံ။

မရက်စက်ပါနဲ့ သမီးရယ်တဲ့။

'ညိုပြာ' တကယ်ပဲ မိဘတွေအပေါ်မှာ ရက်စက်ခဲ့လေသလား။ ခွင့်လွှတ်ပါအဖေရယ်။ အမေ့ကိုလည်းတောင်းပန်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

အခုလောလောဆယ် 'ညိုပြာ' ရင်ထဲမှာဖြစ်ချင်နေတဲ့ ဆန္ဒတစ်ခုပဲရှိသည်။ အမေနဲ့တွေ့ချင်တာပါ။ နွေးထွေးလုံခြုံမှုရှိတဲ့ အမေ့အိမ်ကလေးမှာ ပြန်နားခိုချင်တာပါ။

'ညိုပြာ' အားကိုတင်းပြီး ဘုရားကိုရည်မှန်းကာလက်အုပ်ကလေးချီလိုက်မိပါသည်။ ဆုလည်းတောင်းလိုက်မိသည်။

အရှင်ဘုရား၊ တပည့်တော်မကို မိသားစုနဲ့ပြန်တွေ့ခွင့်ပေးပါ။ မိသားစုနဲ့တွေ့ခွင့်မရဘဲ လူ့လောကကနေတိတ်တဆိတ်ထွက်ခွာသွားရအောင် မရက်စက်လိုက်ပါနဲ့နော်...။

ရွှင်လန်းချမ်းမြေ့ပါစေ
အားလက်ကြိုးစားနေဦးမည်
ဝေဝေအောင်


www.burmeseclassic.com